အဆုံးမဲ့ဓားကမ္ဘာ ၃၄၁ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၄၁)] –
လက်တစ်ဖက်ကိုသာဖြတ်တောက်နိုင်လိုက်ခြင်း

ယန်ယဲ့က
သူ၏သတ်ဖြတ်ချင်စိတ်ကိုလုံးဝထိန်းချုပ်မထားတော့
ပေ။ သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒက
အကန့်အသတ်ထိမြင့်တက်လာခဲ့လေသည်။

သို့ရာတွင် ၎င်းသည်
မိုချင်းယုကိုသတ်ဖြတ်ရန်မလုံလောက်သေးဟု
သူခံစားနေရဆဲပင်။

မိုချင်းယုက သူနှင့် ၁၀
မီတာနီးပါးအကွာသို့ရောက်ရှိလာချိန်တွင်
မမြင်နိုင်သောဓားက
 မီးတောက်ကြိုးမျှင်များကို ချက်ချင်း
စုပ်ယူသွားခဲ့သည်။

မီးတောက်ကြိုးမျှင်များထွက်ပေါ်လာပြီးနောက်
ပတ်ဝန်းကျင် လေထုအပူချိန်က ရုတ်ချည်းပင်
မြင့်တက်လာ၏။

ထို့အပြင် မမြင်နိုင်သောအား
ပိုင်းဖြတ်သွားသောနေရာအနှံ့လေထုက
မီးတောက်များလောင်ကျွမ်းခံရပြီး
မြူခိုး၊မြူမှုန်များဖြစ်ပေါ်လာခဲ့ပေသည်။

အစောပိုင်းက ရှောင်ယုရှီကို ကယ်တင်လိုသောကြောင့်
သူ၏စွမ်းအားကို ထိန်ချန်ထားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဆန်းကြယ်ရွှေချီကန်က ရှောင်ယုရှီကို
ကယ်တင်ထားသောကြောင့် သူမ၏
အသက်အန္တရာယ်က စိုးရိမ်စရာမလိုတော့ပေ။
ရှောင်ယုရှီက ဘေးကင်းနေသောကြောင့်အခုအချိန်ဟာ
သူမကိုယ်စားလက်တုံ့ပြန်ရမည်ဖြစ်သည်။

နဝမငရဲအေးမီးတောက်က

ဘာအကြောင်းကြောင့်ပြန်ရောက်လာသည်ကိုသူမသိ

ပေ။ငင်းသည် သူ့အတွက် အရေးမကြီးတော့ပါ။လက်ရှိ

သူ့အတွက် အရေးကြီးသည်မှာ မိုချင်းယုကို

သတ်ဖြတ်ရန်ပင်။

ယန်ယဲ့က သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ၊

ငရဲတစ္ဆေမီးတောက် နှင့်

ခရမ်းရောင်စုံချီစွမ်းအင်ကိုပါအသုံးပြုလိုက်သောကြော

င့် သူ၏ အပြင်းထန်ဆုံးတိုက်ခိုက်မှုဟု ဆိုနိုင်သည်။

သူ၏ ဝိုက်ဖဲများကို ဖုံးကွယ်ထားရန်မဖြစ်နိုင်တော့ပေ။

သူသည် ရှောင်ယုရှီအတွက် မိုချင်းယုကို သတ်ပြီး

လက်စားချေလိုသောကြောင့်ပင်။

သို့သော် မိုချင်းယု၏နောက်ခံအင်အားနှင့်ပတ်သက်၍
တိမ်မြုပ်နေသောကလန်ကိုအသာထား၊
ဆေဘာစားဂိုဏ်းတည်ထောင်သူဘိုးဘေး၏
သမီးဖြစ်နေလျှင်ပင်သတ်ပစ်ရန်
တွန့်ဆုတ်နေမည်မဟုတ်ပေ။

မိုချင်းယု၏အမူအရာက နဝမငရဲအေးမီးတောက်ကို
လိုက်လံဖမ်းဆီးနေရင်းဖြင့်သိသိသာပြောင်းလဲသွားပါ
သည်။

အဘယ်ကြောင့်ဆိုသော် အလွန်ကြောက်မက်ရာ
အငွေ့အသက်များက သူမဆီသို့ တိုက်ရိုက်
တိုးဝင်လာနေသည်ကိုခံစားမိလိုက်ခြင်းကြောင့်ပင်။

တစ်ချိန်တည်း သူမရှေ့၌ ရပ်နေသောယန်ယွဲ့ကို မြင်တွေ့လိုက်ရာ မိုချင်းယု၏နှလုံးသားကပြင်းထန်စွာတုန်လှုပ်သွားလေတော့သည်။

လက်ရှိတွင် ယန်ယွဲ့၏တည်ရှိမှုက သူမကိုအလွန်ကြောက်ရွံ့စိတ်များပေးစွမ်းနေခြင်းကြောင့်ဖြစ်သည်။

"သူက တကယ်ပဲ သူ့ရဲ့ခွန်အားကိုဖုံးကွယ်ထားတာလား?"

သို့သော် ယန်ယွဲ့က သူမဆီသို့လျှပ်တစ်ပြက်ခုန်ဝင်လာသောကြောင့်ဆက်၍တွေးနေရန်အချိန်မရှိတော့ပေ။

မိုချင်းယုက အေးစက်စက်အော်ဟစ်လိုက်ရင်း
လက်ထဲ၌ အစိမ်းရောင်ဓားတစ်ချောင်းပေါ်လာပြီး
လက်ကိုအနည်းငယ်လှုပ်လိုက်ပါသည်။

အစိမ်းရောင်ဓားက ယန်ယွဲ့ထံသို့တိုးဝင်လာပြီးနောက်
အစိမ်းရောင်ပုံရိပ်များစွာကျန်နေခဲ့၏။

မိုချင်းယုက
ဤတစ်ကြိမ်တိုက်ခိုက်မှုကိုလုံးဝထိန်းချုပ်ထားပုံမရပေ။
သူမ၏ဓားချက်တွင် အဆင့် ၇ အထွတ်အထိပ်အဆင့်
ဓားစိတ်ဆန္ဒများပါဝင်နေပေသည်။

အကြောင်းအရင်းမှာ သူမက ယန်ယွဲ့၏ဓားမှ
ကြောက်မက်ဖွယ်ရာအငွေ့အသက်ကို
ခံစားမိလိုက်ခြင်းကြောင့်ပင်။

ထိုအချိန်တွင် မော့ဂျန်က ယန်ယဲ့ နှင့် မိုချင်းယုတို့အကြားတိုက်ပွဲကို တစ်ချက်ကြည့်လိုက်ကာ နောက်ပြန်ဆုတ်သွားလေသည်။

သူ့စိတ်ထဲ၌ ယန်ယဲ့ နှင့် မိုချင်းယုတို့နှစ်ဦးလုံးသေသွားလျှင်ပင် နဝမငရဲအေးမီးတောက်ကဲ့သို့အရေးမကြီးပေ။

အခုအချိန်တွင် ထိုဓားပညာရှင်နှစ်ဦးတိုက်ခိုက်နေသောကြောင့် နဝမငရဲအေးမီးတောက်ကို သိမ်းယူရန်အကောင်းဆုံးအခွင့်အရေးပင်မဟုတ်ပါလား ။

ထို့နောက် မော့ဂျွန်က ရှေ့သို့ တဟုန်ထိုးခုန်ထွက်လာပြီး နဝမငရဲအေးမီးတောက်ထံသို့ချဉ်းကပ်လိုက်သည်။

သို့သော်လည်း ရုတ်တရက် ယန်ယွဲ့နှင့်မိုချင်းယုတို့၏တိုက်ပွဲကိုလှည့်ကြည့်လိုက်မိတဲ့အခါသူ့မျက်လုံးများက ချက်ချင်းပင် ကျဉ်းမြောင်းသွားလေတော့သည်။

ဘန်း!

ယန်ယွဲ့၏ဓားက အစိမ်းရောင်ဓားနှင့်ပိုင်းချသွားပြီးနောက် မိုချင်းယု၏မျက်လုံးများကအံ့အားသင့်မှုကြောင့် ပြူးကျသွားခဲ့သည်။

တစ်ချိန်တည်းမှာပင် သူမ၏ ကောင်းကင်အဆင့်ဓားက ပြာအဖြစ်ပြောင်းလဲသွားကာ ယန်ယဲ့၏မမြင်နိုင်သောဓားက မိုချင်းယု၏ ခေါင်းတည့်တည့်သို့ လျင်မြန်စွာ ပိုင်းချလိုက်ပါသည်။

မမြင်နိုင်သောဓားက မိုချင်းယုနှင့် လက်မအနည်းငယ်သာအကွာတွင် အစိမ်းရောင်အလင်းတန်းတစ်ခုရုတ်တရက်ပေါ်လာပြီး ပိတ်ဆို့လိုက်လေသည်။

သို့သော်၊ ၎င်းသည် ခဏသာကြာမြင့်လိုက်ပြီးအစိမ်းရောင်အလင်းတန်းက အစောပိုင်းတုန်းကလိုပင် ပျောက်ကွယ်သွား၏။

ဤအခိုက်အတန့်တွင် မိုချင်းယု၏ မျက်လုံးထဲ၌ အံ့သြတုန်လှုပ်ခြင်းမျှသာမကဘဲ၊အလွန်အမင်းကြောက်လန့်မှုများပင်ရှိနေပေသည်။

သူမ၏ဓားသည်
ကောင်းကင်အဆင့်နိမ့်ရတနာလက်နက်တစ်ခုဖြစ်ပြီး
အစိမ်းရောင်အလင်းအတားအဆီးက
ကောင်းကင်အဆင့်နိမ့်သံမဏိချပ်ဝတ်၏အသိစိတ်ဝိညာဉ်ဖြစ်သည်။
သို့သော် ၎င်းတို့သည် ယန်ယဲ့၏
ဓားတစ်ချက်တည်းကိုပင် ခုခံနိုင်စွမ်းမရှိခဲ့ပေ။

သူမက သတိပေါ့လျော့ပြီး ယန်ယဲ့၏

တိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင်မိသော ကြောင့် မိုချင်းယု၏ နှလုံးသားထဲတွင် နောင်တတရားများ ရုတ်ချည်းထွက်ပေါ်လာခဲ့သည်။

သို့သော် ကောင်းကင်အဆင့်နိမ့်သံမဏိချပ်ဝတ် ပျက်စီးသွားခြင်းကြောင့် အံ့သြတုန်လှုပ်နေသည့်တိုင် မိုချင်းယု၏ တုံ့ပြန်မှုသည် နှေးကွေးခြင်းမရှိပေ။

မိုချင်းယုက လေစိတ်ဆန္ဒကို ချက်ချင်းထုတ်ဖော်လိုက်ကာ သူမ၏ခန္ဓာကိုယ်ကိုဘေးဖက်သို့ခုန်ထွက်သွားလေသည် ။

သို့သော်လည်း
အချိန်အနည်းငယ်နောက်ကျသွားသည့်အလား
မမြင်နိုင်သောဓားက
သူမ၏ညာလက်မောင်းကိုပိုင်းဖြတ်သွားခဲ့လေတော့သ
ည်။

ဝုစ်!

သွေးများပန်းထွက်လာပြီးနောက် မိုချင်းယု၏
ညာလက်မောင်းက လေထဲ၌ ချက်ချင်း
ပျံတက်သွားသည်။

"အား!!"

မိုချင်းယုထံမှ ဒေါသတကြီးအော်ဟစ်သံကရုတ်တရက်
ပဲ့တင်ထပ်လာခဲ့၏။

ထိုအချိန်၌ အလွန်ကြောက်စရာကောင်းသော
ဓားချိုကြိုးတစ်ချောင်းကသူမ၏ခေါင်းထက်သို့ကျဆင်း
လာသည်ကိုသတိပြုမိပြီး မိုချင်းယု၏ အမူအရာက
သိသိသာသာပျက်ယွင်းသွားလေတော့သည်။

မရေမတွက်နိုင်သော ဓားချိုကြိုးများကလေထုအလွှာကို
ထိုးဖောက်ကာထွက်ပေါ်လာခြင်းကြောင့် မိုချင်းယု၏
မျက်လုံးအစုံက အလွန်တရာပြူးကျယ်သွားလေသည်။

"ဟမ့်! မင်းက ဘာတွေ အရှူးထနေတာလဲ? " ယန်ယဲ့က ငရဲမှထွက်လာသောအသံဖြင့်အေးတိအေးစက်ပြောလိုက်ပါသည်။

"အခုတော့ သေလိုက်!"

သူ့စကားဆုံးတာနဲ့ ယန်ယဲ့က မမြင်နိုင်သောဓားကို ထိန်းချုပ်ကာ ရုတ်တရက် ခုတ်ပိုင်းချလိုက်၏။

အဆင့် ၆ ဓားစိတ်ဆန္ဒ၊ ခရမ်းရောင်စုံချီစွမ်းအင်နှင့် ငရဲတစ္ဆေမီးတောက်တို့ဖြင့်ပေါင်းစပ်ထားသော ခရမ်းရောင်ဓားချီကြိုးတစ်ချောင်း ပေါက်ကွဲထွက်လာသည်။

ဘန်း

ခရမ်းရောင်ဓားချီကြိုးက လျှပ်စီးတန်းတစ်ခုကဲ့သို့ အာကာသပြင်ကို ထိုးဖောက်သွားကာ မိုချင်းယုထံသို့ ချက်ချင်းရောက်ရှိသွား၏။

ဓားချီကြိုး ဖြတ်သန်းသွားသည့် နေရာတိုင်းအဖြူရောင်အက်ကြောင်းများထပ်ကာလေထုတစ်ခုလုံး ပြင်းထန်စွာလောင်ကျွမ်းသွားခဲ့ပါသည်။ ထို့အပြင် ပတ်ဝန်းကျင်နေရာသည် မီးပင်လယ်ကြီးအလား ကြောက်မက်ဖွယ်ရာအပူရှိဖြင့် အဆက်မပြတ်တုန်ခါလာတော့၏။

မိုချင်းယုက ဒေါသတကြီး အော်လိုက်သည်။

ရုတ်တရက် သူမ၏ပတ်ပတ်လည်၌ရှိ
မရေမတွက်နိုင်သော အစိမ်းရောင်ဓားချီကြိုးများပ
ချက်ချင်း ပေါင်းစပ်သွားသည်။

ထို့နောက် ကြီးမားသော
အစိမ်းရောင်ဓားချီကြိုးတစ်ချောင်းဖြစ်ပေါ်လာကာ
ယန်ယဲ့၏ ခရမ်းရောင်ဓားချီကြိုးကိုခုခံလိုက်ပါသည်။

ဘန်း!

ဓားချီကြိုးနှစ်ချောင်း တိုက်မိသည့်နေရာမှ
ရောမဓားချီစွမ်းအင်လှိုင်းလုံးများ ရုတ်တရက်
ထွက်ပေါ်လာပြီး မြေပြင်တစ်ခုလုံး
ချက်ချင်းကွဲအက်သွားခဲ့လေသည် ။

တစ်ချိန်တည်းမှာပဲ
ရောမထားချီစွမ်းအင်လှိုင်းများအလယ်ကနေ
အစိမ်းရောင်ထားချီ နှင့် ခရမ်းရောင်ထားချီများ
ကွဲထွက်သွား၏။

သို့သော် ထိုအချိန်၌ ပတ်ဝန်းကျင်အပူချိန်က
ရုတ်ချည်းမြင့်တက်သွားကာ
အဖြူရောင်မီးတောက်ကြိုးမျှင်များက မိုချင်းယု၏
ရှေ့တွင် ဖျတ်ခနဲ ပေါ်လာသည်။

အဖြူရောင်မီးတောက်များကို မြင်လိုက်ရသောအခါ
မိုချင်းယု၏ ဂုဏ်ယူဝင့်ကြွားနေသောအမူအရာက
ထိတ်လန့်သွားပြီး ချက်ချင်းပင် အော်ဟစ်လိုက်မိသည်။
"သဘာဝလွန်ရတနာတစ်ခု။

နင်….နင်ကသဘာဝလွန်ရတနာတစ်ခုကို တကယ် ပိုင်ဆိုင်ထားတာပဲ!” ဤအချိန်တွင် သူမအား အလွန်ကြောက်ရွံ့သွားစေခဲ့သောအရာကို နောက်ဆုံးမှ သတိထားမိလိုက်လေတော့သည်။

အဖြူရောင်မီးတောက်က သဘာဝလွန်ရတနာတစ်ခုမှန်းသိလိုက်သော်ငြား ၎င်း၏ သဘာဝလွန်စွမ်းအားကိုမသိခဲ့ပေ။

သို့သော် အခုအချိန်တွင် သူမက အဖြူရောင်မီးတောက်ကြိုးမျှင်များနှင့်ပတ်သက်၍စဉ်းစားဖို့ရာအချိန်မရှိချေ။

မိုချင်းယုက တုံ့ဆိုင်းမနေဝံ့ပေ၊ သူမ၏ လေစိတ်ဆန္ဒကိုအကန့်အသတ်ထိ အသုံးပြုကာချက်ချင်းဆိုသလိုပင် မီတာ ၁၀၀ ကျော်အကွာထိ ခုန်ဆုတ်သွားပါသည်။

သို့တိုင် အဖြူရောင်မီးတောက်ကြိုးမျှင်ကထပ်မံရောက်ရှိလာသောကြောင့် မိုချင်းယု၏ မျက်နှာက ဆိုးရွားစွာ ပျက်ယွင်းသွားလေသည်။

သူမက အရှိန်ကိုလျှော့ချရဲခြင်းမရှိဘဲ၊ နောက်ထပ် မီတာ ၃၀၀ ကျော်အကွာသို့ခုန်ထွက်လိုက်ကာ စကားအနည်းငယ်သာ အဝေးမှ ပျံ့လွင့်လာခဲ့လေသည်။ "ယန်ယဲ့! ငါ့ရဲ့လက်မောင်းတစ်ဖက်

ပြတ်သွားတဲ့အတွက် နင်ကို အဆတစ်ရာ
ပြန်ပြီးဆပ်မယ်။ နင်စောင့်နေလိုက်!"

မိုချင်းယု၏ပုံရိပ်က အဝေးတစ်နေရာတွင်
ပျောက်ကွယ်သွားသည်ကိုမြင်တွေ့ပြီးနောက်ယန်ယဲ့၏
မျက်လုံးများက အကူအညီမဲ့သော
အမူအရာတစ်ခုထွက်ပေါ်လာသည်။

မိုချင်းယု၏ အရှိန်က
အလွန်တရာမြန်ဆန်နေသောကြောင့် သူ့ဘေးနားတွင်
ခရမ်းရောင်မင့်ခ်ကလေးသာမရှိပါက
လုံးဝတားဆီးနိုင်မည်မဟုတ်ပေ။

သူက မိုချင်းယု၏ လက်မောင်းတစ်ဖက်ကို
ဖြတ်တောက်ပစ်လိုက်ခြင်းကြောင့် သူ့ထံသို့

နောက်တစ်ကြိမ်ပြန်လာမည်ဟုသဘောပေါက်ထားသ
ည်။

"ဘယ်လောက်တောင် အံ့သြစရာကောင်းလိုက်သလဲ?" ဤအချိန်တွင် ရုတ်တရက် မော့ဂျွန်၏ စကားသံ ထွက်ပေါ်လာခဲ့သည်။

"မင်းလို ကြီးကျယ်ခမ်းနားတဲ့ ပါရမီရှင်တစ်ဦးက တောင်ပိုင်းနယ်မြေလို အရေးမပါတဲ့ တစ်နေရာကနေ ပေါ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ဘူး။သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒကိုနားလည်ထားတဲ့အပြင်ကိုမှ သဘာဝလွှန်ရတနာတစ်ခုကိုတောင်ပိုင်ဆိုင်ထားသေးတယ်။

ဟူး.....! ငါ ဒါကို ဘယ်လိုမှ မမျှော်လင့်ထားဘူး!"

ယန်ယဲ့က အသက်ပင်မရှူဘဲ
မမြင်နိုင်သောဓားကိုကန့်လန့်ဖြတ်ပိုင်းချလိုက်၏။

ခရမ်းရောင်ဓားကြိုးတစ်ချောင်းက ရှေ့သို့
ပြင်းထန်စွာပေါက်ကွဲထွက်လာပြီး မော့ဂျွန်ဆီသို့
တိုးဝင်သွားလေသည်။

ခရမ်းရောင်မင့်ခ်ကလေးအား
အပြင်းအထန်ဒဏ်ရာရစေသော ဒီလူကို
သူကမေ့လျော့နေမည်မဟုတ်ပေ။

တစ်ဖန် သူတို့က ရန်သူများဖြစ်နေသောကြောင့်
စကားပြောဆိုနေခြင်းမှာ လုံးဝအဓိပ္ပါယ်မရှိချေ။

ယန်ယဲ့ တိုက်ခိုက်လိုက်သည်ကို မြင်လိုက်တဲ့အခါ မော့ဂျွန်၏မျက်လုံးတွေ အနည်းငယ် ကျဉ်းမြောင်းသွားသည်။ သူ့မျက်လုံးထဲမှပြင်းထန်သော သတ်ဖြတ်ခြင်းအငွေ့အသက်များ တဟုန်ထိုးထွက်ပေါ်လာ၏။

"ဓားပညာရှင်တစ်ဦးက မျှော်လင့်ထားသလိုပဲ။ မင်းတို့အားလုံးက တကယ့်ကို မာနကြီးတယ်!" သူပြောပြီးသည်နှင့် ဘယ်လက်ဝါးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားကာ လက်သီးဖြင့် ရှေ့ကို လှမ်းထိုးလိုက်သည်။

ဟောက်။

စွမ်းအင်ဖြင့်ဖန်တီးထားသော ရောမရွှေနဂါးကြီးက လေထုထဲတွင်ပျံသန်းလာကာ ခရမ်းရောင်ဓားချွိကြိုးကို ကုတ်ဆွဲချလိုက်၏။

အုန်း!

ခရမ်းရောင်နှင့် ရွှေရောင်စွမ်းအင်လှိုင်းလုံးများ တိုက်ရိုက် ပေါက်ကွဲထွက်လာခဲ့ပါသည်။

ဘုန်း

ယန်ယဲ့က
ခြေထောက်ကိုမြေပြင်နှင့်တစ်ချက်စောင့်နင်းလိုက်ကာ ရှေ့သို့လျှပ်တစ်ပြက်ခုန်ထွက်လိုက်သည်။

ထို့နောက် သူက မော့ဂ္လန်ဆီသို့မရောက်ခင်မှာပဲ
လက်ထဲက ဓားကိုအဆက်မပြတ်ဝှေ့ယမ်းကာ
မော့ဂ္လန်၏ခေါင်းတည့်တည့်ကိုဦးတည်ပိုင်းချခဲ့သည်။

ဝုန်း

ရုတ်တရက် မော့ဂ္လန်၏နောက်ကျောမှ
ရွှေရောင်အတောင်ပံများဖြန့်ထွက်လာကာ
မူလရပ်နေရာမှ ချက်ချင်းပင်  ပျောက်ကွယ်သွားခဲ့သည်။

သို့သော် သူက ထွက်မပြေးဘဲ ယန်ယွဲ့၏နောက်ကျော
၁၀ မီတာအကွာတွင် လျှပ်တစ်ပြက်ပေါ်လာခဲ့သည်။

ထို့နောက်
ရောမရွှေရောင်နဂါးကြီးကကျယ်လောင်စွာဟိန်းဟော
က်ရင်း ယန်ယဲ့ဆီသို့တဟုန်ထိုး ပျံသန်းလာခဲ့လေသည်။

ယန်ယဲ့သည် လှည့်ပင်မကြည့်ပေ။ ရုတ်တရက်
သူ့မျက်လုံးများကိုဖြည်းညှင်းစွာမှိတ်လိုက်ကာ
အာရုံပျံ့လွင့်နေသော အသိစိတ်အာရုံကို စုစည်းလိုက်၏။

တစ်ချိန်တည်း သူ့လက်ထဲမှ မမြင်နိုင်သောဓားကို
နောက်ပြန်ထိုးကာ ခရမ်းရောင်ဓားချီကြိုးတစ်ချောင်းက
ရွှေရောင်နဂါး၏နဖူးအလယ်သို့ ထိုးဖောက်သွားခဲ့သည်။

ဘန်း!

ကျယ်လောင်သောပေါက်ကွဲသံများထွက်ပေါ်လာပြီးနော က် စွမ်းအင်ဖြင့် ဖန်တီးထားသော ရွှေရောင်နဂါးကြီးက အစိတ်စိတ်အမွှာမွှာ ကွဲထွက်သွား၏။

ဤမြင်ကွင်းကိုမြင်သောအခါ
မော့ဂျွန်၏မျက်လုံးများသည်
အနည်းငယ်ကျဉ်းမြောင်းသွားကာ
အံ့သြတုန်လှုပ်မှု၊ပဟေဠိနှင့်
ထိတ်လန့်နေသောအမူအရာများပေါ်လာခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ယန်ယွဲ့၏
ခရမ်းရောင်ဓားချီကြိုးက ရွှေရောင်နဂါး၏
အားနည်းချက်နေရာကို ထိမှန်သွားသောကြောင့်ပင်။

"အဲဒါ တိုက်ဆိုင်မှုလား ဒါမှမဟုတ် ရည်ရွယ်ချက်ရှိရှိနဲ့လား? ရည်ရွယ်ချက်ရှိရှိ ဖြစ်ခဲ့ရင်.... ဒီယန်ယွဲ့က တကယ်ပဲ...ဉာဏ်အလင်းရ........!, မှန်ပါသည်။ ယန်ယွဲ့က ဉာဏ်အလင်းရခားနှလုံးသားကိုပိုင်ဆိုင်ထားကြောင်း ကောလာဟလများထွက်နေသော ကြောင့် မော့ဂျွန်၏ နှလုံးသားက တင်းကျပ်သွားသလိုခံစားလိုက်ရသည်။

အကယ်၍ ကောလဟာလများသာ အမှန်ဖြစ်နေပါက သူ၏အစွမ်းထက်ဆုံးနည်းစနစ်များသည် ဒီလူ့ရှေ့တွင် အသုံးမဝင်တော့ပေ ။

ယန်ယွဲ့၏ မျက်လုံးများက မှေးမှိန်သွားကာ ရုတ်တရက်ဆိုသလိုပင်

မောင့်ဂျွန်ရှေ့သို့ချက်ချင်းရောက်ရှိလာပြီး
လက်ကောက်ဝတ်ကိုဆတ်ခနဲလှည့်ကာ
ဓားဖြင့်အလျားလိုက်ပိုင်းချလိုက်လေသည်။

တစ်ချိန်တည်းတွင်
အဖြူရောင်မီးတောက်ကြီးမျှင်တစ်ခုက
ရှေ့သို့ပေါက်ကွဲထွက်လာကာ
ခရမ်းရောင်ဓားချီကြိုးနှင့်ပေါင်းစပ်ပြီးမောင့်ဂျွန်ထံသို့
တိုက်ရိုက်ရောက်ရှိလာ၏။

မောင့်ဂျွန်က အနည်းငယ်တုန်လှုပ်နေသော်ငြား
လက်ကို တင်းကျပ်စွာဆုပ်လိုက်ပြီး ယန်ယွဲ့ဆီသို့
ညွှန်ရင်းကျယ်လောင်စွာအော်ဟစ်လိုက်သည်။
"ချုပ်နှောင်လိုက်စမ်း!"

ချက်ချင်းပင် ယန်ယဲ့သည် သူ့ပတ်ဝန်းကျင်၌
မမြင်ရသော စွမ်းအားတစ်ခု ထွက်ပေါ်လာသည်ကို
ခံစားမိလိုက်၏။

ဤမမြင်နိုင်သောစွမ်းအားသည် သူ့ပတ်ဝန်းကျင်တွင်
ဖြည်းညှင်းစွာ
ချုပ်နှောင်နေသောကြိုးတစ်ချောင်းနှင့်တူပြီး
သူ့ခန္ဓာကိုယ်အား
တင်းကျပ်စွာချည်နှောင်ထားသလိုခံစားလိုက်ရပါသည်။

သို့သော် ယန်ယဲ့၏ မျက်လုံးထဲ၌
ရက်စက်ကြမ်းကြုတ်သောအမူအရာတစ်ခုနှင့်အတူအ
လင်းရောင်များ တဖျပ်ဖျပ်တောက်ပသွားသည်။
"ချိုးဖျက်!"

ဘန်း

အဖြူရောင်မီးတောက်ကြီးမျှင် နှင့်ပေါင်းစပ်ထားသော ခရမ်းရောင်ဓားချီကြိုးတစ်ချောင်းကရှေ့သို့ ပြင်းထန်စွာ ပေါက်ကွဲထွက်လာ၏။ဓားချီကြိုးဖြတ်သန်းသွားရာ နေရာတိုင်းလေထုသည် အပြင်းအထန် တုန်ခါသွားကာ ချုပ်နှောင်ခံထားရသော ခံစားချက်လည်းချက်ချင်းပင် ပျောက်ကွယ်သွားသည်။

ဒီတစ်ကြိမ်မှာတော့ ယန်ယဲ့က ဆက်၍တိုက်ခိုက်ခြင်းမပြုပေ။ထိုအစား မော့ဂျွန်ကိုကြည့်ကာ ရယ်မောလိုက်၏။ "မော့ဂျွန်!

မင်းက ဗဟိုနယ်မြေရဲ့ပါရမီရှင်တစ်ဦးမဟုတ်ဘူးလား? ဒါနဲ့တောင် ငါ့ရဲ့ဓားတစ်ချက်တည်းကို မခုခံနိုင်ဘူး!"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၄၂ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၄၂)] –ပြင်းထန်သောတိုက်ပွဲ

မော့ဂျွန်၏အမူအရာသည် ချက်ချင်းပင် အေးစက်သွားသည်။

....သူက ဒီလိုအထင်အမြင်သေးကဲ့ရဲ့မှုကိုဘယ်တုန်းကမှ မကြုံရဖူးချေ။....

သူ့ခန္ဓာကိုယ်အတွင်းရှိ ရွှေရောင်စွမ်းအင်များ တဟုန်ထိုး ပေါက်ကွဲထွက်လာပြီး ရွှေရောင်စွမ်းအင်လှိုင်းများက ရွှေရောင်နဂါးကြီးတစ်ကောင်အဖြစ်ပြောင်းလဲကာ ကောင်းကင်ပေါ်ပျံတက်သွား၏။

ဟောက်...... ဝေါင်း.....

ရွှေရောင်နဂါးကြီးက ပါးစပ်ကိုဖွင့်ဟလိုက်ကာ ယန်ယဲ့ဆီသို့ ရွှေရောင်အလင်းတန်းများ အဆက်မပြတ်ပစ်လွှတ်လိုက်လေသည်။

"လာစမ်းပါ!" ယန်ယဲ့က မြေပြင်ကိုစောင့်နင်းလိုက်ကာ ကောင်းကင်ပေါ်သို့ ခုန်တက်ပြီး ရွှေရောင်အလင်းတန်းများကိုထိပ်တိုက်ရင်ဆိုင်သည်။

ဘုန်း!

ယန်ယဲ့၏ခန္ဓာကိုယ်က ရွှေရောင်အလင်းတန်းများနှင့် တိုက်မိသွားကာ မြေအောက်ရေိယာတစ်လျှောက် တုန်လှုပ်ခြောက်ခြားဖွယ်ရာ ပေါက်ကွဲသံကြီး ပဲ့တင်ထပ်သွားသည်။

မော့ဂျွန်က ချက်ချင်း မျက်မှောင်ကြုတ်လိုက်လိုက်သည်၊ တစ်ချိန်တည်းမှာပဲ

အဖြူရောင်မီးတောက်ကြိုးမျှင်လေးတစ်ခုက သူ့ရှေ့၌ ပေါ်လာသည်ကိုမြင်တွေ့ပြီး မျက်လုံးများကအဆမတန် ပြူးကျယ်သွား၏ ။

သူ၏မျက်လုံးများက အန္တရာယ်အငွေ့အသက်ကြောင့် ချက်ချင်းပင်ကျဉ်းမြောင်းသွားကာ ခန္ဓာကိုယ်တစ်ခုလုံးမှရွှေရောင်စွမ်းအင်များကို ဘယ်ဘက်လက်ဆီသို့ ပို့လွှတ်လိုက်သည်။

ဟောက်။

သူ့ဘယ်ဖက်လက်က ရွှေရောင်နဂါးခေါင်းပုံသဏ္ဍာန်ပြောင်းသွားကာ အဖြူရောင်မီးတောက်ကို ချက်ချင်းရိုက်ချလိုက်၏။

ဘန်း

ရွှေရောင်နဂါးခေါင်းက အပိုင်းပိုင်းကွဲထွက်သွားကာ ရွှေရောင်အလင်းတန်းများအဖြစ်ပြန့်ကျဲသွားလေသည်။

ထိုအချိန်မှာပဲ အဖြူရောင်မီးတောက်ကြိုးမျှင်က အရှိန်ပြင်းပြင်းနှင့်မော့ဂျွန်ဆီသို့ပျံသန်းဝင်လာခဲ့ပါပြီ။

ဤအခြေအနေကိုမြင်တွေ့ပြီး မော့ဂျွန်၏ မျက်နှာက ပထမဆုံးအကြိမ် အံ့သြတုန်လှုပ်ခြင်းများ ပေါ်လာခဲ့သည်။

အစောပိုင်းက သူ၏တိုက်ခိုက်မှုသည် ကောင်းကင်အလယ်အလတ်အဆင့်တိုက်ခိုက်ရေးနည်း

စနစ်ဖြစ်သော်ငြား
အဖြူရောင်မီးတောက်ကြီးမျှင်ကိုလုံးဝခုခံနိုင်စွမ်းမရှိခဲ့ပေ။ "ဘာလဲ? ဒီမီးတောက်က ဘယ်လိုသဘာဝလွန်ရတနာမျိုးလဲ?"

သူက အနည်းငယ်အံ့အားသင့်နေရင်းတုန်လှုပ်မှုကို ထိန်းချုပ်လိုက်ကာ သူ့နောက်ကျောမှ ရွှေရောင်အတောင်ပံများကိုခတ်လိုက်ရင်း ကောင်းကင်ထက်သို့ ခုန်တက်သွားသည်။

သို့သော် ထိုအချိန်တွင် ခရမ်းရောင်ဓားချီကြိုးတစ်ချောင်းက သူ့အထက်တည့်တည့်မှကျဆင်းလာသည်ကိုသတိပြုမိပြီးအကြီးအကျယ် မျက်နှာပျက်သွားလေတော့သည်။

တစ်ဖန် မော့ဂျွန်၏မျက်လုံးထဲတွင်
ရက်စက်သောအမှုအရာတစ်ခု ပေါ်လာခဲ့သည်။
"ဒီကောင်!.... ယန်ယဲ့က အရမ်းလွန်လွန်းနေပြီ"

ဘန်း

ရုတ်တရက် သူ့လက်ဝါးကို လှန်လိုက်ရာ
နဂါးတစ်ကောင်ပုံသဏ္ဍာန် တံဆိပ်တစ်ခု
ရေးထိုးထားသော ရွှေရောင်နဂါးကြီးက
လက်ဝါးပေါ်တွင် ထွက်ပေါ်လာခဲ့သည်။

ထို့နောက် သူ့ခန္ဓာကိုယ်ထဲရှိ
ဆန်းကြယ်ချီစွမ်းအင်များက
ရွှေရောင်နဂါးတံဆိပ်ထဲသို့အဆက်မပြတ်စီးဝင်သွား၏။
တစ်ချိန်တည်းတွင် ရွှေရောင်နဂါးတံဆိပ်ကနေ
ရွှေရောင်တလက်လက်တောက်ပနေသော
ရွှေရောင်အလင်းတန်းတစ်ခု
စူးရှစွာထွက်ပေါ်လာခဲ့လေသည်။

ရွှေရောင်နဂါးတံဆိပ်က အရောင်တလက်လက်နှင့်
လေထုထဲသို့ ပျံတက်သွား၏။ ထို့နောက်
တဖြည်းဖြည်းကြီးမားလာကာ (၃၀၀) မီတာနီးပါးခန့်
ရှည်လျားသောတံဆိပ်တစ်ခုအဖြစ် ပြောင်းသွားပြီး
ယန်ယွဲ့အား အပေါ်ကနေအုပ်မိုး ရိုက်ချလိုက်သည်။

မီတာ (၃၀၀) နီးပါး ကြီးမားလှသော ရွှေရောင်နဂါးတံဆိပ်ကို စိုက်ကြည့်နေရင်း ယန်ယွဲ့၏ သွေးရောင် မျက်လုံးများတွင် လေးနက်သော အမူအရာတစ်ခု ပေါ်ပေါက်လာခဲ့သည်။

သူက ရွှေရောင်နဂါးတံဆိပ်မှ ထုတ်လွှတ်နေသော ကြောက်မက်ဖွယ်ရာစွမ်းအားကိုခံစားမိလိုက်ခြင်းကြော င့်ပင်။

၎င်းသည်
ကမ္ဘာလောကတစ်ခုလုံးကိုပင်ဖျက်ဆီးပစ်နိုင်သော အဖျက်စွမ်းအားများ ကိန်းအောင်းနေသလိုပါပဲ။

ယန်ယွဲ့၏ မျက်နှာက လေးနက်တည်ကြည်လာကာ သတိလက်လွှတ်မဖြစ်ဝံ့တော့ပေ။ သူ၏နှလုံးသားထဲမှ

စိတ်ဆန္ဒတစ်ခုနှင့်အတူငရဲတစ္ဆေမီးတောက်က လက်ဝါးပေါ်၌

ချက်ချင်းပေါ်လာခဲ့သည်။

ထို့နောက် ယန်ယဲ့က ကြီးမားလှသော ရွှေရောင်နဂါးတံဆိပ်ကို စူးစိုက်ကြည့်ရင်း အသက်ပြင်းပြင်းရှူကာ ငရဲတစ္ဆေမီးတောက်ကို လျှပ်တစ်ပြက်ပစ်လွှတ်လိုက်သည်။

ဘန်း... ရှဲရဲ....

ငရဲတစ္ဆေမီးတောက်က လေထုထဲ၌ ကျယ်လောင်စွာ ပေါက်ကွဲသွားပြီး တဖြစ်ဖြစ်လောင်ကျွမ်းလာကာ မီးပင်လယ်အဖြစ် ချက်ချင်း ပြောင်းလဲသွားသည်။

အုန်း!

မြေအောက်ရေယာတစ်ခုလုံး
တုန်လှုပ်ချောက်ချားဖွယ်ရာ ပေါက်ကွဲသံကြီး
ထွက်ပေါ်လာခဲ့ပါသည်။
ဒီရေလှိုင်းလုံးများကဲ့သို့ ကြောက်စရာကောင်းသော
စွမ်းအင်လှိုင်းလုံးကြီးများ ထွက်ပေါ်လာကာ
ပတ်ဝန်းကျင်တစ်ခုလုံး ချက်ချင်းပြိုကျလာလေသည်။

ယန်ယွဲ့သည် မီးတောက်ပင်လယ်ကို ငေးကြည့်ရင်း
ခဏလောက်တုံ့ဆိုင်းသွားကာ
ညာလက်ကို အသာဝှေ့ယမ်းလိုက်သည်။

ငရဲတစ္ဆေမီးတောက်က
မီးပင်လယ်ထဲကနေပျံသန်းလာပြီး သူ့ခန္ဓာကိုယ်ထဲသို့
ချက်ချင်း ပြန်ဝင်သွား၏။

ထို့နောက် ယန်ယဲ့က
မမြင်နိုင်သောဓားကိုဆုပ်ကိုင်လိုက်ကာ
မီးပင်လယ်ကိုထက်ပိုင်းခွဲချပစ်လိုက်တော့သည်။

အခုအချိန်တွင် မြေအောက်ရေယာက ဆက်တိုက်
ပြိုကျနေပြီဖြစ်ရာ သူသာဆက်၍နေပါက
မြေအောက်တွင် မြှုပ်နှံထားပြီးသားဖြစ်သွားပါလိမ့်မည်။

ထို့ကြောင့် မြန်မြန်ဆန်ဆန်ထွက်သွားရုံသာရှိတော့၏။

မီးပင်လယ်ကြီးက မော့ဂျွန်ကို ဖုံးလွှမ်းသွားသော်လည်း၊ ၎င်းသည်အလွယ်တကူသေဆုံးမည်မဟုတ်ဟု သူ့ပင်ကိုယ်အသိစိတ်ကပြောနေခဲ့သည်။

သို့သော် ထိုကဲ့သို့သောအခြေအနေမျိုးတွင် မော့ဂျွန် နှင့်ဆက်လက်တိုက်ခိုက်နေပါက

မြေအောက်တွင် အတူတကွ သေဆုံးသွားနိုင်ပေသည်။ အဆုံးသတ်၌ ယန်ယဲ့က ထွက်ခွာရန်သာ ရွေးချယ်လိုက်သည်။

ဘန်း.....။

ခရမ်းရောင်အလင်းတန်းတစ်ခုတောက်ပလာပြီးနောက်
ယန်ယဲ့၏ခန္ဓာကိုယ်က မြေအောက်ကနေ
ခုန်ထွက်လာခဲ့တော့သည်။

ထို့နောက် သူက နောက်ပြန်လှည့်ကာ
မညီမညာဖြစ်ပြီးပြိုကျနေသောမြေအောက်ဧရိယာကို
စိုက်ကြည့်ရင်း ရင်ထဲတွင် ကြောက်ရွံ့စိတ်များကို
ခံစားလိုက်ရသည်။

သူသာ ဒီထက်ပိုပြီးနှေးကွေးသွားပါက
ဤမြေအောက်ဧရိယာတွင် အရှင်လတ်လတ်
မြေမြှုပ်ခံရပါလိမ့်မည်။

ထိုအခြေအနေရောက်သွားပါက
သူဟာကောင်းကင်ဘုံကိုဆန့်ကျင်နေသောပါရမီရှင်တစ်ဦးဖြစ်နေလျှင်ပင် သေခြင်းသာကြုံတွေ့ရပေမည်။

ယန်ယဲ့က
မြေအောက်ရေယာကိုအချိန်တော်တော်ကြာစောင့်ကြည့်နေရင်း
မော့ဂျွန်ထွက်ပေါ်မလာသေးသောကြောင့်ရုတ်တရက်မျက်မှောင်ကြုတ်လိုက်မိသည်။

သူ့အမြင်အရ မော့ဂျွန်ဟာ
အခုလိုလွယ်လွယ်နဲ့သေမဲ့လူစားမျိုးမဟုတ်ကြောင်းသိရှိထားခဲ့သည်။

အထူးသဖြင့် ငရဲတစ္ဆေမီးတောက်သည်ပင် မော့ဂျွန်၏
လက်ထဲမှ ရွှေရောင်နဂါးပုံသဏ္ဍာန်တံဆိပ်ကို
မဖျက်ဆီးနိုင်သောကြောင့်ပါ။

သူက ဤအချက်ကို တွေးတောမိသောအခါ
အကူအညီမဲ့စွာဖြင့်သာ ရယ်မောလိုက်ပါတော့သည်။
ဗဟိုနယ်မြေ၏ပါရမီရှင်များကအမှန်တကယ်ပင်အရင်း
အမြစ်ကြွယ်ဝလွန်းနေသည်မဟုတ်ပါလား။
၎င်းတို့က ကောင်းကင်အဆင့်ရတနာလက်နက်မျိုးစုံကို
အကန့်အသတ်မဲ့ပိုင်ဆိုင်ထားသည်ဟုပင်ဆိုနိုင်သည်။

သို့သော် ကံဆိုးစွာပဲ သူ့တွင်
ကောင်းကင်အဆင့်ရတနာလက်နက် (သို့)

ကောင်းကင်အဆင့်တိုက်ခိုက်ရေးနည်းစနစ်တစ်ခုပင်မရှိပေ။

ထို့နောက်တွင် ယန်ယဲ့က ခေါင်းယမ်းကာ ဟက်ဟက်ပက်ပက်ရယ်မောလိုက်၏၊ သူ့နှလုံးသားထဲ၌ ကူကယ်ရာမဲ့သောခံစားချက်များသာ ပြည့်နေလေသည်။

သူသည် ကျောထောက်နောက်ခံအင်အားစုမရှိသောလေလွင့်ကျင့်ကြံသူတစ်ဦးသာ။

အမှောင်ရတနာလက်နက်များ (သို့)နည်းစနစ်များကိုရယူလိုပါက ကိုယ်တိုင်သာကြိုးစားရပေမည်။

ထို့ကြောင့် သူသည် ကျင့်ကြံခြင်းလမ်းစဉ်တွင် အာရုံစိုက်ထားရုံသာဖြစ်ပြီး ရတနာလက်နက်များ (သို့) နည်းစနစ်များရှားပါးခြင်းကိုစိတ်ပူစရာမလိုသော ထိုပါရမီရှင်များနှင့် အတော်လေးကွာခြားနေ၏။

"ဟူး...., ဒီလိုတွေဖြစ်နေမှတော့ လေလွင့်ကျင့်ကြံသူတွေက ထိပ်တန်းပါရမီရှင်တွေကိုဘယ်လိုလုပ်ပြီး ယှဉ်ပြိုင်နိုင်တော့မှာလဲ?" မှန်ပါသည်။ အစောပိုင်းတုန်းက တိုက်ပွဲလိုပင် သူသာ ငရဲတစ္ဆေမီးတောက်ကို ပိုင်ဆိုင်ထားခြင်းမရှိပါက ရွှေရောင်နဂါးတံဆိပ်ကိုခုခံရန်မဖြစ်နိုင်ပေ။

ထို့အပြင် ငရဲတစ္ဆေမီးတောက်ကိုတစ်ကြိမ်

အသုံးပြုပါက
တစ်ကြိမ်ဒဏ်ရာအပြင်းအထန်ရသွားခြင်းနှင့်အတူတူပ
င်။

အဘယ်ကြောင့်ဆိုသော် သူ့ခန္ဓာကိုယ်တွင်းရှိ
ဆန်းကြယ်ချီစွမ်းအင်များက ကုန်ခမ်းနေပြီဖြစ်သည်။
ခရမ်းရောင်စုံချီစွမ်းအင်ကြိုးတစ်ချောင်းပင်ကျန်ရှိမနေ
တော့ပေ။
ငရဲတစ္ဆေမီးတောက်ကိုထိန်းချုပ်ပြီးအသုံးပြုခြင်းက
ဆန်းကြယ်ချီစွမ်းအင်ကိုများစွာကုန်ဆုံးစေသည်။

အကယ်၍ ဆန်းကြယ်ရွှေချီကန်သာ
သူ၏မူလဒန်တျန်ဖြစ်မလာပါက သိုင်းဘုရင်အဆင့် (သို့)

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကိုရောက်ရှိနေလျှင်ပင်
ငရဲတစ္ဆေမီးတောက်ကိုအသုံးပြုရန်မဖြစ်နိုင်ပေ။

၎င်းသည် အတိတ်က
ငရဲတစ္ဆေမီးတောက်ကိုအရေးမကြုံလျှင်
ထုတ်ဖော်အသုံးမပြုခဲ့သည့် အကြောင်းရင်းပါ။
ငရဲတစ္ဆေမီးတောက်ကို အသုံးပြုလိုက်သည့်အခါတိုင်း
အကျိုးဆက်များက အလွန်ပြင်းထန်သောကြောင့်ပင်။

ယေဘုယျအားဖြင့် ရန်သူများစွာဖြင့်ပြည့်နေသော
ရှေးဟောင်းစစ်မြေပြင်ပါ။
သူ့တွင်သာ ဆန်းကြယ်ချီစွမ်းအင်များရှိမနေပါက
မိုချင်းယု နှင့် ပထမဆုံးအကြိမ်ရင်ဆိုင်တွေ့စဉ်ကလို
သမခံရမည်ဖြစ်သည်။

ဆန်းကြယ်ချီစွမ်းအင် မရှိပါဘဲ
သူ၏ရုပ်ခန္ဓာခွန်အားသက်သက်ဖြင့်
ဆန်းကြယ်တိုက်ကြီး၏
ထိပ်ဆုံးရောက်ပါရမီရှင်များကိုမည်သို့
ရင်ဆိုင်နိုင်ပါမည်နည်း။

အဖြေကတော့ လုံးဝရိုးရှင်းပေသည်။မဖြစ်နိုင်ပေ....
အကယ်၍ ဆန်းကြယ်ချီစွမ်းအင်မရှိဘဲ
ပြိုင်ဖက်တစ်ဦးနှင့်ရင်ဆိုင်တွေ့ပါကသေချာပေါက်အသ
တ်ခံရနိုင်သည်။

အစောပိုင်းက သူသည်
ငရဲတစ္ဆေမီးတောက်ကိုအသုံးပြုလိုက်ရခြင်းမှာ မိုချင်းယု

နှင့် မော့ဂျွန်ကို တစ်ချက်တည်းနဲ့
သတ်ဖြတ်လိုခြင်းကြောင့်သာ။

ကံမကောင်းစွာပဲ ထိုလူနှစ်ဦးလုံးက
အလွန်အားကောင်းပြီး
ငရဲတစ္ဆေမီးတောက်ကိုအသုံးပြုတိုက်ခိုက်သည့်တိုင်
၎င်းတို့ကိုမသတ်နိုင်ခဲ့ပေ။

ခဏအကြာတွင် ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး
ခေါင်းကိုလှည့်ကာ
သူ့ပုခုံးထက်သို့တစ်ချက်ကြည့်လိုက်မိ၏။

သို့သော် အခုအချိန်တွင် ခရမ်းရောင်မင့်ခ်ကလေး၏
ရင်းနှီးသော ပုံသဏ္ဍာန်ကရှိမနေခဲ့ပေ။ သူက ခဏတာ
ငြိမ်သက်နေပြီး ခေါင်းယမ်းလိုက်ပါသည်။ "ကြည့်ရတာ
ငါ အရမ်းအားနည်းနေပုံပဲ!"

ဤအချိန်မှာပဲ ယန်ယဲ့၏ အမူအရာက
ရုတ်တရက်ပြောင်းလဲသွားလေသည်။ သူက နောက်ကို
အမြန်ပြန်လှည့်ကြည့်လိုက်ရာအစိမ်းရောင်
လေဆင်နှာမောင်းတစ်ခုက သူ့ရှေ့တွင်
မျောလွင့်နေသည်ကို မြင်လိုက်၏။

၎င်းသည် နဝမငရဲအေးမီးတောက်၏
လေဝိညာဉ်ပင်ဖြစ်သည်။

သူကြည့်နေစဉ်မှာပဲ နဝမငရဲအေးမီးတောက်က
အလွန်ပျော့ပျောင်းညင်သာစွာဖြင့် သူ့ရှေ့သို့
ဖြည်းညှင်းစွာ
ပျံသန်းလာသည်ကိုသတိပြုမိလိုက်လေသည်။

ယန်ယွဲ့၏ အုံ့အားသင့်နေသောအကြည့်အောက်၌ အစိမ်းရောင် လေဆင်နှာမောင်းသည် ရုတ်တရက် ဖြည်းညင်းစွာ ရွေ့လျားသွားသည်။
၎င်းက ယန်ယွဲ့ကို မတိုက်ခိုက်ဘဲ တစ်စုံတစ်ခုကို လိုချင်နေသည့်အလား
ပတ်ပတ်လည်တွင်လှည့်ပတ်နေ၏။

"မင်းဘာပြောဖို့ကြိုးစားနေတာလဲ?" ယန်ယွဲ့က ရုတ်တရက်မေးရင်း မျက်မှောင်ကြုတ်လိုက်သည်။
သူ့တွင်
နဝမငရဲအေးမီးတောက်ကိုစိတ်ဝင်စားနေသောခံစားချက်များရှိမနေတော့ပေ။

အကြောင်းမှာ ဤ နဝမငရဲ

အေးမီးတောက်ကြောင့်သာမဟုတ်ပါက ရှောင်ယူရှီ နှင့်

ခရမ်းရောင်မင့်ခ်ကလေးဟာ

သေသည်၊ရှင်သည်မသိသောအခြေအနေထိ

ရောက်ရှိသွားမည်မဟုတ်ချေ။

ထို့ကြောင့် သူက နဝမငရဲအေးမီးတောက်ကိုလုံးဝ

ငြင်းပယ်ရန်သာ ဆုံးဖြတ်လိုက်ပါသည်။

ဒီအမျိုက်မီးတောက်၏

ကြောက်မက်ဖွယ်ရာစွမ်းအားကိုသာ

ကြောက်ရွံ့မနေပါက

ဓားကိုဆွဲထုတ်ကာချက်ချင်းခုတ်ပိုင်းပစ်လိုက်ပါလိမ့်မ

ည်။

နဝမငရဲအေးမီးတောက်က

ယန်ယွဲ့ပြောလိုက်သောစကားကို ကြားလိုက်တဲ့အခါ

ချက်ချင်းပင် ရပ်တန့်သွား၏။ ထို့နောက် ၎င်းက

အရောင်တလက်လက်တောက်ပလာပြီးယန်ယွဲ့ဆီသို့

ပျံသန်းလာလေတော့သည်။

တစ်ချိန်တည်းမှာပဲ အစိမ်းရောင်လေလှိုင်းများက

တဖြည်းဖြည်း ဖြာထွက်လာခဲ့၏။

ဘာ! ယန်ယွဲ့၏အမူအရာက ပြောင်းလဲသွားကာ

ဒေါသတကြီးအော်ဟစ်လိုက်ရင်း ၁၀ မီတာခန့်အကွာသို့

ကမန်းကတန်းခုန်ဆုတ်သွားသည်။

ချီး! ငါပြောတာကိုယုံလိုက်...., မဟုတ်ရင်

ငါမင်းကိုသေအောင် ဓားနဲ့ခုတ်ထစ်ပစ်မယ်!"

နောက်ဆုံးတော့
ထိုလေလှိုင်းများတွင်ပါဝင်နေသောစွမ်းအားက
မြေကမ္ဘာအဆင့်မြင့်နည်းစနစ်တွေထက်ပင်နိမ့်ကျမနေပေ။

တစ်ဖန် ယန်ယဲ့၏စိတ်ထဲ နဝမငရဲအေးမီးတောက်ကို
ကြည့်ကာ အနည်းငယ် ပဟေဠိဖြစ်နေမိသည်။

နဝမငရဲအေးမီးတောက်က ယန်ယဲ့
နောက်ပြန်ဆုတ်သွားသည်ကို မြင်လိုက်ရသောအခါ
အံ့အားသင့်သွားပုံဖြင့် တလက်လက်တောက်ပလာပြီး
ယန်ယဲ့၏ရှေ့သို့ ချက်ချင်းရောက်ရှိလာခဲ့သည်။

သို့သော် ဤတစ်ကြိမ်တွင်
လေအေးလှိုင်းများကိုထုတ်လွှတ်ခြင်းမရှိဘဲ၊

ယန်ယဲ့၏ဘေးပတ်ပတ်လည်တွင်သာ
လှည့်ပတ်နေလေသည်။

ထိုအချိန်တွင် ယန်ယဲ့က ဖြစ်နိုင်ချေကိုစဉ်းစားပြီးနောက်
နဝမငရဲအေးမီးတောက်၏
ရည်ရွယ်ချက်ကို အကြမ်းဖျင်း
နားလည်လိုက်သလိုရှိသွားသည်။

၎င်းက သူပိုင်ဆိုင်ထားသော အရာတစ်ခုကို
နှစ်သက်သဘောကျနေခြင်းပါ။ သို့မဟုတ်ပါက
နောက်တစ်ကြိမ်ပြန်လာပြီး သူ့ကိုနှောင့်ယှက်ရန်
မဖြစ်နိုင်ပေ။

"တကယ်တော့ ငါလည်း
ဒီလောက်ထူးခြားတဲ့အရာတွေကို
ပိုင်ဆိုင်မထားပါဘူးလေ။ ဒီ နဝမငရဲအေးမီးတောက်က
ဘယ်ဟာကိုသဘောကျနေတာပါလိမ့်?"

သိပ်မကြာခင်မှာပဲ ယန်ယွဲ့က
တစ်စုံတစ်ခုကိုတွေးတောမိသွား၏။
နဝမငရဲအေးမီးတောက်က ဆန်းကြယ်ရွှေချိကန်ကို
နှစ်သက်နေခြင်းပင်ဖြစ်နိုင်သည်။

အဘယ်ကြောင့်ဆိုသော် ဆန်းကြယ်ရွှေချိကန်ကလွဲ၍
ဘယ်အရာကများ ဒီသဘာဝလွန်ရတနာတစ်ပါးကို
ဆွဲဆောင်နိုင်ပါမည်နည်း။

"ဒါပေမယ့် စောစောတုန်းက ဆန်းကြယ်ရွှေချိကန့်ထဲကို
ဝင်ခဲ့တာမဟုတ်ဘူးလား?
အဲဒီအချိန်တုန်းကဆို
အသည်းအသန်တောင်ခုခံနေသေးတယ်။
ဒီလိုဆိုအခုကျတော့ဘယ်လိုဖြစ်သွားရတာလဲ?
ဆန်းကြယ်ရွှေချိကန်မဟုတ်ဘဲနဲ့
လေဟာနယ်အထက်ကဂိတ်တံခါးများ ဖြစ်နေမလား?
ဒါမှမဟုရင် ဂိတ်တံခါးထဲကနေ စိမ့်ထွက်လာတဲ့
ခရမ်းရောင်စုံချီစွမ်းအင်ကိုများလား?"

ယန်ယွဲ့က နဝမငရဲအေးမီးတောက်ကိုစူးစိုက်ကြည့်ကာ
မမေးခင် ခဏလောက် တုံ့ဆိုင်းသွား၏။ ပြီးမှ "ဒါဆို
မင်းက ဆန်းကြယ်ရွှေချိကန်ထဲကို ဝင်ချင်နေတာလား?"

သူ့စကားဆုံးသည်နှင့် အစိမ်းရောင်လေဆင်နှာမောင်းက ချက်ချင်းပင် လျင်မြန်စွာ ရွေ့လျားလာ၏။

ယန်ယဲ့က ခေါင်းညိတ်ပြလိုက်ပြီး "မင်းကလိုချင်ရင် တတ်နိုင်မှာပါ၊ ဒါပေမယ့် မင်းငါ့အမိန့်ကို နာခံရမယ်၊ ကောင်းပြီလား?"

အစိမ်းရောင်လေဆင်နှာမောင်းက ရုတ်တရက် ရပ်တန့်သွားသည်။

"ဒီလိုဆို ဘာမှ ဆွေးနွေးစရာနေရာမရှိတော့ဘူး။" ယန်ယဲ့က ပုခုံးတွန့်ပြီး “ဒီတော့ ငါတို့ လမ်းခွဲရအောင်။ ငါယန်ယဲ့က သူများတွေကို အတင်းအကြပ်လုပ်ရတာ ကြိုက်တဲ့သူမဟုတ်ဘူး။ ကံကောင်းပါစေ!

သွားတော့မယ်!" သူပြောပြီးသည်နဲ့တစ်ပြိုင်နက်
ယန်ယဲ့က တုံ့ဆိုင်းမနေဘဲ
နောက်ပြန်လှည့်ကာထွက်သွားလိုက်တော့သည်။
ဤအချိန်တွင် သူက တွန့်ဆုတ်မနေခဲ့ပေ၊ နဝမငရဲ
အေးမီးတောက်ကို စိတ်ဝင်စားမှုမရှိတော့ဘဲ
အမှိုက်တစ်စလိုသာသဘောထားခဲ့သည်။

နဝမငရဲအေးမီးတောက်က
ယန်ယဲ့ထွက်သွားသည်ကိုမြင်သောအခါ
ချက်ချင်းစိုးရိမ်သွားသည့်အလား
ယန်ယဲ့၏ရှေ့တွင်ပေါ်လာပြီး
လမ်းကြောင်းကို ပိတ်ဆို့လိုက်သည် ။

ယန်ယဲ့က ဘာမှတုံ့ပြန်မနေဘဲ ငြိမ်သက်သွားသည်။

သူက နဝမငရဲအေးမီးတောက်၏ ရည်ရွယ် ချက်ကို မသိသော်ငြား အကြမ်းဖျင်းနားလည်ထားလေသည်။

၎င်းက

သူ၏လက်ထဲ၌လွတ်လပ်ခွင့်ကိုဆုံးရှုံးလိုပုံမရပေ။

အမှန်တော့ လူတစ်ဦးဖြစ်စေ၊
အမှောင်မှော်သားရဲပင်ဖြစ်စေ ဤကမ္ဘာလောကရှိ သက်ရှိသတ္တဝါမှန်သမျှ ၎င်း၏ကိုယ်ပိုင်လွတ်လပ်မှုကို ဆုံးရှုံးလိုစိတ်ရှိပါမည်လော။

သူက ဒီအချက်ကို တွေးလိုက်ပြီးနောက် ခဏတာ လေးလေးနက်နက် စဉ်းစားလိုက်ကာ “ဒီလိုဆို မင်းက ငါနဲ့ ၁၀ နှစ်လောက်နေရမယ်၊ အဲဒီ့အချိန်တွင်းမှာပဲ ငါ့အမိန့်ကို နာခံဖို့လိုတယ်။ အဲဒါပြီးရင် မင်း ထွက်သွားနိုင်ပြီ။

ဘယ်လိုထင်လဲ? စိတ်မပူပါနဲ့၊ ဒီ ၁၀ နှစ်အတွင်းမှာ မင်းကို အတင်းအကြပ် ချုပ်ကိုင်ဖို့ တခြားနည်းလမ်းတွေကို ငါအသုံးမချဘူး ....ဟုတ်ပြီလား?”

နဝမငရဲအေးမီးတောက်က ရွှေ့လျားနေရာကနေ ရပ်တန့်သွား၏။

အချိန် ၁၅ မိနစ်နီးပါးကြာပြီးနောက် တစ်ချက်တုန်ခါသွားကာ ယန်ယွဲ့၏ခန္ဓာကိုယ်ထဲသို့ တိုက်ရိုက်ဝင်ရောက်သွားသည်။

ထိုအခါမှသာ ယန်ယွဲ့က သက်ပြင်းချနိုင်လိုက်သည်။ တစ်ချိန်တည်း သူ့ပါးစပ်ထောင့်၌ မသိနိုင်သော အပြုံးတစ်ခု ပေါ်လာခဲ့၏။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၄၃ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၄၃)] –ဖန်တီးခြင်း

နောက်တစ်နေ့တွင်။

ယန်ယွဲ့သည် နမဝမြောက်ငရဲဘုံရှိ တောအုပ်တစ်ခုထဲ၌
မျက်လုံးများကိုမှိတ်ထားကာ
တင်ပျဉ်ခွေလျက်ထိုင်နေခဲ့၏။

သူ့ခန္ဓာကိုယ်မှ
မမြင်နိုင်သောစွမ်းအားများဖြာထွက်နေကာ
ဓားချီကြိုးတစ်ချောင်းကပတ်ဝန်းကျင်တွင်
အဆက်မပြတ်ပျံ့လွင့်နေလေသည်။

ထို့အပြင် မရေမတွက်နိုင်သော
ခရမ်းရောင်ဓားချီကြိုးများက လေထုထဲ၌
တဖျပ်ဖျပ်တောက်ပနေခဲ့၏။

ဓားချီကြိုးများက မည်သည့်အရာကိုမျှ မတိုက်ခိုက်ခဲ့ဘဲ
ယန်ယွဲ့၏ခန္ဓာကိုယ်တစ်ဝိုက်တွင်သာ အဆက်မပြတ်
တုန်ခါနေသည်။

ငရဲနတ်ဘုရားသင်္ချိုင်းတွင်းမှ
အဖြစ်အပျက်များကိုရင်ဆိုင်ပြီးနောက်
သူ၏လက်ရှိခွန်အားက
အတော်လေးနိမ့်ကျနေကြောင်းရှင်းရှင်းလင်းလင်းသ
ဘောပေါက်သွားသည်။

၎င်းက သူ၏ ဓားစိတ်ဆန္ဒ၊ တိုက်ခိုက်ရေးနည်းစနစ်များ
(သို့) ကျင့်ကြံခြင်းပင်ဖြစ်စေ
ဗဟိုနယ်မြေရှိ ပါရမီရှင်များနှင့် ကြီးမားသော
ညဏ်ကြီးရှင်များကြားတွင်
ကွာဟချက်အချို့ရှိနေခဲ့သည်။

အကယ်၍ သူသာ အကြီးအကဲမှုပေးအပ်ထားသော
ငရဲတစ္ဆေမီးတောက်ကို ပိုင်ဆိုင်ထားခြင်းမရှိပါက
သူ၏လက်ရှိခွန်အားဖြင့် ရှေးဟောင်းစစ်မြေပြင်တွင်
သေချာက်ပေါက်သေဆုံးသွားရလိမ့်မည်။

အထူးသဖြင့် သူသည်
အတိတ်ကကျင့်ကြံခဲ့သည့်တစ်လျှောက်လုံး
ဆန်းကြယ်ရှေ့ချိကန်ရှိနေသောကြောင့်သာ
မြန်မြန်ဆန်ဆန်တိုးတက်လာခဲ့ခြင်းပင်။

၎င်းက ကောင်းသည်၊ ဆိုးသည်မပြောနိုင်သော်ငြား
သူ၏ကျင့်ကြံမှုက ဗဟိုနယ်မြေရှိ
ထိပ်သီးပါရမီရှင်များနှင့် တန်းတူယှဉ်နိုင်ခဲ့သည်။

ကံမကောင်းသည်မှာ သူ၏စိတ်အာရုံအသိက
မူလကျင့်ကြံဆင့်ကို လိုက်မမှီနိုင်သောကြောင့်
ကျင့်ကြံမှုအခြေခံမတည်ငြိမ်ခြင်းပင်။

ကျင့်ကြံမှုအခြေခံနှင့်ပတ်သက်၍ သာမန်အချိန်များတွင်
အဆင်ပြေသော်လည်း၊
အရေးကြီးသောအခြေအနေမျိုး၌
သေခြင်းနှင့်နီးကပ်သောအားနည်းချက်တစ်ခုဖြစ်သည်။

အထူးသဖြင့် ထို ကြီးကျယ်ခမ်းနားသောပါရမီရှင်များနှင့်
ရင်ဆိုင်တိုက်ပွဲတွင်ဆိုပါက......!

ထို့ကြောင့် ယန်ယဲ့သည် နဝမငရဲအေးမီးတောက်ကို
သိမ်းသွင်းပြီးနောက်

ရှေးဟောင်းစစ်မြေပြင်ကိုလှည့်ပတ်သွားလာခြင်းမပြု

တော့ပေ။ တိတ်ဆိတ်သောနေရာတစ်ခုကိုသာရှာပြီး

လေ့ကျင့်နေခဲ့၏။

တစ်ချိန်တည်းတွင် သူ၏ဓားစိတ်ဆန္ဒ နှင့်

ကျင့်ကြံမှုအဆင့်ကိုဦးစားပေးလေ့ကျင့်နေရင်း

ကိုယ်ပိုင်ဓားနည်းစနစ်တစ်ခုကိုပါဖန်တီးခဲ့သည်။

မှန်ပါသည်။ ယန်ယွဲ့က ကိုယ်ပိုင်ဓားနည်းစနစ်တစ်ခုကို

ဖန်တီးရန် ရည်ရွယ်ထား၏။

၎င်းက ရုတ်တရက် မျှော်လင့်မထားသော

တွန်းအားတစ်ခုမဟုတ်ဘဲ မော့ဂျွန်နှင့်တိုက်ပွဲ၌

ဉာဏ်အလင်းရရှိခဲ့လို့ပါ။

ထိုတိုက်ပွဲတွင် သူက ငရဲတစ္ဆေမီးတောက်၊ ဓားချီ နှင့် ဓားစိတ်ဆန္ဒကို ပထမဆုံးအကြိမ် ပေါင်းစပ်ခဲ့သည်။

ထိုအရာသုံးမျိုး၏ ပေါင်းစပ်တိုက်ခိုက်မှုစွမ်းအားက အလွန်ကြောက်စရာကောင်းကြောင်း သတိပြုမိလိုက်သည်။

သို့သော် တစ်ချိန်တည်းမှာပင် ၎င်းက အနည်းငယ် လိုအပ်နေသေးကြောင်းပါသတိထားမိခဲ့၏။

ဤအချိန်တွင် သူက ပိုမိုတိကျသောပုံစံဖြင့်ပေါင်းစပ်နိုင်မည့်နည်းလမ်းကိုစဉ်းစားနေကာ သူ့ကိုယ်ပိုင်ဓားနည်းစနစ်တစ်ခုကိုအမြန်ဆုံးဖန်တီးနေခြင်းဖြစ်သည်။

အချိန်က ဖြည်းဖြည်းချင်းကုန်ဆုံးလာကာ
မျက်စိတစ်မှိတ်အတွင်းမှာပဲ ၁၀ ရက်ဟူသောကာလက
ကုန်ဆုံးသွား၏။

ဤ ၁၀ ရက်တာအတွင်း ယန်ယဲ့သည် သူ၏ ကျင့်ကြံမှု
နှင့် ဓားစိတ်ဆန္ဒကို အဆက်မပြတ် လေ့ကျင့်နေခဲ့သည်။

အကျိုးအသက်ရောက်မှုက
အတော်လေးကောင်းမွန်ခဲ့ပြီး
ဉာဏ်အလင်းရဓားနှလုံးသား၏အကူအညီဖြင့်
ဓားစိတ်ဆန္ဒ အားနည်းချက်များကို ပြုပြင်နိုင်ခဲ့ပါသည်။

ထိုကဲ့သို့ အဆက်မပြတ်ပြုပြင်ရင်း၊ လေ့ကျင့်နေရင်းဖြင့်
သူ၏ကျင့်ကြံမှု နှင့် ဓားစိတ်ဆန္ဒက
အလွန်မြင့်တက်လာခဲ့လေသည်။

အထူးသဖြင့်  သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒက
နောက်တစ်ဆင့်သို့ပင်
အဆင့်မြင့်တက်ရန်နီးကပ်သွားပါပြီ။

သို့သော် ယန်ယွဲ့က အဆင့် ၆
အထွတ်အထိပ်သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ
တွင်သာဖိနှိပ်ထား၏။

လောလောဆယ်တွင် သူက
သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒကို အပြည့်အဝ
ပေါင်းစပ်မထားနိုင်သေးပေ။ ထို့ကြောင့်
သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒကိုနောက်တစ်ဆင့်သို့မြှင့်တ
င်လိုက်ပါက သေချာပေါက်
ပြဿနာများသွားပါလိမ့်မည်။

ထို့အပြင် ယန်ယဲ့သည် ကျင့်ကြံမှုအဆင့်တွင်လည်း အကျိုးအမြတ်ကြီးကြီးမားမားရရှိခဲ့ပါသည်။

သူ၏ ကိုယ်ပိုင်ဓားနည်းစနစ်ဖန်တီးနေခြင်းကလည်း အဆုံးသတ် အောင်မြင်လုနီးပါးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

ခွျင်းချက်အနေဖြင့်ပြောရလျှင် ကိုယ်ပိုင်ဓားနည်းစနစ်ဟုတော့သတ်မှတ်၍မရပေ။ ၎င်းက ခရမ်းရောင်စုံချီစွမ်းအင်၊ ဓားစိတ်ဆန္ဒ နှင့် ငရဲတစ္ဆေမီးတောက် ကို စနစ်တကျပေါင်းစပ်ရန် နည်းလမ်းတစ်ခုသာဖြစ်နေသောကြောင့်ပင်။

ဤမတူညီသော စွမ်းအားသုံးမျိုးအနက်တစ်ခုချင်းစီက အလွန်အစွမ်းထက်ပေသည်။

ထို့ကြောင့် ၎င်းတို့ကို အောင်မြင်စွာပေါင်းစပ်နိုင်လျှင် သူ၏ဓားနည်းစနစ်က ကောင်းကင်အလယ်အလတ်အဆင့် (သို့) ကောင်းကင်အဆင့်မြင့်ဓားနည်းစနစ်ထက်ပင်လုံးဝနိမ့်ကျနေမည်မဟုတ်ချေ။

ငရဲတစ္ဆေမီးတောက်ကို သူ၏ ဓားချီကြိုးနှင့်ပေါင်းစပ်အသုံးပြုရန်က အားပျော့လွန်းပြီး ၎င်း၏ စွမ်းအားက အကန့်အသတ်ရှိနေပေသည်။

ရုတ်တရက်ဆိုသလိုပင်၊ ယန်ယဲ့၏ မျက်လုံးအစုံက တလက်လက်တောက်ပလာသည်။

"ငရဲတစ္ဆေမီးတောက်က ဓားစိတ်ဆန္ဒ ၊ ဓားချီကြိုးတွေနဲ့ ပေါင်းစပ်နိုင်တယ်ဆိုရင် ဓားဝက်ပါနဲ့ဆိုရင်ကော....., ဘယ်လိုဖြစ်နိုင်မလဲ?"
ထိုအချက်ကိုတွေးမိသည်နှင့်ယန်ယွဲ့ကချက်ချင်း စမ်းသပ်လိုက်ပါသည်။

သူက မတ်တပ်ထရပ်ပြီးနောက် လက်ကို ဆတ်ခနဲ လှန်ချလိုက်သည်။
သူ့လက်ထဲတွင် ဓားချီကြိုးနှစ်ချောင်းပေါ်လာပြီး နှလုံးသားထဲမှစိတ်ဆန္ဒတစ်ခုထုတ်လွှတ်လိုက်ကာ သက်စောင့် ဓား ၃၆ ချောင်းက လေထုထဲသို့ ချက်ချင်း ပျံတက်သွားလေသည်။

ထို့နောက် ယန်ယဲ့က ခဏတာတုံ့ဆိုင်းသွားကာ
လက်ချောင်းများကို အနည်းငယ်လှုပ်ရှားလိုက်ရင်း
သိုလှောင်လက်စွပ်ထဲမှ
ဓားမြောက်များစွာပျံ့တက်လာခဲ့သည်။

ပတ်ဝန်းကျင်တစ်ခုလုံး ဓားအငွေ့အသက်များ
လွှမ်းခြုံနေကာ မြေကမ္ဘာအဆင့်မြင့် ဓား ၂၀၀ က
လေထုထဲတွင်လွင့်မျောနေ၏။

ထိုအချိန်တွင် ယန်ယဲ့က ဓားစက်ဝန်းကို
စိုက်ကြည့်ရင်း အသက်ပြင်းပြင်းရှူပြီး လက်ဝါးကို
လှန်ချလိုက်သည်။

ရှဲ ရှဲ!

လောင်ကျွမ်းသံများနှင့်အတူ ငရဲတစ္ဆေမီးတောက်က
သူ့လက်ဝါးပေါ်တွင် ပေါ်လာခဲ့သည်။

တစ်ဆက်တည်း
သူ့လက်ချောင်းထိပ်ကိုအသာလေးပွတ်သပ်လိုက်ရာ
ငရဲတစ္ဆေမီးတောက်က
ဓားအလင်းတန်းတစ်ခုအသွင်ပြောင်းလဲသွား၏။

ထို့နောက် ၎င်းက ကျယ်လောင်သောပေါက်ကွဲသံနှင့်အတူ
အဆက်မပြတ်လောင်ကျွမ်းသွားကာ
ကောင်းထင်ထက်မှ ဓား ၂၀၀
ထဲသို့ဝင်ရောက်သွားလေသည်။

ယန်ယဲ့က ဓားစက်ဝန်းကို ထိန်းချုပ်ချင်ရုံသာမက၊ ဓားတစ်ချောင်းချင်းစီကို ငရဲတစ္ဆေမီးတောက် နှင့် ပေါင်းစပ်လိုနေခြင်းပင်။

သို့သော် ၎င်းက အလွန်ခက်ခဲပြီးစိတ်အာရုံအသိကိုပင်ပန်းနွမ်းနယ်စေသည်။

အချိန်အနည်းငယ်မျှသာ ကြာပြီးနောက် နဖူးကနေချွေးစေးများစီးကျလာပြီး ယန်ယဲ့၏မျက်နှာက တဖြည်းဖြည်း နီရဲလာထဲ့သည်။

သို့သော် အစမှအဆုံးထိ သူက လက်မလျှော့ခဲ့ပေ။

"ငါ့မှာ ကျောထောက်နောက်ခံမရှိဘူး၊
ဂိုဏ်းလည်းမရှိဘူး၊
နည်းစနစ်တောင်တစ်ခုမှမရှိဘူးဆိုတော့
ငါကိုယ်တိုင်ဖန်တီးမယ်။ ဂိုဏ်းမရှိရင် ဒီကမ္ဘာမှာ
ရှင်သန်ဖို့ဆိုတာ မဖြစ်နိုင်ဘူးလား? ငါ အဲဒါကို မယုံဘူး!
ငါယန်ယဲ့က ကိုယ့်ရဲ့ကံကြမ္မာကို
ကိုယ်တိုင်ထိန်းချုပ်နိုင်ရမယ်!"

သူ၏ထိန်းချုပ်မှုအောက်၌ ငရဲတစ္ဆေမီးတောက်က
မရေမတွက်နိုင်သော မီးတောက်ငယ်များအဖြစ်
ပြောင်းလဲသွားကာ ဓားတစ်ချောင်းချင်းစီနှင့် တ
ဖြည်းဖြည်းပေါင်းစပ်သွား၏။

ရုတ်တရက် ထူးဆန်းစွာပင်
ငရဲတစ္ဆေမီးတောက်နှင့်ပေါင်းစပ်ပြီးနောက်
ဓားတစ်ချောင်းစီက ခရမ်းရောင်ဖျော့ဖျော့မှ
အပြာရောင်သို့ ပြောင်းလဲသွားလေသည်။

ထို့အပြင် ဓား ၂၀၀ ဖြင့်ဖွဲ့စည်းထားသော ဓားစက်ဝန်းက
ပြင်းထန်စွာ တုန်ခါလာခဲ့၏။

သိသာစွာပင် ဓားစက်ဝန်းထဲမှ တစ်စုံတစ်ရာကို
တွန်းထုတ်လိုနေခြင်းပင်။

ထိုအချိန်မှာပဲ ဓားစက်ဝန်းမှ ဖြာထွက်နေသော
အရှိန်အဝါက ကောင်းကင်ကိုတဖြည်းဖြည်း
အရောင်ပြောင်းသွားစေသည်။

သို့သော် အခုအချိန်တွင်
ယန်ယဲ့၏မျက်နှာကသွေးရောင်ပင်မရှိလောက်
ဖြူဖျော့နေပါသည်။

သူ့မျက်နှာက အေးစက်နေသော ချွေးများဖြင့်
ဖုံးလွှမ်းနေကာ မျက်လုံးများက သိသိသာ
ပင်ပန်းနွမ်းနယ်ဟန်များ ပေါ်လွင်နေ၏။

ဘန်း!

လေထဲတွင် ပေါက်ကွဲသံများ
ဆက်တိုက်ထွက်ပေါ်လာပြီးနောက် ဓားစက်ဝန်းထဲမှ
မီးတောက်ကြိုးမျှင်များ ရုတ်တရက်
ပေါက်ကွဲသွားလေသည်။

ဓားစက်ဝန်းက ဓား ၂၀၀ အဖြစ်ခွဲထွက်ကာ လေထဲ၌ ပြန့်ကျဲသွား၏ ။

တစ်ဖက်တွင်တော့ ယန်ယွဲ့၏ခန္ဓာကိုယ်က မြေပြင်ပေါ်သို့ ပြိုလဲကျကာ ပါးစပ်ကိုဖွင့်ဟပြီး အမောတကောအသက်ရှူနေရသည်။

ထိုကဲ့သို့ အတင်းအကြပ် လုပ်ဆောင်ခြင်းကတကယ်ပင် စိတ်အာရုံအသိကို ပင်ပန်းစေသည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့က စိတ်ပျက်လက်ပျက်လေသံဖြင့် ကျိန်ဆဲလိုက်၏။

ဓား ၂၀၀ ဖြင့် ဖန်တီးထားသော ဓားစက်ဝန်းကိုထိန်းချုပ်ရုံဖြင့်ပင် အလွန်ပင်ပန်းနေခြင်းကြောင့်ပါ။

သူက ငရဲတစ္ဆေမီးတောက်ကိုထိန်းချုပ်ပြီး မီးတောက်ကြိုးမျှင် ၂၀၀ အထိခွဲခြားကာ ဓား ၂၀၀ ဖြင့် ပေါင်းစပ်ခဲ့သည်။

အကယ်၍ ထိုအတိုင်းသာအောင်မြင်သွားပါက ဓား ၂၀၀ ကို ထိန်းချုပ်ရန် လိုအပ်ရုံသာမကဘဲ ငရဲတစ္ဆေမီးတောက်၏ မီးတောက်ကြိုးမျှင် ၂၀၀ ကိုပါ ထိန်းချုပ်ရမည်ဖြစ်ပါသည်။

သို့တိုင် ယန်ယွဲ့က လက်လျှော့လိုခြင်းမရှိပေ။

သူက ချက်ချင်းပင် စွမ်းအင်ကျောက်တုံး ၁၀၀ နီးပါးကို ထုတ်ကာ စုပ်ယူလိုက်ပြီးနောက်တစ်ကြိမ် ပြန်၍ လေ့ကျင့်လိုက်ပါသည်။

သို့သော်လည်း သူက အောင်မြင်ခြင်းမရှိသေးပေ။
အချိန်တိုင်း ကျရှုံးနေဆဲဖြစ်ပြီး
အဆုံးမရှိသံသရာလည်နေသည်ဟုပင်ထင်ရ၏။

ထိုကဲ့သို့ ထူးခြားသော နည်းစနစ်ကို
ဖန်တီးရန်ကြိုးစားခြင်းက အလွန်မိုက်မဲသောအရာဟု
ဆိုရပေမည်။

ကျရှုံးသည့်အခါတိုင်း ယန်ယဲ့၏မျက်နှာက လုံးဝကို
ဖြူဖျော့နေပြီး စိတ်အာရုံအသိပင်ဝေဝါးလာတော့သည်။

ထပ်ခါတလဲလဲ ကျရှုံးနေသော်ငြား ကျရှုံးမှုတိုင်းက
ကြိုးစားမှုအပေါ် စမ်းသပ်မှုတစ်ခုပင်မဟုတ်ပါလား။

ဓား ၂၀၀ နှင့် ငရဲတစ္ဆေမီးတောက်၏ မီးတောက်ကြိုးမျှင်
၂၀၀ ကို တစ်ပြိုင်နက် တည်း ထိန်းချုပ်ရန်မှာ
အမှန်တကယ် မဖြစ်နိုင်ပေ။

သို့သော်လည်း ယန်ယွဲ့က အခုအချိန်ထိ
လက်လျှော့ခြင်းမရှိသေးပေ။

လွန်ခဲ့သည့်နှစ်များက သူသည်
အပြင်စည်းတပည့်အဖြစ်မှ
အလုပ်သမားတပည့်အဖြစ်အဆင့်ချခံလို
က်ရသော်လည်း ခန္ဓာကိုယ်သန့်စင်ခြင်းနည်းစနစ်ကို
သုံးနှစ်နီးပါးကြာသည်ထိ လေ့ကျင့်နေဆဲဖြစ်သည်။
သူသည် ထိုသုံးနှစ်အတွင်း လျောင်ပြောင်မှုများစွာကို
အဆက်မပြတ် ကြုံတွေ့ခဲ့ရ၏။

သို့သော် ထိုလျှောင်ပြောင်မှု၊ ကဲ့ရဲ့ရှုံ့ချမှုများကနေ
လက်မလျှော့ခဲ့ဘဲ
အပြင်းအထန်ကြိုးစားပြီးယနေ့အဆင့်ထိရောက်ရှိလာခဲ့
ခြင်းပင်မဟုတ်ပါလား။

ထိုသုံးနှစ်အတွင်း သူကြုံတွေ့ခဲ့ရသည့်အရာများနှင့်
နှိုင်းယှဉ်လိုက်ပါက လက်ရှိအခြေအနေသည်
ဘာမှမဟုတ်ပေ။

ဤသို့ဖြင့် တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးသွားရပြန်သည်။
ယန်ယွဲ့သည်နေ့မနားညမနားလေ့ကျင့်နေခဲ့၏။
ဤကာလအတွင်း သူသည်
အကြိမ်ကြိမ်ကျရှုံးနေသော်ကြား
အနည်းငယ်တိုးတက်လာခဲ့သည်။

မှန်ပါသည်။ ထို အောင်မြင်မှုက

ဓားထိန်းချုပ်မှုမဟုတ်ပေ၊ သူက ငရဲတစ္ဆေမီးတောက်၏

မီးတောက်ကြိုးမျှင် ၂၀၀ ကို ဓားတစ်ချောင်းစီဖြင့် လုံး၀

ပေါင်းစပ်နိုင်ခဲ့ခြင်းကိုပါ။

သို့သော်လည်း ငရဲတစ္ဆေမီးတောက်၏

မီးတောက်ကြိုးမျှင် ၂၀၀ ဖြင့် ပေါင်းစပ်ထားသည့် ဓား

၂၀၀ ကို ထိန်းချုပ်နိုင်ရန် ခဲယဉ်းနေသေးသည်။

တစ်နည်းဆိုရသော် သူက

၎င်းကိုအောင်မြင်စွာထိန်းချုပ်နိုင်ရန်အတွက်

သူ၏စိတ်အာရုံအသိကို သုံးခု ခွဲထုတ်ရန် လိုအပ်သည်။

ထို့ကြောင့် အချိန် တစ်လခွဲကျော်ကုန်ဆုံးသွားသည့်တိုင်
ဓားနည်းစနစ်ကို ဖန်တီးနိုင်ခြင်းမရှိသေးပေ။

သို့သော်လည်း ယန်ယဲ့က ဤကာလအတွင်း
အကျိုးအမြတ် ကြီးကြီးမားမား ရရှိခဲ့သည်။

သူ၏ ဓားထိန်းချုပ်ခြင်းအနုပညာက မူလထက်ပို၍
အဆင့်မြင့်လာခြင်းပင်။

ထို့အပြင် ဓားထိန်းချုပ်ခြင်းအနုပညာ သာမကဘဲ၊
ဓားစိတ်ဆန္ဒ ကိုပါ လိုသလိုထုတ်ဖော်နိုင်ပြီဖြစ်သည်။

ကံမကောင်းစွာပဲ ဓားနည်းစနစ်ကို အခုအချိန်ထိ
ဖန်တီးနိုင်ခြင်းမရှိသေးချေ။

လွန်ခဲ့သောတစ်လအတွင်း သူ၏လေ့ကျင့်မှုက
အကြိမ်ကြိမ်ကျရှုံးခဲ့ပြီး အနည်းဆုံး အကြိမ် တစ်သောင်း
လောက်ထိပင်ရှိခဲ့သည်။

သို့သော် ယန်ယဲ့က စိတ်ဓာတ်မကျဘဲ၊
ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးများကိုထုတ်ယူ
ကာ ဓားနည်းစနစ်ကိုထပ်ခါတလဲလဲလေ့ကျင့်နေခဲ့၏။

ဤသို့ဖြင့် နောက်ထပ်
အချိန်တစ်လထပ်မံကုန်ဆုံးသွားပါတော့သည်။

ကြက်သွေးရောင်
ဓားအလင်းတန်းများကစက်ဝိုင်းပုံသဏ္ဍာန်ဖွဲ့စည်နေကာ

တိတ်ဆိတ်သော တောအုပ်အထက် လေထဲတွင် အဆက်မပြတ် လည်ပတ်နေသည်။

ဓားရှည်များက လေထဲတွင် အဆက်မပြတ် လည်ပတ်နေရင်း ကြောက်မက်ဖွယ်ရာ သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒများ ပတ်ဝန်းကျင်၌ ပျံ့လွင့်နေပေသည်။

သို့သော် ဓားစက်ဝန်းက အကွာအဝေးတစ်ခုသို့ ရွေ့လျားသွားပြီးနောက် သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒက ဓားစက်ဝန်းထဲသို့ပြန်လည်ဝင်ရောက်သွား၏။

ထို့အပြင် ဓားစက်ဝန်းတစ်ဝိုက်၌ အဖြူရောင်မီးတောက်များ ထွက်ပေါ်နေခဲ့သည်။

ဤအဖြူရောင်မီးတောက်များသည်
အလွန်ကြောက်မက်ဖွယ်ကောင်းပြီး ဖြတ်သန်းသွားရာ
လေထုကို ပြာအတိလောင်ကျွမ်းပစ်လိုက်သည်။

ဝုန်း

ဓားစက်ဝန်းပတ်ပတ်လည်ရှိ လေဟာနယ်က
ဓားစက်ဝန်းရွေ့လျားလိုက်သည်နှင့် တဝုန်းဝုန်း
တုန်ခါသွားလေတော့သည်။

ယန်ယွဲ့သည် အထက်လေထုထဲ၌
အဆက်မပြတ်လည်ပတ်နေသော
ဓားစက်ဝန်းကိုစိုက်ကြည့်ရင်း

ရက်စက်ကြမ်းကြုတ်သော အမူအရာများပေါ်လာသည်။
ရုတ်တရက် ကျယ်လောင်သောအသံဖြင့်အော်လိုက်၏။
“ချိုးဖျက်!”

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၄၄ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၄၄)] – ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်း

တစ်ချိန်တည်းမှာပင် လေထုထဲ၌လည်ပတ်နေသော ဓားစက်ဝန်းက ချက်ချင်း ကျဆင်းလာကာ တောအုပ်တည့်တည့်သို့ ပစ်ချလိုက်သည်။

အုန်း!

ကောင်းကင်ဘုံကိုးလွှာမှဆင်းသက်လာသော နတ်မိုးကြိုးကဲ့သို့ပင်။
ကျယ်လောင်သောပေါက်ကွဲသံကြီးက တောအုပ်တစ်ခုလုံး ပဲ့တင်ထပ်သွား၏။
ထို့နောက် ဓားစက်ဝန်းကနေ တလက်လက်တောက်ပနေသော အနီရောင် စွမ်းအင်လှိုင်းများ ဖြာထွက်လာခဲ့လေသည်။

တစ်ဆက်တည်း ဦးတည်နေသော နေရာမှ
 ၁ ကီလိုမီတာကျော်ကျယ်ဝန်းသော ဧရိယာက
ဖုန်းဆိုးမြေတစ်ခုအဖြစ် ပြောင်းလဲသွားတော့သည်။

ရှဲရှဲ

မရေမတွက်နိုင်သော မီးတောက်များကကောင်းကင်ကို
လွှမ်းခြုံသွားကာ ကမ္ဘာလောက၏ အဆုံးသတ်
ကျရောက်လာသလိုပင်။

ယန်ယဲ့၏အခြေအနေကတော့......,

ဓားစက်ဝန်းက ကျဆင်းသွားသည်နှင့် တစ်ပြိုင်နက်
သူ၏ မျက်ခွံများက တဆတ်ဆတ် လှုပ်ယမ်းနေကာ
နှလုံးသားထဲမှထိတ်လန့်မှုများ ချက်ချင်းပေါ်လာခဲ့သည်။
 "ချီး! ငါတော့ ကိစ္စတုံးပြီထင်တယ်....."

ကံမကောင်းစွာပဲ၊ ထွက်ပြေးရန်နောက်ကျသွားကာ
ဆန်းကြယ်ချီစွမ်းအင်ကိုကမန်းကတန်းထုတ်ဖော်ပြီး
အတားအဆီးတစ်ခုကို အလျင်အမြန်ဖန်တီးလိုက်ကာ
ခရမ်းရွှေရောင်သံမဏိချပ်ဝတ်ကိုပါအသက်သွင်းလိုက်
တော့သည်။

တစ်ချိန်တည်းမှာပဲ  စူးစူးဝါးဝါးအော်သံနှင့်အတူ
ယန်ယဲ့၏ခန္ဓာကိုယ်ကဘေးဖက်သို့လွင့်ပျံထွက်သွားသ
ည်။

ဝေါ....ဝရော....

လေလှိုင်းများက လျင်မြန်စွာ ပျံ့လွင့်လာပြီးနောက် ချက်ချင်းပင် သူ့ခန္ဓာကိုယ်ကိုပါ ဖုံးလွှမ်းသွား၏ ။

"သေပြီ!" ယန်ယဲ့သည် နီရဲနေသောစွမ်းအင်လှိုင်းလုံးများကိုမြင်လိုက်ရာ အဆက်မပြတ်ကျိန်ဆဲလိုက်ပါတော့သည်။

ဒီတစ်ကြိမ်တွင် သူက သတိလက်လွတ်ဖြင့်အရူးတစ်ယောက်လို လုပ်ဆောင်ခဲ့မိခြင်းပါ။

အခုအချိန်တွင် သူ့စိတ်ထဲ ဓားစက်ဝန်း၏ စွမ်းအားက အားလျော့သွားပြီးသူ့ကိုယ်သူကာကွယ်နိုင်ရန်သာ မျှောင်လင့်လိုက်ပါသည်။

သို့မဟုတ်ပါက သူသည် ကိုယ်ဖန်တီးထားသော နည်းစနစ်တစ်ခုဖြင့် ပထမဆုံးသေဆုံးသွားရသူအဖြစ် ဆန်းကြယ်တိုက်ကြီးတွင် မှတ်တမ်းတင်သွားနိုင်သည်။

ခဏအကြာတွင် အစောပိုင်းက သူထိုင်နေခဲ့သော တောအုပ်တစ်ခုလုံး ပျောက်ကွယ်သွားလေတော့သည်။

ထို့အပြင် ယန်ယွဲ့ရပ်နေခဲ့သောနေရာ၌ မီတာ ၃၀၀ ကျော် ကျယ်ဝန်းသော တွင်းနက်ကြီးတစ်ခုလည်း ဖြစ်ပေါ်လာခဲ့၏။

ဝှစ်....။

လေတိုးသံတစ်ချက်ထွက်ပေါ်လာပြီးနောက်တွင်းနက်ထဲကနေ တစ်ကိုယ်လုံး စုတ်ပြတ်သက်နေသည့်ပုံရိပ်တစ်ခုခုန်ထွက်လာလေသည်။

ဤပုံရိပ်က

ငရဲတစ္ဆေမီးတောက်ဓားနည်းစနစ်ကိုဖန်တီးခဲ့သောယန်ယဲ့ ပင်။

ဤအချိန်၌ သူ့အသွင်ပြင်က

အတော်လေးစုတ်ပြက်သက်နေကာ

သူတောင်းစားတစ်ဦးနှင့်ပင်တူနေသေး၏။

သူ့ခန္ဓာကိုယ်အရေပြားများက မီးလောင်ကျွမ်းမှုကြောင့်နီရဲနေကာဝတ်ရုံရှည်များပင်ပြာအဖြစ်ပြောင်းလဲသွားပုံပါ။

အရေးအကြီးဆုံးအချက်မှာ သူ့ခေါင်းထက်ရှိဆံပင်များ ပြောင်ကျသွားပြီး ဘာအမွေးအမျှင်မှပင် ရှိမနေတော့ပေ။

သေချာကြည့်လိုက်လျှင် ယန်ယဲ့၏ ခန္ဓာကိုယ်ပေါ် ရှိ အရေပြားက အသစ်ဖြစ်နေပုံပင်။

"အဟွတ်...အဟွတ်!"

ယန်ယဲ့က အနည်းငယ် ချောင်းဆိုးလိုက်ပြီးနောက် ပါးစပ်မှ သွေးများ အန်ထုတ်လိုက်ရသည်။

ဘုန်း

သူ့ခန္ဓာကိုယ်ကလည်း
အလွန်အားနည်းနေကာမြေပြင်ပေါ်သို့ပစ်ကျသွားလေ
တော့သည်။

သို့သော် သူက မလှမ်းမကမ်းရှိ ရောမတွင်းနက်ကြီးကို
လှည့်ကြည့်လိုက်ကာမျက်လုံးထဲ၌ ထိတ်လန့်တကြား
အမူအရာများပေါ်လာခဲ့သည်။

"ဘယ်လိုဖြစ်!... ငါ ငါ
ဒါတွေအကုန်လုံးကိုလုပ်ခဲ့တာလား?
ငါဖန်တီးလိုက်တာက ဒီလောက်ကြီးများတောင်လား?
ကောင်းကင်အဆင့်မြင့်နည်းစနစ်တစ်ခုတောင်
ဒီလောက်ကြောက်စရာကောင်းနိုင်မှာမဟုတ်ဘူး။"
အစောပိုင်းက ဖြစ်ပျက်သွားခဲ့သောအရာများကို
ပြန်တွေးနေရင်း ယန်ယဲ့၏

စိတ်ထဲအနည်းငယ်ရှုပ်ထွေးသွားသလိုခံစားလိုက်ရသည်
။

သို့သော် သိပ်မကြာခင်မှာဘဲ သူ့နှလုံးသားထဲ၌
ဖုံးဖိမရနိုင်သော
အကြောက်တရားများလှိုင်းလုံးကြီးသဖွယ်
ထွက်ပေါ်လာခဲ့ပါသည်။

အဘယ်ကြောင့်ဆိုသော် ထိုတိုက်ခိုက်မှုသည် သူ့အား
သေလုနီးပါး ဖြစ်စေခဲ့သည်မဟုတ်ပါလား။ ။

၎င်းက တမင်ချဲ့ကားပြောဆိုနေခြင်းမဟုတ်ပေ။
သူ၏
ခရမ်းရောင်စုံချီစွမ်းအင်အတားအဆီးကကျိုးပျက်သွား

သော်လည်း ခရမ်းရွှေရောင်သံမဏိချပ်ဝတ်ရှိနေသော
ကြောင့်ပါ။

သို့မဟုတ်ပါက
ငရဲတစ္ဆေမီးတောက်နှင့်ပေါင်းစပ်ထားသော
ဓားစက်ဝန်းက
သူ့ကိုအလောင်းပင်မကျန်အောင်လောင်ကျွမ်းသွားပေ
လိမ့်မည်။

ခဏကြာတွင် ခေါင်းယမ်းပြီးနောက်
သူ့နှုတ်ခမ်းထောင့်တွင် အပြုံးတစ်ခုပေါ်လာသည်။
ဓားစက်ဝန်းကြောင့်သေဆုံးလုနီးပါးဖြစ်သွားသော်လည်း
အခုအချိန်တွင် သူ့စိတ်ထဲ၌ အလွန်ပျော်ရွှင်နေပါသည်။

နောက်ဆုံးတော့ ဒီဓားနည်းစနစ်က သူကိုယ်တိုင် ဖန်တီးထားသော အရာဖြစ်သည်။ ၎င်းက ဆန်းကြယ်တိုက်ကြီးရှိကောင်းကင်အဆင့်နည်းစနစ်များ ထက်ပင် ကျော်လွန်နေသည်မဟုတ်ပါလား။

"အိုး! ဟုတ်သားပဲ။ ဒါနဲ့..... ဒီဓားနည်းစနစ်ကို ဘယ်လိုခေါ်ရင်ကောင်းမလဲ?" ယန်ယဲ့က တိုးညှင်းစွာဖြင့် ရေရွတ်လိုက်သည်။

သူက ဓားနည်းစနစ်ကို ဖန်တီးခဲ့သူဖြစ်နေသောကြောင့် နာမည်ပေးသင့်သည်မဟုတ်ပါလား။"ဒါပေမယ့် အဲဒါကို နာမည်ပေးသင့်တယ်ဆိုတော့ ဘယ်လို နာမည်ပေးရမလဲ?" ယန်ယဲ့က အနည်းငယ်ပင် စိတ်ရှုပ်သွား၏။

ခဏအကြာတွင် သူ့မျက်လုံးတွေ
တလက်လက်တောက်ပလာကာ "ဒီဓားနည်းစနစ်က
ငရဲတစ္ဆေမီးတောက် နဲ့ ဓားတွေကနေ ဖန်တီးထားလို့
"ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်း"လို့ ခေါ်ရမယ်။
ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်း! ဟားဟား!
မဆိုးပါဘူး! ဟားဟား!" တစ်ချိန်တည်းမှာပဲ
သူ့လက်ကောက်ဝတ်ကိုလှည့်ကာ မြေကမ္ဘာအဆင့်မြင့်
ဓား ၂၀၀ ကိုပြန်သိမ်းလိုက်လေသည်။

ဓား ၂၀၀ ကိုသိမ်းဆည်းပြီးနောက် သူ့စိတ်ထဲ၌
အတွေးတစ်ခု ပေါ်လာသည်။

"ငရဲတစ္ဆေမီးတောက်ကို
ဓားစက်ဝန်းတစ်ခုလိုဖန်တီးနိုင်တယ်ဆိုတော့၊

ဒီဟာနဲ့တူတဲ့ သဘာဝလွန်ရတနာ
နဝမငရဲအေးမီးတောက်ကလည်းဒီလိုပုံစံမျိုးဖန်တီးနိုင်
မလား?" ယန်ယဲ့က စိတ်ထဲကနေ
ဖြစ်နိုင်ချေကိုတွေးတောပြီး တည်ငြိမ်မနေနိုင်တော့ပေ။

ဟူး......။ ထားပါတော့လေ......
သူက အဖြေကို သိချင်မိသော်လည်း ခေါင်းယမ်းကာ
ရယ်မောလိုက်ပါတော့သည်။

အဘယ်ကြောင့်ဆိုသော်
ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းကိုဖန်တီးပြီးနောက်
သူ့ခန္ဓာကိုယ်ထဲ၌ ဆန်းကြယ်ချီစွမ်းအင်တွေ
တစ်စက်ပင်မရှိတော့ပေ။

ထို့ကြောင့်
ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းကိုထုတ်ဖော်ရန်အသာ
ထား ဓားချိုကြိုးတစ်ချောင်းကိုပင်
ထုတ်လွှတ်နိုင်မည်မဟုတ်ချေ။

ထို့အပြင်
နဝမငရဲအေးမီးတောက်ကိုထိုကဲ့သို့ပေါင်းစပ်ရန်ကြိုးစား
ပါက ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းလို
ချီစွမ်းအင်များပြားစွာအသုံးပြုရပေမည်။

လက်ရှိတွင် သူပိုင်ဆိုင်ထားသော
စွမ်းအင်ကျောက်တုံးများ တစ်ခုမကျန်ပြောင်သွားပါပြီ။
အကယ်၍

နဝမငရဲအေးမီးတောက်ကိုပေါင်းစပ်ပြီးထပ်မံဖန်တီးလို သည့်တိုင်မတတ်နိုင်တော့ပေ။

အချိန်တော်တော်ကြာပြီးနောက် ယန်ယဲ့က

ခေါင်းယမ်းကာ မြေပြင်ပေါ်၌ တင်ပျဉ်ခွေထိုင်ချကာ ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးတစ်တုံးကို ထုတ်ယူပြီး အလျင်အမြန်စုပ်ယူလိုက်ပါသည်။ တောင်ပိုင်းနယ်မြေ၏ အဆင့်သတ်မှတ်ချက်ပြိုင်ပွဲ နှင့် မတူကွဲပြားနေခြင်းကြောင့် ရှေးဟောင်းစစ်မြေပြင်၌ရှိနေစဉ်အချိန်တိုင်းခွန်အားကို ထိန်းထားရမည်ဖြစ်သည်။

ဆန်းကြယ်ချီစွမ်းအင်သာ ကုန်ဆုံးသွားပါက ထိပ်သီးပါရမီရှင်တစ်ဦးပင်လျှင်ပင် ချက်ချင်း သေဆုံးသွားနိုင်သည်။။

သတိမပြတ်ရှိထားခြင်းကသာ ဘေးကင်းလုံခြုံရန်အကောင်းဆုံးပါ။ ထို့ကြောင့် ကျင့်ကြံသူများအတွက် အမြဲမပြတ်သတိထားခြင်းက ဘယ်သောအခါမှ မမှားနိုင်ပေ။

တစ်နာရီနီးပါးကြာပြီးနောက်တွင် သူ၏ခန္ဓာကိုယ်ထဲမှ ဆန်းကြယ်ချီစွမ်းအင်များ ပြန်ပြည့်လာကာ မူလအခြေအနေသို့ရောက်ရှိသွားပါသည်။

ဆန်းကြယ်ချီစွမ်းအင်များသိပ်သည်းစွာထွက်ပေါ်လာပြီး
နောက် ဆန်းကြယ်ရွှေချီကန်အထက်မှ
လေဟာနယ်ဂိတ်တံခါး ရုတ်တရက်
ပွင့်လာသည်ကိုသတိပြုမိလိုက်၏။.. ဒါ....ဒါက....!
ထိုအဖြစ်အပျက်ကြောင့် ယန်ယဲ့နှလုံးသားတစ်ခုလုံးက
ချက်ချင်းတုန်ခါသွားသည်။

တစ်ချိန်တည်း သူ၏ စိုးရိမ်စိတ်များ၊ စိတ်ရှုပ်ထွေးမှုများ
နှင့် စိတ်မသက်မသာ အကြည့်များအောက်၌
လေဟာနယ်ဂိတ်တံခါးအတွင်းပိုင်းကနေ
လူတစ်ဦးသည် ဖြည်းညှင်းစွာ ထွက်ပေါ်လာသည်ကို
မြင်လိုက်၏။

ထိုလူသည်
ဆန်းကြယ်ရွှေချိုကန်ထဲသို့ဆင်းသက်လာပြီးနောက်
ခရမ်းရောင်မင့်ခ်ကလေး၏ဘေးနားတွင်
အိပ်စက်သွားခဲ့သည်။ အနီလူက သူ့ကို ကယ်တင်ရင်း
ဒဏ်ရာအပြင်းအထန်ရပြီး သတိလစ်မေ့မျောသွားသော
ရှောင်ယုရှီပင်။

ရုတ်တရက် သူ့နှလုံးသားထဲမှ
စိတ်ဆန္ဒတစ်ခုကိုထုတ်ဖော်ကာ
ရှောင်ယုရှီ၏ခန္ဓာကိုယ်ကိုသိမ်းကြုံးပွေ့ဖက်လိုက်ပါသ
ည်။

သူက မျက်လုံးများကို
တင်းတင်းကြပ်ကြပ်မှိတ်ထားဆဲဖြစ်သော
သူမ၏မျက်နှာကို အလိုလို ငေးကြည့်နေမိသည်။

ယန်ယဲ့က
လက်သီးနှစ်ဖက်ကိုတင်းကြပ်စွာဆုပ်ကိုင်ထားရင်း
နှလုံးသားတစ်ခုလုံး ဆွဲညှစ်ခံနေရသလို
နာကျင်မှုမျိုးခံစားလိုက်ရသည်။

သူ့လက်က ရှောင်ယုရှီ၏ မျက်နှာလှလှလေးကို
တို့ထိလိုက်ကာ ဆံပင်ဖြူမိန်းမပျိုကိုစိုက်ကြည့်ရင်း
ခေါင်းခါလိုက်လေသည်။

"ယုရှီ! ဘာကြောင့်လဲ?....ဘာကြောင့်
ဒီလောက်မိုက်မဲရတာလဲကွာ။ မင်း

ငါ့ကိုချန်ထားပြီးထွက်သွားနိုင်တယ်ဆိုတာ
ငါသိပါတယ်။

မင်းသာ ထွက်သွားဖို့ ရည်ရွယ်ထားရင် သူတို့က မင်းကို တားဆီးနိုင်မှာမဟုတ်ဘူးဆိုတာလည်း ငါသိတယ်။ ဒါကို ..... ဒါကို မင်း ဘာလို့နောက်ချန်နေခဲ့တာလဲ? မင်းက ငါ့အတွက် နဲ့ မင်းရဲ့သက်တမ်းကို ဘာလို့ စတေးခဲ့တာလဲ။ ဘာကြောင့်လဲကွာ?"

သူ၏အမေ နှင့် ညီမလေးကလွဲလို့
သူ့ဘဝတစ်လျှောက်လုံး
အသက်ကိုငဲ့မတွက်ဘဲအနစ်နာခံပေးဆပ်သူမျိုး
မကြုံတွေ့ခဲ့ဖူးပေ။

မှန်ပါသည်။

သူတို့နှစ်ယောက်အတူရှိချိန်တစ်လျှောက်လုံး ယန်ယဲ့က ရှောင်ယုရှီကို အမြဲလိုလို သတိရှိထားနေခဲ့၏။

မည်သို့ပင်ဆိုစေ လူတစ်ဦး၏စိတ်သဘောထားက ပြောင်းလဲရလွယ်ကူသောကြောင့်လူတိုင်းကိုလွယ်လွယ် နှင့်ယုံကြည်ရန်မဖြစ်နိုင်ပေ။

"တစ်စုံတစ်ဦးက သင်၏ ခင်မင်ရင်းနှီးဆုံးမိတ်ဆွေ (သို့) ဆွေမျိုးပင်
အကျိုးအမြတ်နှင့်ကိုယ်ရေးကိစ္စများရင်ဆိုင်နေရပါက အချိန်မရွေး ဆန့်ကျင်ပါလိမ့်မည်။

ဆွေမျိုးလား? မိတ်ဆွေလား? လူသားများက

အတ္တ လောဘ၊
အကျိုးအမြတ်များနှင့်ပတ်သက်လာခဲ့လျှင်
ဘယ်သူမှခုခံနိုင်မည်မဟုတ်ချေ။

ယန်ယဲ့က ရှောင်ယုရှီ၏ နဖူးကို ချစ်ခင်ကြင်နာစွာ
နမ်းလိုက်ပြီး “ယုရှီ! စိတ်မပူပါနဲ့။ကမ္ဘာလောကရဲ့
အဆုံးသတ် ဒါမှမဟုတ် ငရဲကို
ငါကိုယ်တိုင်သွားရမယ်ဆိုရင်တောင်မှ မင်းကို
ပြန်ပြီးနိုးထလာအောင်လုပ်ပေးမယ်!”
စကားပြောပြီးသည်နှင့် ရှောင်ယုရှီကို
ဆန်းကြယ်ရွှေချီကန်ထဲသို့ ညင်သာစွာ
ပြန်ချထားလိုက်၏။

ထို့နောက် နာကျင်မှုဖြင့်
မျက်လုံးမှိတ်ကာအိပ်စက်နေသော

ခရမ်းရောင်မင့်ခ်ကလေးနှင့်ရှောင်ယုရှီကို
ထပ်မံစူးစိုက်ကြည့်နေလိုက်သည်။

ရှောင်ယုရှီက
အခုထက်တိုင်နိုးထမလာသေးသောကြောင့်
ဆန်းကြယ်ရွှေချီကန်သည်ပင်လုပ်ဆောင်နိုင်စွမ်းမရှိ
ကြောင်းသိသာပေသည်။

သို့သော် ဆန်းကြယ်ရွှေချီကန်က ရှောင်ယုရှီ၏
ဝိညာဉ်ကွဲထွက်နေခြင်းကို ကာကွယ်ပေးထားခဲ့သည်။
သူမ၏ မူလဝိညာဉ်သာ
တည်ငြိမ်နေသရွေ့ပြန်လည်နိုးထရန် နည်းလမ်းကို
ရှာတွေ့သည်နှင့် အသက်ပြန်ရှင်လာစေနိုင်သည်!

သို့သော် ဤကမ္ဘာလောက၌ လူတစ်ဦးကို အသက်ပြန်ရှင်လာစေသောအရာက....!

"ဖြစ်နိုင်တယ်....., ဒီအဖြေကို ငါမသိပေမယ့် အကြောင်းအရင်းကို တိတိကျကျသိနိုင်တဲ့လူကို ငါသိနေတာပဲလေ! အကြီးအကဲမှူ... ဒီအခြေအနေနဲ့ပတ်သက်ပြီးသိနိုင်မှာပါ။" ထို့နောက် ယန်ယဲ့က တုံ့ဆိုင်းမနေတော့ပေ၊ စိတ်ဆန္ဒတစ်ခုကိုထုတ်လွှတ်ကာဓားပျံဆစ်ချောင်းကိုဆင့်ခေါ်လိုက်သည်။

သူက ချက်ချင်းပင် ဓားပျံပေါ်ခုန်တက်လိုက်ကာ တောင်ပိုင်းနယ်မြေဆီသို့

ဦးတည်နေသောလမ်းကြောင်းအတိုင်းအလင်းတန်းတစ်ခုအသွင်ဖြင့် ပျံသန်းသွားလေတော့သည်။

ပုန်းကွယ်နေသောနဂါးစေတီ?
ကံကြမ္မာစွမ်းအားအတွက် တိုက်ပွဲ လား? .... လက်ရှိတွင်သူ့အတွက်
ဒီအရာအားလုံးကိုဂရုစိုက်နေရန်အချိန်မရှိပေ။
ဤအချိန်တွင် သူ့အတွက် အရေးကြီးဆုံးမှာ
ရှောင်ယူ့ရှီကို ကယ်တင်ရန်နည်းလမ်းပါ။

သိုင်းဘုရင်အဆင့် ၉
စွမ်းအားကိုအပြည့်ထုတ်ဖော်ထားသောကြောင့်
ယန်ယွဲ့၏အရှိန်က အလွန်တရာမြန်ဆန်နေခဲ့သည်။

သို့သော်လည်း ကနဦး ခန့်မှန်းချက်အရ
လက်ရှိသူပုံ့သန်းနေသောအရှိန်ဖြင့်ပင်
တောင်ပိုင်းနယ်မြေကိုပြန်ရောက်ရန်အတွက်အချိန်
တစ်ရက်နီးပါးလောက်ကြာမြင့်မည်ဖြစ်သည်။

သို့သော် သူက ဓားပုံ့ကိုစီးနင်းကာ
နဝမမြောက်ငရဲဘုံမှထွက်လာချိန်၌
ရင်းနှီးနေသောမျက်နှာနှင့်ရင်ဆိုင်တွေ့ကာရှေ့ဆက်ပုံ့သ
န်းနေခြင်းကို ရပ်တန့်လိုက်ရ၏။

ထိုရင်းနှီးသောလူက နဂါးစိမ်းလူငယ် ယင်လုံ ပင်။
၎င်းက မိုခေးနှင့်မဟာမိတ်ဖွဲ့ထားသော
နတ်သားရဲမျိုးနွယ်မှ
နဂါးကလန်၏လူငယ်ပါရမီရှင်တစ်ဦးဖြစ်သည်။

သို့သော်လည်း

အခုအချိန်တွင် ယင်လုံတစ်ယောက်တည်းသာရှိနေပြီး မိုခေးနှင့်ဟွင်းယုကိုမတွေ့သောကြောင့် ယန်ယဲ့က ချက်ချင်းမျက်မှောင်ကြုတ်လိုက်သည်။

ယန်ယဲ့သည ခဏတာတုံ့ဆိုင်းသွားကာ ယင်လုံကို တစ်ချက်သာ
ကြည့်လိုက်ပြီးနောက်ဘေးကနေကွေ့ပတ်ကာ ဓားပျံကိုထိန်းချုပ်ပြီး တောင်ပိုင်းနယ်မြေဆီသို့ ဆက်လက်ပျံသန်းသွားခဲ့သည်။

လက်ရှိအချိန်တွင် သူက ယင်လုံ နှင့်တိုက်ခိုက်ရန် (သို့) အနီနဂါးစိမ်းကိုလုယက်ရန် စိတ်မဝင်စားနိုင်ပေ။

သူ့စိတ်ထဲ၌ ရှောင်ယူရှီကို ကယ်တင်ရန်ဟူသော အတွေးတစ်ခုသာရှိနေ၏။

သို့သော်လည်း ထိုအချိန်တွင် နဂါးစိမ်းယင်လုံ၏အေးစက်စက်အသံကိုကြားလိုက်ရသည်။ "လူသား! ရပ်လိုက်စမ်း!"

တစ်ချိန်တည်း၌ မမြင်နိုင်သော နဂါးချီဖိအားက ယန်ယဲ့ဆီသို့ ရုတ်တရက်တိုးဝင်လာခဲ့သည်။

ယန်ယဲ့၏ အကြည့်များက ချက်ချင်းပင် အေးစက်သွားခဲ့ကာ၊ သူ့မျက်လုံးထဲကနေ ကြက်သွေးရောင်ချီကြိုးတစ်ချောင်းထွက်ပေါ်လာပါသည်။

ထို့နောက် ယန်ယဲ့က
သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒကိုထုတ်ဖော်ကာ
နဂါးဖိအားကို ချေဖျက်လိုက်သည်။

တစ်ဆက်တည်း ယင်လုံကိုအေးစက်စက်စိုက်ကြည့်ရင်း
လက်ဝါးကိုလှန်လိုက်ကာ မမြင်နိုင်သောဓားကို
ထိန်းချုပ်ပြီး ခုတ်ပိုင်းချလိုက်ပါသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၄၅ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၄၅)] –ကောင်းကင်ဘုံ၏ကျိန်စာ!

ယန်ယဲ့က စကားတစ်ခွန်းမှ မပြောဘဲ
တိုက်ခိုက်လိုက်သည်ကို မြင်သောအခါ ယင်လုံ၏
မျက်လုံးထဲ၌ သတ်ဖြတ်ခြင်းစိတ်ဆန္ဒများ
ပေါက်ကွဲထွက်လာသည် ။

မမြင်ရသောအင်အားတစ်ခုက
သူ့ကိုဤနေရာရောက်အောင်ဆွဲခေါ်လာခြင်းကြောင့်ရော
က်ရှိနေခြင်းပါ။

မှန်ပါသည်။ သူက ၎င်းကို
မသိသော်လည်းသူ့အတွက်အကျိုးရှိကြောင်းသဘော
ပေါက်ထားခဲ့၏။

ဤနေရာ၌ ကြီးမားသော ပေါက်ကွဲသံနှင့်အတူ
ယင်လုံသည် သဘာဝရတနာတစ်ခု
မွေးဖွားလာပြီဖြစ်ကြောင်း သေချာပေါက်
ခံစားလိုက်ရသည်။ သဘာဝ ရတနာများစွာ
မွေးဖွားခြင်းသည် ကမ္ဘာကြီးကို တုန်လှုပ်စေခဲ့သည်။
ထို့ကြောင့် သူက အထီးကျန်နတ်ဆိုးသခင်နောက်ကို
ဆက်မလိုက်တော့ဘဲ ဤနေရာတွင်သာ
ကျန်နေခဲ့ခြင်းဖြစ်သည်။

သို့သော် တစ်ချိန်တည်းမှာပင်
ယန်ယဲ့နှင့်တွေ့ဆုံလိမ့်မည်ဟု မမျှော်လင့်ထားပေ။

ယန်ယဲ့က စွမ်းအားပေါက်ကွဲမှုအလယ်ဗဟိုကနေ
ပြေးထွက်လာသောကြောင့် သူမြင်လိုက်သည်နှင့်
သတ်ဖြတ်ရန်ကြံစည်လိုက်ခြင်းပင်။
အကြောင်းအရင်းမှာ ဤယန်ယဲ့က
လူသားဖြစ်နေသောကြောင့်ပါ။

အတိုချုပ်ပြောရလျှင် တစ်ကိုယ်တည်းသွားလာနေသော
လူသားတစ်ဦးနှင့် ရင်ဆိုင်တွေ့လျှင် ထိုလူသားက
သေလမ်းနှင့်သာထိုက်တန်ပေသည်။

သို့သော်လည်း ယန်ယဲ့ကသာ သူ့ကို
အရင်ဆုံးတိုက်ခိုက်လာလိမ့်မည်ဟု မမျှော်လင့်ထားပေ။

ယင်းကြောင့် ယင်လုံ၏ မျက်နှာက
ဒေါသအရိပ်အယောင်များ ဖုံးလွှမ်းသွားလေသည်။

သူ၏ခန္ဓာကိုယ်က မူလပုံစံအဖြစ်သို့ ပြန်ပြောင်းသွားကာ
ရောမနဂါးပါးစပ်ကို ရုတ်တရက်ဖွင့်ဟရင်း
ကျယ်လောင်စွာဟိန်းဟောက်လိုက်ပါသည်။
ထို့နောက် အရှည် ၃၀၀ မီတာခန့်ရှိသော နဂါးစိမ်းကြီးက
ယန်ယဲ့ဆီသို့ တဟုန်ထိုးပျံသန်းသွား၏။

နတ်သားရဲအသွင်ပြောင်းနည်းစနစ်များအပြင်

နဂါးစိမ်းများ၏ အပြင်းထန်ဆုံးအားသာချက်က
၎င်းတို့၏ရုပ်ခန္ဓာခွန်အားဖြစ်သည်။

နဂါးတစ်ကောင်၏ ခန္ဓာကိုယ်ကို
လူသားကျွမ်းကျင်သူတစ်ဦးက
အလွယ်တကူချိုးဖျက်ရန်မဖြစ်နိုင်ပေ။

ထို့ကြောင့် ယင်လုံက အရိုးရှင်းဆုံးနည်းလမ်းဖြင့်သာ
ယန်ယဲ့ကို တိုက်ခိုက်ရန် ရွေးချယ်လိုက်သည်။

သို့သော် ယင်လုံက သူ၏
နတ်သားရဲအသွင်ပြောင်းနည်းစနစ်ကိုအသုံးမပြုခဲ့ပေ။
သူ့စိတ်ထဲ၌ သာမန်ရုပ်ခန္ဓာခွန်အားသည်ပင်ယန်ယဲ့ကို
သတ်ဖြတ်ရန်လုံလောက်နေပြီဖြစ်သည်။

ယင်လုံက သူပြိုင်ဖက်ကို အထင်အမြင်သေးကာ
လျှော့တွက်ခဲ့သော်ငြား
ယန်ယဲ့ကမူသတိလက်လွတ်ပြုမူခဲ့ခြင်းမရှိချေ။

တစ်ချိန်တည်းတွင် သူက
အလျင်စလိုဖြစ်နေသောကြောင့်
လုံးဝထိန်းမထားတော့ပေ။

ငရဲတစ္ဆေမီးတောက်ကမမြင်နိုင်သောဓားနှင့်ပေါင်းစပ်
သွားကာ အဆင့် ၆
သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒကိုထုတ်လွှတ်ပြီး
နဂါးစိမ်းကြီးထံ တိုးဝင်သွားခဲ့သည်။

ယင်လုံက

သူ့ကိုတားဆီးပြီးအချိန်ဖြုန်တီးစေသောလုပ်ရပ်ကြောင့်

ယန်ယဲ့ကအကန့်အသတ်မဲ့

သတ်ဖြတ်ချင်စိတ်များကိုထုတ်ဖော်လိုက်ကာ

သူ့ကိုယ်သူ ထိန်းချုပ်ထားနိုင်စွမ်းမရှိတော့ပေ။

ယန်ယဲ့က သူ့အား

ထိပ်တိုက်ရင်ဆိုင်နေသည်ကိုမြင်လိုက်ရာ

ယင်လုံ၏မျက်လုံးထဲ၌ အထင်အမြင်သေးမှုများ

တောက်ပလာသည်။

ယန်ယဲ့သာ

အဆင့်မြင့်ဓားနည်းစနစ်ကိုလေ့ကျင့်ထားပါက

သူကြောက်လန့်ကောင်းကြောက်လန့်နေပါလိမ့်မည်။

သို့သော်လည်း ယန်ယဲ့က
သူနှင့်ထိပ်တိုက်ရင်ဆိုင်ဝံ့မည်ဟု မမျှော်လင့်ထားပေ။
...ဒီလူသားက သေလမ်းရှာနေတာလား?

ထိုအချိန်မှာပဲ မမြင်နိုင်သောဓားက ယင်လုံ၏ခေါင်းကို တိုက်ရိုက်ပိုင်းချသွားသည်။
ဓား ယင်လုံ၏ မထီမဲ့မြင်ပြုသောအကြည့်အောက်၌ တစ်ချက်ပြင်းထန်စွာတုန်ခါသွားကာ အလင်းတန်းတစ်ခု ထွက်ပေါ်လာသည်။

ယင်လုံ၏မျက်လုံးထဲ၌
အထင်အမြင်သေးဟန်များပေါ်လွင်နေဆဲပင်။

သို့သော် ဤအခိုက်အတန့်တွင်
ယန်ယဲ့၏ဓားမှမီးတောက်မီးလျှံတစ်ခု ရုတ်တရက်
ထွက်ပေါ်လာခဲ့သည်။

မီးတောက်ကြိုးမျှင်ကို
သတိပြုမိသောအခါယင်လုံး၏အထင်မြင်သေးနေသော
အကြည့်များက ချက်ချင်းပင်
ထိတ်လန့်တုန်လှုပ်သွားလေတော့သည်။

ဘာ.....။ ၎င်းက သိသိသာသာတုန်လှုပ်သွားပြီး
ယန်ယဲ့၏မီးတောက်ဓားကိုရှောင်တိမ်းလိုက်ပါသည်။
သို့သော်ငြား အစောပိုင်းတည်းက
သတိလက်လွတ်ဖြစ်နေသောကြောင့်

မီးတောက်လောင်နေသောဓားကသူ့ခေါင်းကို
ပိုင်းချသွားပြီဖြစ်သည်။

ရှစ်!

မမြင်နိုင်သောဓားက
ယင်လုံ၏ခေါင်းကိုပိုင်းဖြတ်လိုက်ကာ၊တစ်ချိန်တည်းယ
န်ယဲ့၏မျက်လုံးထဲ၌
ရက်စက်ကြမ်းကြုတ်ဟန်များပေါ်လာခဲ့သည်။

"ပေါက်ကွဲ!"

အမိန့်ပေးသံဆုံးသည်နှင့် တစ်ပြိုင်နက် ယင်လုံ၏ ခေါင်းထဲမှ ငရဲတစ္ဆေမီးတောက်က တိုက်ရိုက် ပေါက်ကွဲထွက်သွားသည်...။

ဟောက်!

ယင်လုံက ရုတ်တရက် ဒေါသတကြီး အော်လိုက်သည်။

သို့သော်၊ ငရဲတစ္ဆေမီးတောက်ပေါက်ကွဲသွားသည်နှင့် သူ၏နဂါးစိမ်းဦးခေါင်းကတိုက်ရိုက်ကွဲထွက်သွားပါတော့သည်။

မရေမတွက်နိုင်သော အနီရောင်နှင့် အဖြူရောင် နဂါးဦးနှောက်အပိုင်းအစများ၊အသားစများက ပတ်ဝန်းကျင်ဆီသို့ ပြန့်ကျဲသွားသည်။

ဘန်း!

ရောမ နဂါးစိမ်းခန္ဓာကိုယ်ကြီးကမြေပြင်ပေါ်သို့ လဲကျသွားကာ မြေပြင်သည် ပြင်းထန်စွာ တုန်လှုပ်သွား၏။

ပထမဆုံးတိုက်ခိုက်မှုမှာပင် ယင်လုံကသေဆုံးသွားပြီဖြစ်သည်။

မှန်ပါသည်။ ၎င်းက ထာဝရနောင်တများဖြင့်သေဆုံးသွားခဲ့ခြင်းပါ။

အဓိကအကြောင်းအရင်းမှာ သူ၏ သတိ ပေါ့လျော့မှုကြောင့် သေဆုံးခဲ့ရသည်ဟု ဆိုနိုင်သည်။

သူသာ ယန်ယဲ့ကို လျှော့မတွက်ဘဲ
အပြင်းထန်ဆုံးတိုက်ခိုက်ရေးနည်းစနစ်ကိုအသုံးပြုပါက
တစ်ချက်တည်းနှင့်အသတ်ခံရမည်မဟုတ်ချေ။

နောက်ဆုံးတော့
နဂါးမျိုးနွယ်၏မွေးရာပါသွေးမျိုးဆက်စွမ်းအား၊
လေ့ကျင့်မှုက သာမန်မဟုတ်ပေ။

ထို့နောက် ယန်ယဲ့က
ညာလက်ကိုဝှေ့ယမ်းပြီးငရဲတစ္ဆေမီးတောက်ကို
ပြန်သိမ်းလိုက်၏။

ယင်လုံ၏ ဦးခေါင်းမပါသော အလောင်းကို
စိုက်ကြည့်နေရင်းဖြင့် သူ့လက်ထဲတွင်

သို့လှောင်လက်စွပ်တစ်ကွင်း ပေါ်လာပြီး မြေပြင်ပေါ်မှ
ရောမနဂါးစိမ်းအလောင်းကိုဆွဲသွင်းလိုက်လေသည်။
နဂါးရုပ်အလောင်း ဖြစ်နေသောကြောင့်
ရတနာများ အပြည့်ဖုံးလွှမ်းထားသည်ဟုဆိုနိုင်သည်။
၎င်း၏ခန္ဓာကိုယ်ပေါ်မှ အကြေးခွံတစ်ခုတည်းကိုပင်
တန်ကြေးမြင့်မားစွာရောင်းချနိုင်ပေသည်။

အထူးသဖြင့် နဂါးသွေးအဆီအနှစ်။
ကောလဟာလများအရ နဂါးကလန်၏သွေးမျိုးဆက်က
ရုပ်ခန္ဓာခွန်အားကိုမြှင့်တင်နိုင်သည်။
ထို့ကြောင့် ယန်ယွဲ့က ယင်လုံ၏ သွေးအဆီအနှစ်ကို
မဖြုန်းတီးဘဲ ခန္ဓာကိုယ်ထဲမှနဂါးသွေးစက်များကို
ချက်ချင်းထုတ်ယူလိုက်ပါသည်။

ယင်လုံ၏ သွေးအဆီအနှစ်များ နှင့် ရုပ်အအလောင်းကိုသိမ်းဆည်းပြီးနောက်တွင် ယန်ယဲ့က ဓားပျံကို ထိန်းချုပ်ကာ တောင်ပိုင်းနယ်မြေသို့ ဆက်လက် ပျံသန်းသွားခဲ့သည်။

ယန်ယဲ့၏ အမြန်နှုန်းကအလွန်တရာမြန်ဆန်နေသောကြောင့် တစ်ရက်အကြာမှာပဲ မရဏသေမင်းချောက်နက်သို့ ရောက်ရှိသွားသည်။

သူက အိမ်အိုလေးရှေ့သို့ရောက်သောအခါ ရှောင်ယုရှီကို သူ့ရင်ခွင်ထဲတွင် ပွေ့ဖက်လိုက်ကာ ဖြည်းညှင်းစွာဖြင့်လျှောက်လာခဲ့၏။

ထိုအချိန်တွင်
တံခါးဖွင့်သံကိုကြားလိုက်ရပြီးအတွင်းပိုင်းကနေ
အိုမင်းနေသောပုံရိပ်တစ်ခုထွက်လာသည်ကိုမြင်လိုက်
လေသည်။

အကြီးအကဲမှူ!
လူအိုကြီးက ယန်ယဲ့ကိုငုံ့ကြည့်ပြီးနောက်
သူ့အကြည့်များက
ယန်ယဲ့၏ရင်ခွင်ထဲ၌ပွေ့ဖက်ထားသော
ရှောင်ယုရှီအပေါ်ကျဆင်းသွားခဲ့သည်။

တစ်ချိန်တည်းမှာပဲ သူ့မျက်ခုံးများက တွဲကျလာပြီး
အံ့အားသင့်စွာ ရေရွတ်လိုက်၏။

“သနားစရာပဲ! ဒီကလေးမက ကောင်းကင်ဘုံရဲ့ကျိန်စာတိုက်ခံရပြီး အသက်စွမ်းအင်တွေကုန်ဆုံးသွားပြီ။ တကယ် သနားစရာပဲ!"

"ကောင်းကင်ဘုံရဲ့ ကျိန်စာ လား?" ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး “အကြီးအကဲမူ! ဒါက ဘာကိုဆိုလိုတာလဲ?"

အကြီးအကဲမူက ပေါ့ပေါ့ပါးပါး ပြုံးပြီးပြောသည်။ “ဒီကမ္ဘာမှာ ကောင်းကင်ကိုဆန့်ကျင်ရတာ နှစ်သက်တဲ့သူတွေ အမြဲရှိတယ်။ဒါပေမယ့် အဲဒါကို လုပ်နိုင်စွမ်းက နိမ့်ကျတဲ့အတွက် ကောင်းကင်ဘုံရဲ့ ကျိန်စာတိုက်တာကိုခံရတယ်။

ဒီကျိန်စာသည် နောင်မျိုးဆက်တွေအထိသက်ရောက်လို့ အရမ်းကြောက်စရာကောင်းတဲ့ အပြစ်ပေးကျိန်စာလို့ ဆိုရမယ်။

ဒီတော့

ကောင်းကင်ဘုံကို ဆန့်ကျင်ပြီး ကောင်းကင်ဘုံရဲ့ အပြစ်ပေးကျိန်စာကို ခံခဲ့ရတဲ့ သူမရဲ့ဘိုးဘေး ဒါမှမဟုတ် သူမရဲ့မျိုးနွယ်ထဲက တစ်စုံတစ်ယောက်ကြောင့် ဖြစ်နိုင်တယ်။”

ယန်ယဲ့က ကမန်းကတန်းပြောလိုက်ပါသည်။

"အကြီးအကဲမူ! သူမရဲ့အသက်စွမ်းအင်ကိုပြန်ပြီးရယူဖို့ နည်းလမ်းရှိလား?"

"ဘာရယ်..., ကလေး! မင်းက သူ့ကို ကယ်ချင်တာလား?" အကြီးအကဲမှူ က ယန်ယွဲ့ကိုစိုက်ကြည့်ကာ အနည်းငယ် အံ့အားသင့်စွာဖြင့် ပြောလိုက်သည်။

ယန်ယွဲ့က တုံ့ဆိုင်းမနေဘဲ ချက်ချင်း ခေါင်းညိတ်လိုက်သည်။

"သူမကို ကယ်တင်တာက ကောင်းကင်ကိုဆန့်ကျင်တာနဲ့အတူတူပဲဆိုတာ မင်းသိသလား?" အကြီးအကဲမှူ က ဆက်ပြောသည်။
“သူမက ကောင်းကင်ဘုံရဲ့အပြစ်ပေးကျိန်စာသင့်နေသူတစ်ယောက်နော်! မင်းသာ သူ့ကို ကယ်တင်လိုက်ရင် မင်း လည်း

ကောင်းကင်ဘုံကိုဆန့်ကျင်ပြီး လုပ်နေတယ်လို့ ဆိုလိုတယ်။
ဒီလိုဆိုရင် မင်းလည်း ကောင်းကင်ဘုံရဲ့အပြစ်ပေးကျိန်စာကို ခံရလိမ့်မယ်။
ဒီလို ပြစ်ဒဏ်က အရမ်းပြင်းထန်တယ်။”

သို့သော် ယန်ယွဲ့က ခေါင်းခါပြီး “အကြီးအကဲမူ! သူမကို ကယ်တင်ဖို့ နည်းလမ်းရှိမရှိ ပြောပြပါ။
ကောင်းကင်ဘုံရဲ့ကျိန်စာ နဲ့ ပတ်သက်ရင်၊ ဟားဟား! သေခြင်းတရားပဲရှိမှာပေါ့ယ ဘာလို့ကြောက်ရမှာလဲ?"

အကြီးအကဲမူ က ယန်ယွဲ့ကို ခဏလောက် စိုက်ကြည့်ရင်း ခေါင်းခါလိုက်မိသည်။“လူငယ်တွေက တကယ်ကို ရူးရူးမိုက်မိုက် လုပ်တတ်တာပဲ။ ကောင်းပြီ၊

ငါ့မင်းကိုမတားဘူး၊ မဟုတ်ရင်
မင်းငါ့ကိုမုန်းသွားလိမ့်မယ်!"

သူက စကားကိုရပ်ကာ
ရှောင်ယူရှီကိုတစ်ချက်ကြည့်လိုက်ပြီး "မင်း သူမကို
ကယ်တင်ချင်ရင် ကောင်းကင်ဘုံရက ဖယ်ထုတ်ထားတဲ့
သူမရဲ့ခန္ဓာကိုယ်အတွင်းက ခွန်အားကို ပြန်လည်ရရှိဖို့
လိုအပ်တယ်။ ဒီအရာက လူတစ်ဦးကို
သေဆုံးခြင်းသံသရာစက်ဝန်းကနေလွတ်မြောက်စေလို
က်တာနဲ့ အတူတူပဲ။ ပြီးတော့လည်း အောင်မြင်ဖို့
အရမ်းခက်ခဲတယ်၊ ဒါကြောင့် မင်းက စိတ်ပိုင်းဆိုင်ရာကို
ကြိုပြီး ပြင်ဆင်ထားဖို့လိုမယ်။”

ယန်ယဲ့သည် သူ့ရင်ခွင်ထဲတွင် အိပ်စက်နေသော ရှောင်ယုရှီကို ငုံ့ကြည့်ကာ "ဘယ်လောက်ပဲ ခက်ခဲနေပါစေ လုပ်ရမှာပဲ!"

အကြီးအကဲမှူက ခေါင်းညိတ်ပြီး ဆက်ပြောလိုက်ပါသည်။ “ဒီလိုဆို သူမရဲ့အတွင်းအားကို ပြန်လည်ရယူနိုင်ဖို့အတွက် နည်းလမ်းသုံးမျိုးရှိတယ်။ ပထမနည်းလမ်းမှာ "ရှင်သန်ခြင်း"လို့ခေါ်တဲ့ သဘာဝလွှန်ရတနာတစ်ခုပဲ။ ဒီသဘာဝလွှန်ရတနာက ကောင်းကင်နဲ့မြေကြီးရဲ့ဝိညာဉ်စွမ်းအင်တွေ ပေါင်းစပ်ဖွဲ့စည်းရာကနေဖြစ်ပေါ်လာတဲ့ အရာပေါ့။ ဒါက လူတစ်ယောက်ရဲ့ အသက်စွမ်းအင်ကိုပြန်လည်ရယူနိုင်ရုံတင်မကဘူး၊ သူ့ရဲ့ဝိညာဉ်က ဒီကမ္ဘာထဲကနေ

ပျောက်ကွယ်မသွားရင်တောင်
ဝိညာဉ်ကိုပြန်ခေါ် နိုင်တယ်။ ဒါ့အပြင်
ဒီသဘာဝလွန်ရတနာက
လူသားတွေနဲ့နတ်ဆိုးသားရဲတွေရဲ့သက်တမ်းကို
တိုးမြှင့်ပေးနိုင်သေးတယ်။”

ယန်ယဲ့က စိတ်လှုပ်ရှားနေသောလေသံဖြင့်မေးလိုက်၏။
"အဲ့ဒီသဘာဝလွန်ရတနာကို ဘယ်မှာသွားရှာရမလဲ?"

အကြီးအကဲမူက ခေါင်းခါလိုက်သည်“ငါလည်းမသိဘူး၊
တစ်စုံတစ်ယောက်ရဲ့
လက်ထဲမှာရှိနေတာကိုမြင်ခဲ့တာပဲရှိတယ်။
ဒီသဘာဝလွန်ရတနာက ကမ္ဘာပေါ်မှာ

တည်ရှိနေဦးမယ်ဆိုတာတော့ သေချာတယ်။
ကံမကောင်းစွာပဲ၊ အဲ့ဒီလူအသုံးပြုခဲ့တာ။"

ယန်ယဲ့က ထိုစကားကိုကြားသောအခါ အကူအညီမဲ့စွာ
ရယ်မောလိုက်မိသည်။ “အကြီးအကဲမူ!
ဒုတိယနည်းလမ်းကို ဆက်ပြောပြပါ!”
အကြီးအကဲမူသည်ပင်ရှာဖွေရမည့်နေရာကို
မသိနိုင်သောကြောင့်သူကဘယ်လိုတတ်နိုင်ပါမည်နည်း။

သူ့အနေဖြင့်
အချိန်ကြာမြင့်နိုင်သည်ကိုစိုးရိမ်မနေသော်ငြား
ရှောင်ယူ့ရှီက စောင့်ဆိုင်းနေရန်မဖြစ်နိုင်ပေ။

အကြီးအကဲမူက ပြုံးလိုက်၏။“ ဒုတိယနည်းလမ်းက ပထမနည်းလမ်းထက် ပိုလွယ်တယ်။အရင်ဆုံးမပျော်ပါနဲ့။ မင်းက ဒီနည်းလမ်းကိုသိရင်တောင်လုပ်ဆောင်နိုင်ဖို့ဆိုတာ ကောင်းကင်ကိုတက်လှမ်းတာထက် ခက်နေတုန်းပဲ။

ဒုတိယနည်းလမ်းကတော့ ကောင်းကင်ကပေးတဲ့ ကံကြမ္မာအတိုင်း၊ တစ်နည်းပြောရရင် ကောင်းကင်ဘုံကိုဆန့်ကျင်ပြီး မင်းရဲ့သက်တမ်းကို မျှဝေတာ။”

"နှစ်ဦးလုံးရဲ့ဘဝသက်တမ်းတွေကိုမျှဝေရမှာလား?" ယန်ယဲ့က အလွန် အံ့သြသွားသည်။

"ဟုတ်တယ်...., ဆိုလိုတာက မင်းတို့နှစ်ယောက်လုံး သက်တမ်းတစ်ခုတည်းကို အတူတကွ မျှဝေရလိမ့်မယ်။ ရိုးရိုးရှင်းရှင်းပြောရရင် မင်းရဲ့သက်တမ်းကို သူမဆီခွဲပေးရမှာ! ငါပြောတာကို နားလည်ရဲ့လား?” အကြီးအကဲမူက ယန်ယဲ့ကိုကြည့်ရင်းသိလိုစိတ်များဖြင့် ပြောသည်။

"ဒါက အလုပ်ဖြစ်လား?" ယန်ယဲ့က အံ့အားသင့်သွားပြီး “အကြီးအကဲမူ၊ ဒါဆို ငါ့ရဲ့သက်တမ်းကို ယုရှီ နဲ့ အခုချက်ချင်း မျှဝေလိုက်ပါ!”

"ဟူး....၊ ဒါက ဘယ်လိုဖြစ်ရတာလဲ?" အကြီးအကဲမူက ခေါင်းခါပြီး “ဒါက တခြားလူဆိုရင် ခက်မှာမဟုတ်ဘူး။

ဒါပေမယ့် ကောင်းဘုံရဲ့ကျိန်စာသင့်နေသူဖြစ်လို့ ခက်ခဲတယ်။

မင်းရဲ့သက်တမ်းကို သူမနဲ့ မျှဝေဖို့အတွက် ကောင်းကင်က ပေးအပ်ထားတဲ့ ကံကြမ္မာအတိုင်း လုပ်ဆောင်ရမှာလေ! တစ်နည်းအားဖြင့် အရင်ဆုံး ကောင်းကင်ဘုံရဲ့ အသိအမှတ်ပြုမှုကိုရယူရမယ်။ ဒီလိုမဟုတ်ရင် သူမနဲ့ မင်းရဲ့သက်တမ်းကို မျှဝေရင်းနဲ့ ပြန်ပြီးနိုးထလာရင် ကောင်းကင်ဘုံက သူမကို ချက်ချင်း ဖယ်ရှားပစ်မှာပဲ။ ဒါ့ကြောင့် သူမကို ကောင်းကင်ဘုံရဲ့အသိအမှတ်ပြုမှုကို အရင်ဆုံး ရယူပေးရမယ်။

ကောင်းကင်ဘုံရဲ့အသိအမှတ်ပြုတာကိုတော့ အခု မင်းမှာ အခွင့်အရေးတစ်ခုရှိနေပြီလေ! ဒါက ပုန်းကွယ်နေသောနဂါးစေတီထဲမှာရှိတဲ့

ကံကြမ္မာစွမ်းအား ပဲ။ တကယ်လို့ မင်းကသာ ကံကြမ္မာစွမ်းအားကို အလုံအလောက်ရယူနိုင်ရင် သူမကို ပေးလိုက်တာနဲ့ ကောင်းကင်ဘုံရဲ့ကျိန်စာကိုတောင် ကာကွယ်ဖို့လုံလောက်သွားလိမ့်မယ်!”

"ကံကြမ္မာစွမ်းအားက ကောင်းကင်ဘုံရဲ့ကျိန်စာကို ဖိနှိပ်နိုင်တာလား? ယန်ယွဲ့က စိတ်လှုပ်ရှားစွာမေးလိုက်သည်။

သူသိထားသလောက် ကံကြမ္မာစွမ်းအားက သာမန်ထက်အနည်းငယ်သာ သာလွန်နေသောအရာတစ်ခုဖြစ်သည်။

ဂိုဏ်းတစ်ခု (သို့) မျိုးနွယ်စုတစ်ခု၏ အင်အားတောင့်တင်းမှုကို ထိန်းသိမ်းထားရန်

အသုံးပြုသည့်အရာတစ်ခုဖြစ်သည်ဟုသာယူဆထားခြ
င်းဖြစ်သည်။

ထိုကဲ့သို့သိထားခြင်းကြောင့်သာ ကံကြမ္မာစွမ်းအားက
ကောင်းကင်ဘုံ၏ကျိန်စာကိုမည်သို့ဖယ်ရှားနိုင်မည်နည်း
ဟုပင်တွေးနေမိသည်။

"ဒါပေါ့!" အကြီးအကဲမူ က
“ပုန်းကွယ်နေသောနဂါးစေတီအောက်မှာရှိတဲ့
မြေအောက်မှာ နဂါးသွေးကြောတစ်ခုရှိတယ်။

နဂါးသွေးကြောက ကောင်းကင် နဲ့ မြေကြီးကနေ
မွေးဖွားလာတာဖြစ်လို့
သူမရဲ့ကျိန်စာကိုဖယ်ရှားဖို့အသုံးပြုနိုင်တယ်။

အဲဒီအချိန်ကျရင်... မဟုတ်ဘူး၊ အခုကစပြီး မင်းရဲ့ သက်တမ်းကို သူမနဲ့ တဖြည်းဖြည်းချင်း ဝေမျှရင်းနဲ့ ဒီကလေးမရဲ့ အသက်ဓာတ်ကိုထိန်းထားပါ။

ဒီလိုမှမဟုတ်ရင် သူမက အနာဂတ်မှာ အသက်ပြန်ရှင်လာရင်တောင် ကျင့်ကြံခြင်းလမ်းစဉ်မှာ ကျရှုံးမှုတွေ၊ အတားအဆီးတွေနဲ့ ကြုံတွေ့ရလိမ့်မယ်။ ကံကြမ္မာစွမ်းအားကိုမင်းရပြီးတာနဲ့ သူမရဲ့ကျိန်စာကို ချေဖျက်လိုက်။ ပြီးတော့ မင်းရဲ့ဘဝသက်တမ်းကိုသူမနဲ့အတူမျှဝေလို့ရပြီ။ တစ်ခုတော့ရှိတယ်..... သက်တမ်းကို မျှဝေတဲ့ ပမာဏက မင်းအပေါ်မှာပဲ မူတည်တယ်။”

ယန်ယွဲ့က ခေါင်းညိတ်ပြပြီး ခေါင်းယမ်းကာ ရယ်မောလိုက်ပါသည်။

မူလက သူသည် နဝမငရဲအေးမီးတောက်ကို

ရှာဖွေရန် ရည်ရွယ်ချက်ကြောင့်သာ
ရှေးဟောင်းစစ်မြေပြင်ကို ဦးတည်သွားခြင်းပင်။
သူ့စိတ်ထဲ၌ ပုန်းကွယ်နေသောနဂါးစေတီ နှင့်
ပတ်သက်ပြီး မည်သည့်အခါမျှ
တွေးတောခြင်းမပြုခဲ့ပေ။

သို့သော်လည်း အခုအချိန်၌ သူမသွားချင်သည့်တိုင်
သေချာပေါက် သွားရပေမည်။

ကံကြမ္မာစွမ်းအား ? ယန်ယဲ့က
လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး အရယူရန်
စိတ်ပိုင်းဖြတ်လိုက်ပါသည်။

ထို့နောက် ယန်ယဲ့က
အသက်ပြင်းပြင်းရှူပြီးထပ်မေးလိုက်၏။
"အကြီးအကဲမူ၊ ငါ့ရဲ့သက်တမ်းကို သူနဲ့ ဘယ်လို
ဝေမျှရမလဲ?"

ထိုစကားသံကိုကြားလိုက်သည်နှင့် အကြီးအကဲမူ၏
မျက်နှာထက်၌ထူးဆန်းသောအမူအရာတစ်ခုချက်ချင်း
ပေါ်လာခဲ့သည်။

အကြီးအကဲမူက
ခဏလောက်တုံ့ဆိုင်းနေပြီးမှလက်ဝါးကိုဖြန့်လိုက်ကာ
"မင်းကိုယ်မင်းယုံကြည်မှုရှိရဲ့လား?" တစ်ချိန်တည်းမှာပဲ
ယန်ယဲ့၏ရှေ့၌ စာလိပ်တစ်ခုပေါ်လာသည်။

စကားပြောပြီးသည်နှင့်တစ်ပြိုင်နက် အကြီး အကဲမှူ က နေရာမှာပင် ပျောက်ကွယ်သွားသည်။

ယန်ယွဲ့သည် သူ့လက်ထဲမှစာလိပ်ကို စိုက်ကြည့်ပြီးနောက် မျက်လုံးများ အနည်းငယ်ပြူးကျယ်သွား၏။ မှန်ပါသည်။ အကြီးအကဲမှူပေးအပ်ခဲ့သော ဘဝသက်တမ်းကိုမျှဝေရန်နည်းလမ်း၊ စာလိပ်၏ထိပ်ဆုံးတွင်ဖော်ပြထားသည်က "နှစ်မွှာကျင့်ကြံခြင်းနည်းစနစ်"ဖြစ်နေသောကြောင့်ပင်။

ဆက်ရန်

အဆိုးမဲ့ဓားကမ္ဘာ ၃၄၆ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၄၆)] –နှစ်မွှာကျင့်ကြံခြင်းနည်းစနစ်

စာလိပ်ကိုဖွင့်ကြည့်လိုက်သောအခါ ယန်ယဲ့၏ အမူအရာသည် အနည်းငယ် သဘာဝမကျသလို ဖြစ်သွားလေသည်။

"နှစ်မွှာကျင့်ကြံခြင်းနည်းစနစ်"က 'အတူနေခြင်း'ကို ရည်ညွှန်းပြီး တစ်ဦး၏ သက်တမ်းကို

အခြားတစ်ဦးဆီသို့ တဖြည်းဖြည်း
လွှဲပြောင်းပေးသောကြောင့်ပင်။

၎င်းက သက်တမ်းကို လွှဲပြောင်းပေးနိုင်ရုံသာမက
ကျင့်ကြံမှုအဆင့်ကိုပင် လွှဲပြောင်းပေးနိုင်သည်။
တစ်နည်းဆိုရသော် လူနှစ်ဦးကို
နှလုံးသားချင်းနီးကပ်စေပြီး
တစ်သားတည်းဖြစ်တည်စေခြင်းပါ။

ယေဘုယျအားဖြင့် "နှစ်မွှာကျင့်ကြံခြင်းနည်းစနစ်" က
နှစ်ဖက်စလုံးအတွက် အလွန်အကျိုးရှိသည်။
သို့သော်ငြား....

သူ့ရင်ခွင်ထဲ၌ လဲလျောင်းနေသော ရှောင်ယုရှီကို စိုက်ကြည့်ရင်း ယန်ယဲ့၏ အမူအရာက ပိုလို့တောင် သဘာဝမကျသလို ဖြစ်သွားပါသည်။

" ဒီလိုနည်းနဲ့ ငါသူ့ကို အခွင့်ကောင်းယူမှာမဟုတ်ဘူးမလား။ ဒါပေမယ့် ငါမလုပ်ရင် သူမရဲ့ ဝိညာဉ်နဲ့ ခန္ဓာကိုယ်က ကျိန်းသေ ပျက်စီးသွားလိမ့်မယ်။"

အကြီးအကဲမူ ပေးအပ်ခဲ့သော "နှစ်မွှာကျင့်ကြံခြင်းနည်းစနစ်"ကြောင့် ယန်ယဲ့၏စိတ်ထဲ အနည်းငယ် ရှုပ်ထွေးသွားသည်။

ခဏအကြာ၌ ရုတ်တရက် ခေါင်းယမ်းကာ ပြုံးပြရင်း နေရာမှာပင် တွေဝေနေမိ၏။

သူ့ကိုယ်သူပင် လှောင်ပြောင်လိုက်ပါသည်။

"  ငါယန်ယဲ့က တကယ်ပဲ

ယောက်ျားကောင်းတစ်ဦးဖြစ်နိုင်သေးလား? ဟူး...

ဘာပဲဖြစ်ဖြစ်ပါလေ သူက ငါ့ကြောင့်

ဒီလိုအခြေအနေမျိုးရောက်နေပြီဆိုတော့ ဘယ်လိုမှ

နောက်ပြန်မဆုတ်နိုင်တော့ဘူး။

ငါမတတ်နိုင်ဘူးထင်နေပြီးတော ြ ဘာလို့

တုံ့ဆိုင်းနေရတာလဲ?"

အချိန်တော်တော်ကြာ စဉ်းစားပြီးနောက် ယန်ယဲ့က

မဝံ့မရဲရပ်သွားသည်။

 သူက ညာလက်ကို ဝှေ့ယမ်းပြီးနောက်

မမြင်နိုင်သောဓားကို ထုတ်ယူကာ

တလက်လက်တောက်ပနေသော
ခရမ်းရောင်ဓားအလင်းတန်းကို ငေးကြည့်နေသည်။

.......။

လှိုဏ်ဂူတစ်ခုထဲ၌။
ယန်ယဲ့သည် သူ့ရှေ့တွင်
လဲလျောင်းနေသောရှောင်ယုရှီ၏ခန္ဓာကိုယ်ကို
စိုက်ကြည့်ရင်း တုန်လှုပ်သွားပြန်သည်။
"နှစ်မှာကျင့်ကြံခြင်းနည်းစနစ်"ကို
တွေးကာစိတ်ရှုပ်နေသလို တစ်ဖက်တွင်လည်း
ကောင်းကင်ဘုံ၏ကျိန်စာကိုတွေးတောပြီးစိုးရိမ်နေမိသ
ည်။

တစ်ဖန် နောက်ဆုံးတော့ သူသည်
ဤကဲ့သို့အဖြစ်အပျက်များနှင့် တစ်ခါမှ
အတွေ့အကြုံမရှိခဲ့ပေ။
သူ့တွေ့ကြုံဖူးသော အချိန်က
သတိလက်လွတ်ဖြစ်သွားခြင်းကြောင့်ပါ။
ထိုအခြေအနေကို ပြန်တွေးမိတိုင်း
ယန်ယဲ့ကအတော်လေးခံရခက်နေခဲ့၏။

အခုအချိန်တွင် သူ၏အသိစိတ်က ရှင်းလင်းနေသော်ငြား
ဘယ်ကနေဘယ်လိုစရမှန်းပင်မသိချေ။

သို့သော် ယန်ယဲ့ကနေရာတွင် ခဏရပ်လိုက်ကာ
ခေါင်းယမ်းပြီး တိတ်တဆိတ်စွာလဲလျောင်းနေသော

ရှောင်ယုရှိထံသို့ ဖြည်းညှင်းစွာ
လျှောက်သွားလိုက်ပါတော့သည်။

သူမက အလွန်ချောမောလှပပြီး
နှင်းကဲ့သို့ဖြူစွတ်နေသောမျက်နှာလေးက
ကောင်းကင်တမန်တော်နတ်သမီးအလားပင်။

သူမ၏ ဝိုင်းစက်နေသောမျက်နှာလေးက
ကျောက်စိမ်းကဲ့သို့ တလက်လက်တောက်ပနေပြီး
နှုတ်ခမ်းသားများကလည်းနီစွေးနေပေသည်။

ထိုကဲ့သို့အသွင်အပြင်များက သူမ၏
နှင်းဖြူရောင်အသားအရေနှင့် ပေါင်းစပ်လိုက်သောအခါ
သူ့ရှေ့တွင် လဲလျောင်းနေသောသူမက
ကောင်းကင်ဘုံမှဆင်းသက်လာသော
တမန်တော်နတ်သမီးတစ်ပါးဟုပင်ထင်ရ၏။

ယန်ယဲ့က

ရှောင်ယု့ရှီ၏ဖြူဖွေးလှပနေသောမျက်နှာလေးကို

စိုက်ကြည့်ရင်း အနည်းငယ်

ရူးသွပ်သွားသလိုခံစားလိုက်ရသည်…။

တကယ်တမ်းတော့ သူ့စိတ်ထဲ၌ သူမကို အခုလိုမျိုး

ထာဝရ ကြည့်နေနိုင်သည့်အချိန်က အလွန်ကြည်နူးသလို

ခံစားမိနေ၏။

မည်သို့ပင်ဆိုစေ ပျော်ရွှင်မှုဟူသည်တစ်ခါတစ်ရံတွင်

လုံးဝ မရိုးရှင်းပေ။

ရုတ်တရက် သူက ရှောင်ယု့ရှီ၏ နီထွေးအိစက်နေသော

နှုတ်ခမ်းပါးပါးလေးကိုအသာကိုက်ကာ

ငုံ့ကြည့်လိုက်ပြီးနောက် "ယုရှီ!
ငါတောင်းပန်ပါတယ်......၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းကို
ထာဝရလက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး!"

သူစကားပြောပြီးသည်နှင့် ယန်ယွဲ့၏ လက်များက
အနည်းငယ် တုန်ရီနေပြီး ရှောင်ယုရှီ၏ရင်ဘတ်ဆီသို့
ဖြည်းညှင်းစွာရွေ့လျားသွားသည်...။

သူက လက်များကို ကစားနေရင်း
နှင်းကဲ့သို့စွတ်စွတ်ဖြူနေသော
တောင်ပို့ငယ်နှစ်ခုကိုမြင်လိုက်ရာ
အသက်ရှူသံများပင်မြန်ဆန်လာ၏။

နဖူးပေါ်မှ ချွေးအနည်းငယ်စီးကျလာပြီးနောက်
တံတွေးတစ်လုတ်မျိုးချလိုက်ကာခဏလေးတုံ့ဆိုင်းသွား
သည်။

ယန်ယဲ့က မျက်လုံးကိုမှိတ်ကာ
အသက်ပြင်းပြင်းရှူသွင်းပြီး
နောက်တစ်ကြိမ်ပြန်ဖွင့်လိုက်သည်။

တစ်ချိန်တည်းမှာပဲ သူ့လက်များက မြန်ဆန်လာပြီး
သိပ်မကြာခင်မှာပဲ သူမ၏ခန္ဓာကိုယ်မှဝတ်ရုံရှည်ကို
ဆွဲချွတ်ပစ်လိုက်ပါသည်။

ဟား......။

အလွှင်လှပပြီး ရင်သပ်ရှုမောဖွယ်ခန္ဓာကိုယ်တစ်ခုက
သူ့မျက်လုံးရှေ့၌ ဘွားခနဲ ပေါ်လာခဲ့၏။
ထိုလှပသောခန္ဓာကိုယ်ကို စိုက်ကြည့်ရင်း ယန်ယွဲ့၏
အသက်ရှူသံများက ပိုမြန်လာကာ မျက်လုံးများပင်
အနည်းငယ်နီသွားသည်...။

သူသည် သူတော်စင်မဟုတ်ပေ၊
လူသားတို့၏သဘာဝအရ ရမက်အလိုဆန္ဒများ
ရှိနေပေသည်။
ထို့နောက် ထိန်းချုပ်ထားခြင်းမရှိသောလက်တစ်စုံက
ရှောင်ယုရှီ၏ ကျောက်စိမ်းတောင်ပို့ငယ်နှစ်ခုဆီကို
ဖြည်းဖြည်းချင်း ရွေ့သွားပါတော့သည်။

......

ခြောက်နာရီနီးပါးကြာပြီးနောက် ယန်ယဲ့က ရှောင်ယု့ရှီ၏ဝတ်ရုံရှည်ကိုပြန်ဝတ်ဆင်ပေးလိုက်ကာ အနီရောင်နှုတ်ခမ်းများကို ခပ်ဖွဖွနမ်းရှိုက်လိုက်သည်။ ချောမောလှသောသူမ၏မျက်နှာလေးကိုစိုက်ကြည့်ကာ တိုးညှင်းစွာ ပြောလိုက်ပါသည်။ "ယု့ရှီ! ခဏလောက်ပဲစောင့်ပါ။ သိပ်မကြာတော့ပါဘူး.... မင်းကို သေချာပေါက် နိုးထခွင့်ပေးမှာပါ!" သူစကားပြောပြီးသည်နှင့် ရှောင်ယု့ရှီကိုဆွဲပွေ့ကာ ဆန်းကြယ်ရွှေချီကန်ထဲသို့အသာလေးချထားလိုက်၏။

ထို့နောက် ယန်ယဲ့က မျက်လုံးကိုမှိတ်ကာမြေပြင်ပေါ်တွင် တင်ပျဉ်ခွေထိုင်ချလိုက်ပါသည်။

"နှစ်မှာကျင့်ကြံခြင်းနည်းစနစ်"က အစပိုင်း၌ အလွန်စိတ်ပျော်ရွှင်စရာဖြစ်နေသော်ငြား အဆုံးတွင် သူ၏စိတ်အာရုံအသိကိုများစွာပင်ပန်းစေခဲ့သည်။

ထိုနည်းစနစ်ကို လူနှစ်ဦးက အပြန်အလှန်ဝေမျှပြီးအတူတကွလေ့ကျင့်ရမည်ဖြစ်သောကြောင့်ပင်။

သို့သော် ရှောင်ယုရှီက သတိလစ်နေသဖြင့် သူကိုယ်တိုင်သာ လုပ်ဆောင်ခဲ့ရ၏။

၎င်းက သူ၏ စိတ်စွမ်းအင်ကို အလွန်ပင်ပန်းနွမ်းနယ်စေသည်။ ထို့အပြင် သူ၏ဘဝသက်တမ်းက ရှောင်ယုရှီထံသို့စီးဆင်းနေသောကြောင့် အခုအချိန်တွင် ယန်ယဲ့ကအလွန်အမင်းကို ပင်ပန်းနေပြီဖြစ်သည်။

သို့သော် ပင်ပန်းနွမ်းနယ်မှုကို ခံစားနေရသော်ငြား
သူ့စိတ်ထဲ၌ အလွန်ပျော်ရွှင်နေမိ၏။

နှစ်နာရီခန့်ကြာပြီးနောက် သူ့မျက်လုံးများကို
ဖွင့်လိုက်ပြီး လက်ဝါးကို လှန်လိုက်သည်။

သူ့လက်ထဲ၌ မိုခေးထံမှ ရရှိလိုက်သော
"ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်နည်းစနစ်"ဟူသော
စာလိပ် ပေါ်လာခဲ့၏။

အခုအချိန်တွင် သူက
ငရဲတစ္ဆေမီးတောက်၊နဝမငရဲအေးမီးတောက် ကဲ့သို့
သဘာဝရတနာနှစ်ခု နှင့်

ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းကိုပါ
ပိုင်ဆိုင်ထားပါသည်။

သို့သော် သူ၏လက်ရှိစွမ်းအားက
ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးမှ
ထိပ်သီးပါရမီရှင်များနှင့်ရင်ဆိုင်နိုင်စွမ်းအပေါ်
ယုံကြည်မှုမရှိသေးပေ။

နောက်ဆုံးတော့ သူ့လက်ထဲ၌ ဝှက်ဖဲများရှိနေသလို
ထိုလူများတွင်လည်း ဝှက်ဖဲများကို
ပိုင်ဆိုင်ထားမည်မဟုတ်ပါလား။

ဖြစ်ကောင်းဖြစ်နိုင် ၎င်းတို့၏
ဝှက်ဖဲများကသူပိုင်ဆိုင်ထားသောအရာများထက်ပင်သာ
လွန်နေပေလိမ့်မည်။

သူ့စိတ်ထဲ အခုထက်ပိုပြီးသန်မာလာရန်
အလွန်စိတ်အားထက်သန်နေ၏။

ထို့အပြင် သူ၏ခွန်အားက အခုထက်ပိုသန်မာလာမှသာ ပုန်းကွယ်နေသောနဂါးစေတီတွင်နေရာတစ်ခုရရှိနိုင်ပါမည်။

ထို့နောက် ကံကြမ္မာစွမ်းအားတိုက်ပွဲ၌ပါဝင်ယှဉ်ပြိုင်ပြီး ကံကြမ္မာစွမ်းအားကိုရယူနိုင်မှသာ ရှောင်ယု့ရှီကို ပြန်လည်အသက်သွင်းနိုင်မည်ဖြစ်သည်။

ရှောင်ယု့ရှီအတွက်သာမကပေ၊ သူ၏အမေဖြစ်သူ၊ သူ့ညီမလေး.... သူကိုယ်တိုင်အတွက်ပါ ပို၍သန်မာလာရန်ကြိုးစားရမည်မဟုတ်ပါလား။

အင်အားကြီးသူများကိုသာ
လေးစားသောဤကမ္ဘာလောကတွင်
လုံလောက်သောခွန်အားမရှိပါက အရာအားလုံး
အိပ်မက်တစ်ခုလိုသာ။

သူ့လက်ထဲမှ နည်းစနစ်ကို ကြည့်လိုက်ရင်း
ယန်ယဲ့၏အမူအရာက
ငရဲနတ်ဆိုးအလားကြောက်စရာကောင်းလာပြီး
ခန္ဓာကိုယ်ကနေပြင်းထန်သောအငွေ့အသက်များတရှိန်ရှိ
န်ဖြာထွက်လာခဲ့သည်။

ဎင်းက နည်းစနစ်တစ်ပိုင်းသာဖြစ်နေသည့်တိုင်
သူ့နှလုံးသားကို အလွန်တုန်လှုပ်သွားစေသည်။

"ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်"ရဲ့တစ်ပိုင်းကိုပဲ
ကျင့်ကြံထားနိုင်တဲ့
မိုခေးတောင်ဒီလောက်သန်မာနေတာ......! ဒီလိုဆိုတော့
"ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်"ရဲ့အပြည့်အစုံဆိုရင်
ဘယ်လောက်တောင် ကြောက်စရာကောင်းလိမ့်မလဲ?"

သို့သော်၊ ယန်ယဲ့သည်
"ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်"၏
လေ့ကျင့်မှုနည်းလမ်းကိုမြင်တွေ့ပြီး အနည်းငယ်
အကူအညီမဲ့သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော်,
ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်ကိုလေ့ကျင့်ရန် (ပဏာမ)
အခြေခံလိုအပ်ချက် (၃) ချက်ရှိနေခြင်းကြောင့်ပါ။

ပထမ လိုအပ်ချက်မှာ

ရုပ်ခန္ဓာခွန်အားကအဆင့်တစ်ခုထိရှိနေရန်ပင်။

အတိအကျကိုမူ ဖော်ပြထားခြင်းမရှိပေ။ သို့သော်

ဖြစ်နိုင်ချေမှာ အနည်းဆုံး ဝိညာဉ်နယ်ပယ်အလွှာအဆင့်

အမှောင်မှော်သားရဲနှင့်နှိုင်းယှဉ်နိုင်သင့်သည်။

ဤလိုအပ်ချက်က သူနှင့်ကိုက်ညီနေသောကြောင့်

ကျေနပ်နေသော်ငြား၊ ဒုတိယနှင့် တတိယလိုအပ်ချက်ကို

မြင်တွေ့လိုက်သောအခါ

မျက်နှာတစ်ပြင်လုံးရှုံ့မဲ့သွားပါတော့သည်။

ဒုတိယ လိုအပ်ချက်မှာ နတ်ဆေး (၅)မျိုးဖြင့်

ပေါင်းစပ်ရမည်ဖြစ်သည်။

၎င်းတို့က သံမဏိသစ်သီး၊ ရေခဲဝိညာဉ်သစ်သီး၊ မီးနဂါးသစ်သီး ၊ ကောင်းကင်အဇူရာသစ်ရွက် နှင့် မြေကမ္ဘာမှို ကဲ့သို့အလွန်တရာမှရှားပါးလှသော နတ်ဆေးအမယ်များဖြစ်သည်။

"ချီး! ဒီနတ်ဆေးအမယ် (၅)မျိုးစလုံးကိုတစ်ခါမှကြားတောင်မကြားဖူးဘူး။ ဒါပေမယ့် သေချာတာတစ်ခုက ဒီအရာတွေအားလုံး ကောင်းကင်အဆင့်မြင့်ဝိညာဉ်ဆေးအမယ်တွေပဲဖြစ်ရမယ်။ သေလိုက်စမ်းပါကွာ!"

ယန်ယဲ့က ကျယ်လောင်စွာ ကျိန်ဆဲလိုက်၏။

အဆင့်မြင့်ကောင်းကင်အဆင့် ဝိညာဉ်ဆေးအမယ်များက

ကောင်းကင်အဆင့်အဆောင်သခင်တစ်ဦးဖြစ်နေသည့်
သူလိုလူတစ်ယောက်အတွက်ပင် ရရှိရန် ခက်ခဲလှသည်။

ထိုနတ်ဆေးအမယ်များက
ကောင်းကင်အဆင့်မြင့်နတ်ဆေးအမယ်များဖြစ်နေသော
ကြောင့်
မော်ဆေးပညာရှင်များအစည်းအရုံး၌ပင်ဝယ်ယူရန်မဖြ
စ်နိုင်ပေ။

သို့သော် ထိုနတ်ဆေးအမယ် (၅)မျိုးထဲမှ တစ်မျိုးသာ
ထွက်ပေါ်လာပါက တိုက်ကြီးတစ်ခုလုံးမှ
အဆင့်မြင့်ပညာရှင်များကြား
အသေအကြေတိုက်ပွဲများဖြစ်လာမည်မှာမလွဲကေန်ပင်။

သို့သော်လည်း ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်က နတ်ဆေးအမယ် (၅)မျိုးစလုံးကိုလိုအပ်နေသောကြောင့် ယန်ယဲ့က မတတ်သာစွာသက်ပြင်းချလိုက်ရသည်။

တတိယလိုအပ်ချက်ကိုဖတ်ရှုပြီးနောက် အဆက်မပြတ်ကျိန်ဆဲရုံကလွဲ၍ဘာမှမတတ်နိုင်ခဲ့ပေ။
 အဘယ်ကြောင့်ဆိုသော် တတိယမြောက်အချက်က နတ်ဘုရားသား‌ရဲ (၄)ပါး၏ သွေးအဆီအနှစ်ကို ရရှိရန်လိုအပ်သောကြောင့်ပါ။

တစ်နည်းဆိုရသော် ၎င်းက နဂါးစိမ်း၊ ကျားဖြူ၊ မီးငှက်နှင့် လိပ်နက်တို့၏ သွေးအဆီအနှစ် အနည်းငယ်စီလိုအပ်ပေသည်။

သူ့လက်ထဲ၌

နဂါးစိမ်းသွေးအဆီအနှစ်များရှိနေသော်လည်း၊ ကျန်

နတ်ဘုရားသားရဲ (၃)ပါး၏ သွေးအဆီအနှစ် နှင့်

ပတ်သက်၍....... !

အကယ်၍ သူကြံစည်နေသောအတွေးများသာပြင်ပသို့

ပြန့်နှံ့သွားပါက နတ်ဆိုးနယ်မြေတစ်ခုလုံး နှင့်

မဟာရန်သူဖြစ်သွားနိုင်သည်မဟုတ်ပါလား။

သို့သော်လည်း ယန်ယဲ့က

ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်၏

ကြောက်မက်ဖွယ်ရာစွမ်းအားကိုသတိပြုမိသောကြောင့်

လက်မလျှော့လိုသေးပေ။

အထူးသဖြင့် လက်ရှိတွင် သူက
ခရမ်းရောင်စုံချိစွမ်းအင်၊ ငရဲတစ္ဆေမီးတောက် နှင့်
နဝမငရဲအေးမီးတောက် တို့ကို ပိုင်ဆိုင်ထားပြီဖြစ်သည်။
မိုခေး၏ ရုပ်ခန္ဓာခွန်အား နှင့် မယှဉ်နိုင်ခြင်းက
ခန္ဓာကိုယ်သန့်စင်ခြင်းနည်းစနစ်ကိုလေ့ကျင့်ထားခြင်းမ
ရှိသောကြောင့်သာ။

သူသည် ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်ကို
လေ့ကျင့်နိုင်ပါက ငရဲတစ္ဆေမီးတောက်၊
ခရမ်းရောင်စုံချိစွမ်းအင်နှင့် နဝမငရဲအေးမီးတောက်
နှင့်ပေါင်းစပ်နိုင်လျှင်သူ၏ရုပ်ခန္ဓာခွန်အားက
မိုခေးထက်ပင်ကျော်လွန်သွားနိုင်ပေသည်။

နောက်ဆုံးတော့ မိုခေးက ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်ကိုလေ့ကျင့်ထားသော ပြား၊ ခရမ်းရောင်စုံချီစွမ်းအင်၊ နဝမငရဲအေးမီးတောက် နှင့် ငရဲတစ္ဆေမီးတောက် ကဲ့သို့ သဘာဝလွန်ရတနာများကို ပိုင်ဆိုင်ထားခြင်းမရှိပေ။

အချိန်တော်တော်ကြာပြီးနောက်တွင် ယန်ယဲ့က ရှေးဟောင်းဒိုမိန်းမြို့သို့ပြန်သွားရန်ဆုံးဖြတ်လိုက်ပါသ ည်။

ထို့နောက် သူ၏ ညာလက်ကို ဝှေ့ယမ်းပြီးဓားပျံကိုဆင့်ခေါ်လိုက်ကာ ခရမ်းရောင်အလင်းတန်းတစ်ခုအသွင်ပြောင်းလဲပြီးရှေး ဟောင်းဒိုမိန်းမြို့ဆီသို့ ပျံသန်းသွားလေတော့သည်။

သိပ်မကြာခင်မှာပဲ
ရှေးဟောင်းဒိုမိန်းမြို့သို့ရောက်ရှိလာခဲ့၏။
ယန်ယဲ့၏မျက်လုံးများက
ပြန်လည်တည်ဆောက်ထားသော မြို့ဝင်ပေါက်များကို
စိုက်ကြည့်ရင်းစိတ်မသက်မသာဖြင့်
သက်ပြင်းချလိုက်ပါသည်။

တစ်ချိန်တုန်းကဤနေရာတွင်
ခရမ်းရောင်မင့်ခ်ကလေးက
သေလုနီးပါးဖြစ်ခဲ့ရသည်မဟုတ်ပါလား။

ခရမ်းရောင်မင့်ခ်ကလေး အကြောင်း
တွေးလိုက်မိသောအခါ ယန်ယွဲ့၏ မျက်လုံးများ
ကချက်ချင်း မှိန်ဖျော့သွားသည်။

ရုတ်တရက် သူ့မျက်လုံးထဲ၌ အေးခဲနေသော
အငွေ့အသက်များ အရောင်တောက်ပလာ၏။

"မင်းတို့က ယူရှီ နဲ့
အငယ်လေးကိုဒဏ်ရာရစေခဲ့တယ်ပေါ့။ စောင့်နေပါ.....
ငါယန်ယွဲ့ကမင်းတို့နှစ်ယောက်လုံးကို အဆတစ်ရာ
ပြန်ပေးမယ်။"

"ယန်ယွဲ့! အဲဒါနင်ပဲ!" ထိုအချိန်တွင် ယန်ယွဲ့ နှင့်
အနည်းငယ်ရင်းနှီးသော စကားသံတစ်သံက သူ့
နောက်ကနေထွက်ပေါ်လာသည်။

ယန်ယဲ့ကလည်း ရုတ်တရက်လှည့်ကြည့်လိုက်တဲ့အခါ
သေမျိုးဝင်ပေါက်အတွင်းမှ
လူတစ်စုထွက်လာသည်ကိုတွေ့လိုက်ရ၏။
ဦးဆောင်လာသူနှစ်ဦးက သူ
အလွန်ရင်းနှီးနေသောမျက်နှာများ ပင်။

၎င်းတို့က ပန်းနန်းတော်၏ တပည့်ခေါင်းဆောင် ရန်ဝူ နှင့်
ဆေဘာဓားဂိုဏ်း၏ တပည့် ဂျန်ဝူကျိ ဖြစ်သည်။

သူတို့နောက်တွင်မူ လူငယ်ကျွမ်းကျင်သူအချို့ရှိနေပြီး
ပုံပန်းသဏ္ဍာန်၊ဝတ်စုံများကိုကြည့်လိုက်ရာ
တောင်ပိုင်းနယ်မြေ၏
လူငယ်ကျွမ်းကျင်သူများဖြစ်ကြောင်းသိသာပေသည်။

အစောပိုင်းက ယန်ယဲ့ကို စကားအော်ပြောလိုက်သူမှာ ပန်းနန်းတော်၏ ရန်ဝူ ပါ။

သူတို့က နဝမမြောက်ငရဲဘုံသို့မဝင်ရောက်ရဲကြပေ။ နဝမမြောက်ငရဲဘုံက နယ်မြေအသီးသီးမှ ထိပ်ဆုံးရောက်ပါရမီရှင်များနှင့် ပြည့်နှက်နေသောကြောင့် ၎င်းတို့သာ သွားရောက်ပါကကျိန်းသေအသတ်ခံရပေမည်။

ထို့ကြောင့် ၎င်းတို့က တောင်ပိုင်းနယ်မြေ၏ လူအနည်းစုကို အုပ်စုဖွဲ့စုစည်းပြီး မြို့ပတ်ပတ်လည်မှ သက်သာချောင်ချိသောနေရာများတွင် လှေ့ကျင့်ခဲ့ကြသည်။

အခုအချိန်တွင်တော့ သူတို့အုပ်စုက အမြဲလိုလိုပျောက်ကွယ်နေတတ်သော ယန်ယဲ့နှင့်မျက်နှာချင်းဆိုင်တွေ့လိမ့်မည်ဟုမမျှော်လင့်ထားကြပေ။

သို့သော် သူတို့ကတိုက်ခိုက်ရဲခြင်းမရှိပေ၊ ရန်ဝူ နှင့် ဂျန်ဝူကျို တို့နှစ်ဦးလုံး ယန်ယဲ့၏ခွန်အားကို တွေးတောမိရင်းကြောက်ရွံ့မှုများပေါ်လာခဲ့လေသည်။

သို့သော်လည်း.....၊

"မင်းက ယန်ယဲ့ ဆိုတာလား?" ထိုအချိန်တွင် လူငယ်တစ်ယောက်က ယန်ယဲ့ကို စိုက်ကြည့်ကာ အေးစက်သောလေသံဖြင့် ပြောလိုက်၏။

ရန်ဝူ နှင့် ဂျန်ဝူကျို ကိုတွေ့လိုက်ရသောအခါ ယန်ယဲ့၏ မျက်လုံးများသည် ချက်ချင်း ကျဉ်းမြောင်းသွားကာ၊ ရုတ်တရက် တစ်စုံတစ်ယောက်၏ စကားပြောသံကို ကြားလိုက်ရပုံဖြင့် သူ့အကြည့်များက လူငယ်လေးဆီသို့ ကျဆင်းသွားသည်။ "မင်းက ဘယ်သူလဲ?"

"ဝမ်ယွီ!" လူငယ်က အေးစက်စွာ ရေရွတ်လိုက်ရင်း "မင်း ငါ့နာမည်ကို ကြားဖူးသင့်တယ်မဟုတ်လား။ ငါက လီကလန်ခေါင်းဆောင်ရဲ့တစ်ဦးတည်းသောသား ပဲ။ လီကလန်ဆိုတာကောသိသလား? ငါ့လီကလန်က အင်ပါယာမြို့တော်ရဲ့ကလန်ကြီးလေးခုထဲက တစ်ခုလေ!

ငါ့ရဲ့အဖေက လက်ရှိ လီကလန်ခေါင်းဆောင် လီဝမ်ဂန် ပဲ။ မင်း...."

"တောင်းပန်ပါတယ် မင်းအကြောင်းကော မင်းတို့
လီကလန်ဆိုတာကောတစ်ခါမှ မကြားဖူးဘူး!"
ယန်ယဲ့၏ လက်တစ်ဖက်က
အနည်းငယ်လှုပ်ရှားသွားပြီးနောက်ခရမ်းရောင်အလင်း
တန်းတစ်ခုက ထိုလူငယ်၏ရင်ဘတ်ကို
ချက်ချင်းထိုးဖောက်သွားသည်။

ထိုလူငယ်ကိုသတ်ပြီးသည်နှင့် ရန်ဝူနှင့်ဂျန်ဝူကျိ ကို
စိုက်ကြည့်လိုက်ကာ “မင်းတို့နှစ်ယောက်လုံး
ခါတိုင်းနေ့တွေမှာ ရှေးဟောင်းဒိုမိန်းမြို့ကနေ
ထွက်သွားနေပုံရတယ်။ဒီလိုဆိုမှတော့…။"

ထိုစကားကိုကြားသောအခါ ရန်ဝူ နှင့် ဂျန်ဝူကျို တို့ နှစ်ဦးစလုံး၏ အမူအရာများကပြင်းထန်စွာ ပြောင်းလဲသွားခဲ့သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၄၇ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၄၇)] –ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်ခြင်း

"ယန်ယဲ့! နင် လုပ်ဝံ့သလား..." ရန်ဝူက အော်လိုက်သည်။

သို့သော် စကားပင်မဆုံးသေး၊ ခရမ်းရောင်အလင်းတန်းတစ်ခုက သူမ၏လည်ပင်းကို ရုတ်တရက်ပိုင်းဖြတ်သွားကာ သွေးစိမ်းရှင်ရှင်ပန်းထွက်လာပြီးအသံကရုတ်တရက်ရပ်တန့်သွားသည်။

ထို့နောက်မှာတော့ သူမ၏ခေါင်းက မြေပြင်ပေါ်ကို ပြုတ်ကျသွားတော့သည်။

ပတ်ဝန်းကျင်ရှိလူတိုင်း တုန်လှုပ်သွား၏။

ယန်ယဲ့က သူ့လက်ကို

တစ်ချက်ယမ်းလိုက်ရာမမြင်နိုင်သောဓားက သူ့လက်ထဲ

ပြန်ရောက်လာသည်။

မြေပြင်ပေါ်မှ ခေါင်းမရှိသော အလောင်းကို ငုံ့ကြည့်ကာ

ခေါင်းယမ်းလိုက်ရင်း "ပန်းနန်းတော်ရဲ့အဖွဲ့ဝင်တွေက

တကယ်ကို

စက်ဆုပ်စရာကောင်းနေတယ်။ ဒီနေ့ကစပြီး

ငါယန်ယဲ့က တွေ့တဲ့သူတိုင်းကို သတ်ပစ်မယ်!"

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က

ရုတ်တရက်ခေါင်းမော့ကာ ဂျန်ဝူကျိကို ခဏတာ

စိုက်ကြည့်လိုက်ပါသည်။

ထို့နောက် ဘာစကားမှပြောမနေတော့ဘဲ
ရှေးဟောင်းဒိုမိန်းမြို့၏ ကောင်းကင်ဝင်ပေါက်ဆီသို့
ဖြည်းညှင်းစွာလျှောက်သွားလေတော့သည်။

သို့သော်လည်း ထိုအချိန်တွင်
ခရမ်းရောင်အလင်းတန်းတစ်ခုက
ဂျန်ဝူကို၏ရင်ဘတ်ကို ထိုးဖောက်သွားကာ
အသက်မဲ့သောအလောင်းကမြေပြင်ပေါ် ပြိုလဲကျသွား
ပါသည်။

တစ်ခဏလေးအတွင်း ဂျန်ဝူကို နှင့် ရန်ဝူတို့က
ယန်ယဲ့၏သတ်ဖြတ်ခြင်းခံလိုက်ရ၏။
အဆိုပါမြင်ကွင်းကြောင့် တောင်ပိုင်းနယ်မြေ၏

လူငယ်ကျွမ်းကျင်သူအားလုံးကြောက်လန့်သွားကြသည်
။

သူတို့က တောင်ပိုင်းနယ်မြေတွင်
ပါရမီရှင်များဖြစ်နေသည့်တိုင်
ကိုယ့်အခြေအနေကိုသိထားကြ၏။

သူတို့အားလုံးပူးပေါင်းထားလျှင်ပင် ရန်ဝူနှင့်ဂျန်ဝူကျိကို
အနိုင်မယူနိုင်ပေ။

သို့သော်လည်း ထိုလူနှစ်ဦးက
ယန်ယွဲ့၏ဓားတစ်ချက်တည်းကိုပင် မခုခံနိုင်ခဲ့ပေ။

ယန်ယွဲ့သည် မြေပြင်ပေါ်သို့ လဲကျသွားသော ဂျန်ဝူကျိ၏
အလောင်းကို စိုက်ကြည့်ရင်း ခေါင်းယမ်းလိုက်သည်။

ထို ဂျန်ဝူကျိ၏ ခွန်အားက တကယ်ကိုမဆိုးလှပေ။

အကယ်၍ သူသာ

ကြောက်လန့်ခြင်းမရှိဘဲတန်ပြန်တိုက်ခိုက်ခဲ့ပါက

အခုလိုလွယ်လွယ်နဲ့အသတ်ခံရမည်မဟုတ်ချေ။

ကံမကောင်းစွာပဲ ၎င်းက ဓားကိုဆွဲထုတ်ရန်

သတ္တိမရှိခဲ့ပါ၊ ထို့ကြောင့် ဓားကို ဆွဲမထုတ်ဝံ့သော

ဓားသမားတစ်ယောက်က မည်သို့ရှင်သန်နိုင်မည်နည်း။

ယန်ယွဲ့သည် ခဏရပ်ကာ

မမြင်နိုင်သောဓားကိုဖယ်လိုက်သည်။

သူကညာလက်ကိုဝှေ့ယမ်းကာ

ရန်ဝူနှင့်ဂျန်ဝူကျို၏သိုလှောင်လက်စွပ်များကလက်ထဲသို့

ပျံတက်လာသည်။

ထို့နောက် ယန်ယဲ့က အနီးနားပတ်ဝန်းကျင်ရှိ ကြောက်ရွံ့နေသော အကြည့်များကိုလျစ်လျူရှုကာ ပြန်လည်ပြုပြင်ထားသည့် ကောင်းကင်ဝင်ပေါက်ဆီသို့ လှမ်းကြည့်လိုက်သည်။ ကောင်းကင်ဝင်ပေါက်ကိုစူးစိုက်ကြည့်ရင်းခဏတာတုံ့ဆိုင်းနေမိ၏။

ထိုအချိန်၌ တောင်ပိုင်းနယ်မြေ၏ လူငယ်ကျွမ်းကျင်သူများထဲမှ တစ်စုံတစ်ယောက်ကစတင် အော်ဟစ်ခဲ့သည်။ "သူက ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်ဖို့ ရည်ရွယ်ထားတာ။"

ယန်ယဲ့က လက်ကောက်ဝတ်ကိုတစ်ချက်လှည့်ကာ
မြေကမ္ဘာအဆင့်မြင့်ဓားတစ်ချောင်းကိုထုတ်ယူလိုက်၏။
သူ၏ခြေလှမ်းများကိုရှေ့တက်လိုက်ကာ
ကောင်းကင်ဝင်ပေါက်ဆီသို့
တစ်လှမ်းချင်း လျှောက်သွားလိုက်သည်။

တစ်ချိန်တည်းမှာပဲ ခြေတစ်လှမ်းချတိုင်းသူ့ခန္ဓာကိုယ်မှ
ပြင်းထန်သောအငွေ့အသက်များနှင့်
ဓားစိတ်ဆန္ဒဖိအားများဖြာထွက်လာခဲ့၏။ထို့နောက်
ကောင်းကင်ဝင်ပေါက်နှင့်တစ်လှမ်းအလို၌ခဏရပ်လိုက်
ကာ အဆင့် ၆ အထွတ်အထိပ်
သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒကိုထုတ်လွှတ်လိုက်ပါတော့
သည်။

ကောင်းကင်ဝင်ပေါက်ကိုတစ်ချက်မျှစူးစိုက်ကြည့်နေရင်း သူ့ခန္ဓာကိုယ်မှ ဆန်းကြယ်ချီစွမ်းအင်များကို တဟုန်ထိုး မြှင့်တင်လိုက်ပါသည်။

ခရမ်းရောင်စုံချီစွမ်းအင်က
မြေကမ္ဘာအဆင့်မြင့်ဓားထဲသို့
အဆက်မပြတ်စီးဝင်သွားကာ ဓားအလင်းရောင်က
ထူးခြားစွာခရမ်းရင့်ရောင်ပြောင်းသွား၏။

သူ့ခွန်အားကို အထွတ်အထိပ်အထိ
ထုတ်ဖော်ပြီးသည်နှင့်တစ်ပြိုင်နက်
ယန်ယဲ့ကခြေထောက်များကိုမြှောက်ကာကောင်းကင်ဝင်ပေါက်ထဲသို့ လှမ်းဝင်လိုက်ပါသည်။

ဘန်း

ချက်ချင်းဆိုသလိုပဲ
နေရာအတွင်းပိုင်းမှစွမ်းအင်အတက်အကျလှိုင်းလုံးကြီး
ပေါ်လာပြီးနောက် အစိမ်းရောင်အလင်းတန်းတစ်ခု က
ယန်ယဲ့ဆီသို့ လျင်မြန်စွာ ပစ်လွှတ်လိုက်သည် ။

ကောင်းကင်ဝင်ပေါက်၏ တိုက်ခိုက်မှုကိုမြင်သောအခါ
ယန်ယဲ့၏မျက်လုံးများကရက်စက်ကြမ်းကြုတ်ဟန်များ
ပေါ်လာသည်။

ဝုန်း

သူ၏ ညာခြေကိုတစ်ချက်စောင့်နင်းလိုက်ကာ
မြေကမ္ဘာအဆင့်မြင့်ဓားကိုဆွဲထုတ်ရင်း
အစိမ်းရောင်အလင်းတန်းအား ခုတ်ပိုင်းချလိုက်သည်။

"ချိုး!"

ဘန်း!

မြေကမ္ဘာအဆင့်မြင့်ဓားက
အရောင်တစ်ချက်လက်သွားကာ
အစိမ်းရောင်အလင်းတန်းကို
နှစ်ခြမ်းခွဲလိုက်သည်နှင့်တစ်ပြိုင်နက် ရောမ
ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာခဲ့၏။

ဂျုန်း

ဤအခိုက်အတန့်တွင်
လျှပ်စီးတန်းတစ်ခုအလားအမြန်နှုန်းဖြင့်
အစိမ်းရောင်အလင်းတန်းတစ်ခု
ထပ်မံရောက်ရှိလာပါတော့သည်။

ဤတစ်ကြိမ်တွင် ထွက်ပေါ်လာသောတိုက်ခိုက်မှုက
ပို၍ပြင်းထန်သလို ၎င်း၏အရှိန်ကလည်း
ပထမမြောက်တိုက်ခိုက်မှုထက်ပို၍မြန်ဆန်နေသည်။

ယန်ယွဲ့၏ မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားပါသည် ။

မြေကမ္ဘာအဆင့်မြင့်ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး
အထက်မှ အောက် ဒေါင်လိုက်ဖြတ်ပိုင်းချလိုက်၏။

မြေကမ္ဘာအဆင့်မြင့်စားက အစိမ်းရောင်အလင်းတန်းနှင့် ပိုင်းချမိသောအခါ အပိုင်းပိုင်းကွဲထွက်သွားပြီး ကျယ်လောင်သောပေါက်ကွဲသံကပဲ့တင်ထပ်လာသည်။

တစ်ချိန်တည်းမှာ အစိမ်းရောင်အလင်းတန်းက အလွန်တရာမြန်ဆန်သောအရှိန်ဖြင့်ယန်ယဲ့၏ရင်ဘတ် ဆီသို့ ဆက်လက်တိုးဝင်လာခဲ့ပါသည်။

သို့သော် ယန်ယဲ့၏ တုံ့ပြန်မှုသည် နှေးကွေးခြင်းမရှိပေ။ အစိမ်းရောင်အလင်းတန်းက မြေကမ္ဘာအဆင့်မြင့်စားကိုဖျက်ဆီးပစ်လိုက်သည်နှင့် တစခဏပြိုင်နက် ညာလက်သီးကို တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ကာ လက်သီးဖြင့် တရကြမ်းထိုးချလိုက်လေသည်။

ဘန်း!

အစိမ်းရောင်အလင်းတန်းများက
ချက်ချင်းပျံ့လွင့်သွားသော်ငြား
ယန်ယဲ့၏ခန္ဓာကိုယ်ကနောက်သို့ပြန်ဆုတ်လိုက်ရကာ ၂၅
မီတာကျော်ရောက်မှသာရပ်တန့်သွားခဲ့သည်။

တောင်ပိုင်းနယ်မြေမှ လူငယ်ကျွမ်းကျင်သူတိုင်း
ကောင်းကင်ဝင်ပေါက်၏
ဒုတိယမြောက်တိုက်ခိုက်မှုကိုဖြတ်ကျော်ခဲ့သောယန်ယဲ့
အား ကြည့်နေရင်း ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည် ။
ဤအခိုက်အတန့်တွင် သူတို့သည်
ယန်ယဲ့နှင့်ပတ်သက်၍ မကျေနပ်မှုများကို

မေ့ပျောက်သွားကာ အရာအားလုံးကို

လုံးဝမေ့လျော့သွားပုံပါ။

လက်ရှိတွင် သူတို့၏စိတ်ထဲ၌

အတွေးတစ်ခုသာရှိတော့သည်။

" တောင်ပိုင်းနယ်မြေရဲ့

လူငယ်မျိုးဆက်သစ်ပါရမီရှင်တစ်ဦးက

ကောင်းကင်ဝင်ပေါက်ကိုတကယ်ပဲ

ဖြတ်ကျော်နိုင်တော့မှာလား?"

ဤအချိန်တွင် တောင်ပိုင်းနယ်မြေမှလွဲ၍

နယ်မြေတစ်ခုစီတွင် ကောင်းကင်ဝင်ပေါက်နှင့်

ကမ္ဘာမြေဝင်ပေါက်ကို

ဖြတ်ကျော်နိုင်သူတစ်ဦးစီရှိနေသောကြောင့်

ရှေးဟောင်းဒိုမိန်းမြို့၌ တောင်ပိုင်းနယ်မြေက
အနိမ့်ဆုံးအခြေအနေရှိသည်။

အတိုချုပ်ပြောရလျှင် တောင်ပိုင်းနယ်မြေ၏
လူငယ်မျိုးဆက်များက ရှေးဟောင်းဒိုမိန်းမြို့၌
အနိမ့်ဆုံးအဆင့်အတန်းသာရရှိထားကြသည်။

ထိုအချက်ကြောင့် တောင်ပိုင်းနယ်မြေက
ကျန်နယ်မြေများထံမှ
အဖိနှိပ်ခံရဆုံးနယ်မြေဖြစ်ခဲ့သည်။

အကြောင်းအရင်းမှာ တောင်ပိုင်းနယ်မြေ၏
လူငယ်မျိုးဆက်သစ်များက
ကျန်နယ်မြေများနှင့်ယှဉ်လျှင်
အလွန်နိမ့်ကျနေသောကြောင့်ပင်။

ထိုအချိန်မှာပဲ ကောင်းကင်ဝင်ပေါက်အတွင်း ရှိ လေဟာနယ်က နောက်တစ်ကြိမ် ပြောင်းလဲသွား၏။

ဂျိန်း

ရုတ်တရက် ကျယ်လောက်သောမိုးချိန်းသံနှင့်အတူ တတိယမြောက် အစိမ်းရောင်အလင်းတန်းတစ်ခု ထွက်ပေါ်လာပါသည်။

ဘန်း

တတိယမြောက် အစိမ်းရောင်အလင်းတန်းက လေထုကိုထိုးဖောက်ကာ ယန်ယွဲ့ဆီသို့ချက်ချင်းရောက်ရှိလာခဲ့သည်။

ယန်ယဲ့က

ကြိုတင်ပြင်ဆင်ထားသည့်အလားနောက်ပြန်ဆုတ်သွားရင်း

မီးတောက်လောင်နေသောဓားတစ်ချောင်းကသူ့လက်ထဲတွင် ပေါ်လာပြီး လေထုကို တိုက်ရိုက် ပိုင်းချလိုက်သည်။

"ချိုးဖျက်လိုက်စမ်း!"

ယန်ယဲ့က

ဓားကိုခုတ်ပိုင်းရင်းကျယ်လောင်စွာအော်ဟစ်လိုက်လေသည်။

သို့သော် အစိမ်းရောင်အလင်းတန်းနှင့်တွေ့ဆုံပြီး
သူ့လက်ထဲမှဓားက
ထပ်မံ၍အပိုင်းပိုင်းကြေမွသွားလေသည်။

မီးတောက်ကြီးမျှင်က လေထုထဲတွင်ပျံ့သန်းသွားကာ
မြွေသေးသေးလေးတစ်ကောင်ကဲ့သို့
အစိမ်းရောင်အလင်းတန်းထံတည့်တည့်တိုးဝင်သွား၏။

ဘုန်း

တစ်ချိန်တည်းမှာပင် အပိုင်းပိုင်းများ ကွဲထွက်လာပြီး
အလင်းစက်များအဖြစ် ပြန့်ကျဲသွားကာ
အလင်းတန်းတစ်ခု ထွက်ပေါ်လာသည်။

ဤမြင်ကွင်းကို မျက်တောင်မခတ်တမ်းကြည့်နေသော
တောင်ပိုင်းနယ်မြေ၏ လူငယ်ကျွမ်းကျင်သူအားလုံး
ခဏတာအံ့အားသင့်ငေးကြောင်သွားကြသည်။

ထို့နောက် ကျယ်လောင်သောဟစ်ကြွေးသံများနှင့်အတူ
၎င်းတို့ကြားမှ မိုးချိန်းသံကဲ့သို့
ကျယ်လောင်သောလက်ခုပ်သံများ
ထွက်ပေါ်လာခဲ့သည်။

သို့သော် ယန်ယဲ့က
နောက်ကိုတစ်ချက်ပင်လှည့်မကြည့်ခဲ့ပေ။
သူ့အကြည့်များက ကောင်းကင်ဝင်ပေါက်ကို
စူးစိုက်ကြည့်နေရင်း မျက်လုံးထဲ၌လေးနက်သော
အမူအရာတစ်ခု ထွက်ပေါ်လာသည်။

ကောင်းကင်ဝင်ပေါက်က အမှန်တကယ်ပင်
ကြောက်မက်ဖွယ်ရာကောင်းလှသည်။အကယ်၍
သူသည် ကျင့်ကြံမှုအဆင့် နှင့်
ဓားစိတ်ဆန္ဒကိုအဆင့်မြှင့်တင်နိုင်ခြင်းမရှိပါက
ငရဲတစ္ဆေမီးတောက်ကိုအသုံးပြုသည့်တိုင်ကောင်းကင်ဝ
င်ပေါက်၏ တတိယမြောက်တိုက်ခိုက်မှုကို
ခုခံနိုင်မည်မဟုတ်ပေ။

ကောင်းကင်ဝင်ပေါက်ထဲ၌
ခဏတာရပ်နေရင်းလေးလေးနက်နက်စဉ်းစားပြီးနောက်
ဝင်ပေါက်၏အတွင်းပိုင်းသို့ဆက်လျှောက်သွားလိုက်
လေသည်။

သို့သော်လည်း ထိုအချိန်တွင် ဆံပင်ဖြူ
အဘိုးအိုတစ်ဦးက သူ့ရှေ့တွင် ရုတ်တရက်
ပေါ်လာသည်ကို သတိထားမိလိုက်၏။

ဆံပင်ဖြူ အဘိုးအိုက ယန်ယွဲ့ကို စိုက်ကြည့်ကာ
မေးလိုက်ပါသည်။ "ကလေး! မင်းက
တောင်ပိုင်းနယ်မြေရဲ့ ဓားသမားလား?"

အဘိုးအိုကိုက
လေဟာနယ်အတွင်းကနေရုတ်ချည်းထွက်ပေါ်လာသည်
ကိုမြင်သောအခါယန်ယွဲ့၏ မျက်လုံးများ
ကျဉ်းမြောင်းသွားသည်။

အနှီအဘိုးအိုက
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးဖြစ်နိုင်သည်ကို
တွက်ဆမိလိုက်သည်။

ယန်ယွဲ့က သတိမပြုတ်ထားရင်း
အဘိုးအို၏အမေးကိုခေါင်းညိတ်ပြလိုက်ပါသည်။

ထိုစဉ် ဆံပင်ဖြူ အဘိုးအိုက နောက်ထပ်မေးခွန်းတစ်ခု မေးလာခဲ့သည်။ "ဒီလိုဆို မင်းက ဆေးဘာဏ်ဂိုဏ်းရဲ့ တပည့်တစ်ယောက်လား?"

ယန်ယွဲ့က ခေါင်းယမ်းလိုက်သည်။

ဒီအခြေအနေကိုမြင်လိုက်ရာ အဘိုးအို၏ မျက်လုံးထဲ၌ အံ့အားသင့်မှုတစ်ခု ဖျတ်ခနဲပေါ်လာပြီး "မင်းရဲ့ဓားစိတ်ဆန္ဒက အရမ်းအားကောင်းလွန်းတယ်။ ဒါ့ကြောင့် မင်းက ဆေးဘာဏ်ဂိုဏ်းရဲ့ တပည့်မဖြစ်နိုင်ဘူးလား?"

တစ်ချိန်တည်းမှာပင်
အဘိုးအိုထံမှမေးခွန်းများဆက်လက်ထွက်ပေါ်လာသည်
။

“ဒီလိုဆို မင်းက မူလကျောင်းတော်ရဲ့တပည့်များလား?
မှန်ပါတယ်၊ ဆေဘာဓားဂိုဏ်းက တောင်ပိုင်းနယ်မြေမှာ
တော်တော်ကောင်းပေမဲ့ မူလကျောင်းတော်ထက်
အများကြီး နိမ့်ကျနေပြီ။”

ယန်ယွဲ့က ခါးခါးသီးသီး ပြုံးကာ
ပြောလိုက်ပါတော့သည်။

"အကြီးအကဲ၊ ဒီဂျူနီယာက
လေလွင့်ကျင့်ကြံသူတစ်ယောက်ပါ။
ဘာအင်အားစု၊နောက်ခံမှ မရှိဘူး!"

"သောက်ကျိုးနဲ၊ မင်းက
တကယ်ကြီးလေလွင့်ကျင့်ကြံသူလား?" အဘိုးအိုက
အံ့သြတကြီးနဲ့ မေးလိုက်ပါသည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်၏။

အဘိုးအို၏မျက်လုံးထဲတွင်
ထူးဆန်းသောအမူအရာတစ်ခု
ချက်ချင်းပေါ်လာသည်။သူက ယန်ယဲ့ကို ခဏလောက်
စိုက်ကြည့်နေကာ တစ်ခုခုပြောချင်ပုံပေါ်  ပြီးမှ
အနည်းငယ်တုံ့ဆိုင်းသွားလေသည်။ သို့သော်အဆုံး၌
ဘာမှပြန်မပြောဘဲ တံဆိပ်တစ်ခုကိုထုတ်ကာ ယန်ယဲ့ကို
ပေးရင်း သက်ပြင်းတစ်ချက်ချလိုက်ပါသည်။

အဘိုးအိုက “ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်နိုင်တဲ့လူတိုင်း အဲဒီတံဆိပ်ကို ရလိမ့်မယ်။ မင်းလက်ထဲမှာရှိတဲ့ တံဆိပ်နဲ့ဆိုရင်လွတ်လွတ်လပ်လပ် သွားလာနိုင်တယ်။အခြားလူတွေက ဒါကို လုယက်နိုင်မှာမဟုတ်ဘူး။

ဒါ့အပြင် ဒီတံဆိပ်က မင်းကို မြို့ထဲမှာရှိနေသမျှကာလပတ်လုံး အကျိုးအမြတ်တွေနဲ့ အရေးပေးဆက်ဆံခံရမှုကို ခံစားနိုင်လိမ့်မယ်။ ထားပါ....ဒီဟာတွေကို အနာဂတ်မှာ မင်းနားလည်လိမ့်မယ်!"

အဘိုးအိုက စကားပြောပြီးသည်နှင့် တစ်ပြိုင်နက် ယန်ယဲ့ကို နောင်တရစွာဖြင့် စိုက်ကြည့်ပြီးနောက် နေရာမှာပင်ပျောက်ကွယ်သွားခဲ့သည်။

ဤဆံပင်ဖြူအဘိုးအိုက ချန်းဟွမ် ပါ။

ယန်ယဲ့က
လေလွင့်ကျင့်ကြံသူဖြစ်ကြောင်းသိလိုက်ရခိုက်
သူ၏ဂိုဏ်းသို့ခေါ်ယူရန်ကြံစည်ခဲ့သည်။

သို့သော်လည်း ယန်ယဲ့၏သက်တမ်းက နောက်ထပ် ၁၀
နှစ်သာကျန်တော့ကြောင်းသတိပြုမိပြီးအတွေးကို
အမြန်စွန့်လွှတ်လိုက်လေသည်။
ထို့အပြင်
ယန်ယဲ့၏အသက်စွမ်းအင်ကိုအဆက်မပြတ်ဖိနှိပ်နေသ
ည့်
မမြင်နိုင်သောစွမ်းအားတစ်ခုကိုပါသတိထားမိခဲ့ခြင်းပင်။

အဘိုးအိုချမ်းဟွမ်က
၎င်းကိုတိတိကျကျသိရှိထားလေသည်။ ၎င်းက
ကောင်းကင်ဘုံ၏ကျိန်စာ ဖြစ်သည်။

ထို့ကြောင့် သူက ယန်ယဲ့အား
ဂိုဏ်းထဲသို့ခေါ်ယူရန်အတွေးကို ချက်ချင်း
စွန့်လွှတ်လိုက်သည်။

သို့သော် ယန်ယဲ့က သူ့ရှေ့၌
ရုတ်တရက်ထွက်ပေါ်လာသော ဆံပင်ဖြူအဘိုးအို၏
အကြံအစည်များကို မသိလိုက်ပေ။

အကယ်၍ ခေါ်ယူခဲ့လျှင်ပင်
သူကလက်ခံမည်မဟုတ်ချေ။

ဂိုဏ်းတစ်ခုထဲသို့
ဝင်ရောက်ခြင်းသည်ကန့်သတ်ချုပ်ချယ်ခံရမှု နှင့်
အတူတူပင်ဖြစ်နေသောကြောင့်ပါ။

သူသည်
ထိုကဲ့သို့အခြေအနေမျိုးကိုလုံးဝသဘောကျနှစ်သက်ခြ
င်းမရှိပေ။

သူအလိုရှိသည့်အခါတိုင်း
ဓားကိုဆွဲထုတ်ပြီးသက်ဖြတ်ရသည်ကိုသာ.....

ဓားတစ်ချောင်းကို ဆုပ်ကိုင်ထားရင်တိုက်ကြီးတစ်ခုလုံး
လွတ်လွတ်လပ်လပ်

လှည့်လတ်သွားလာရသောခံစားချက်ကိုသာသဘောကျ
သည်။

ယန်ယဲ့သည် သူ့လက်ထဲမှ တံဆိပ်ကို စိုက်ကြည့်ရင်း
ပြုံးကာ ရင်ဘတ်၌ ချိတ်ဆွဲထားလိုက်၏။
အဘယ်ကြောင့်ဆိုသော် သူ့တွင်
ကောင်းကင်တံဆိပ်သာရှိနေပါက ရှေးဟောင်းဒိုမိန်းမြို့၌
လုပ်ဆောင်လိုသောအရာများကိုပို၍လွယ်ကူစွာကိုင်တွ
ယ်နိုင်ပါလိမ့်မည်။

ထို့နောက် ယန်ယဲ့က ကောင်းကင်ဝင်ပေါက်မှတစ်ဆင့်
ရှေးဟောင်းဒိုမိန်းမြို့ထဲသို့ဝင်ရောက်ရန်ပြင်လိုက်၏။
ရုတ်တရက် သူ့နောက်မှ အသံတစ်ခု
ထွက်ပေါ်လာခဲ့်သည်။

"ယန်ယဲ့!"

တစ်စုံတစ်ယောက်က
သူ့ကိုခေါ်နေကြောင်းကြားလိုက်တဲ့အခါ
ယန်ယဲ့ကမျက်မှောင်ကြုတ်ကာ
နောက်ပြန်လှည့်ကြည့်လိုက်ပါသည်။

တောင်ပိုင်းနယ်မြေ၏
လူငယ်ကျွမ်းကျင်သူအုပ်စုတစ်စုက သူ့နောက်တွင်
ရပ်နေသည်ကို တွေ့လိုက်၏။

၎င်းတို့ကို ဦးဆောင်လာသူက ဆံပင်ရှည်လျားသော
လူထွားကြီးတစ်ဦးပါ။

"မင်းတို့ တစ်ခုခုများလိုအပ်လား?"
ယန်ယွဲ့ကမထူးခြားသောလေသံဖြင့် မေးလိုက်သည်။

သူသည် တောင်ပိုင်းနယ်မြေ၏
လူငယ်ကျွမ်းကျင်သူအုပ်စုကို
စိတ်ပါဝင်စားခြင်းမရှိသလို၊ ၎င်းတို့က သူ့ကို
ပြဿနာမရှာသရွေ့ လျစ်လျူရှုရန် ရည်ရွယ်ထားသည်။

မည်သို့ပင်ဆိုစေ တောင်ပိုင်းနယ်မြေ၏
လူငယ်မျိုးဆက်မှ ၉၀ ရာခိုင်နှုန်းကျော်က
သူ့ကိုသေဆုံးစေချင်ကြကြောင်းရှင်းရှင်းလင်းလင်းသိ
ထားသောကြောင့်ပင်။

သို့မဟုတ်ပေ၊ တောင်ပိုင်းနယ်မြေမှ
ကျွမ်းကျင်သူအားလုံးသည် သူ၏သေဆုံးခြင်းကို
မျှော်လင့်နေကြောင်းသိသာပေသည်။

သို့သော် ယန်ယဲ့က လုံး၀ ဂရုမစိုက်ပေ။

သူ့ကိုသေချင်စေသူ များနေသော်ငြား အခုအချိန်အထိ
အရာအားလုံး အဆင်ပြေနေသလိုအသက်ရှင်နေဆဲပင်
မဟုတ်ပါလား။

ဆံပင်အရှည်ရှည်လူထွားကြီးက စကားစလာသည်။
"မင်းဘေးနားကို ငါတို့တွေ
လိုက်ပါနိုင်ဖို့မျှော်လင့်ပါတယ်!"

ယန်ယဲ့က အံ့အားသင့်သွားပြီး အတော်လေး အံ့အားသင့်နေပုံဖြင့် "ငါ မင်းတို့ပြောတာ မကြားလိုက်သလိုပဲ။ ဘာရယ်! မင်းတို့အားလုံး က ငါ့နောက်ကို လိုက်ချင်နေကြတာလား?”

ဆံပင်ရှည်ရှည်လူထွားကြီးနှင့် သူ့နောက်မှလူငယ်အုပ်စုက ခေါင်းညိတ်ပြလိုက်ကြသည်။

ယန်ယဲ့က လူအုပ် ကို တစ်ချက်ကြည့်လိုက်ပြီး “မင်းတို့အားလုံး ဘာလို့စောစောက လာမပြောတာလဲ။ ငါသာ ကောင်းကင်ဝင်ပေါက်ကို မကျော်နိုင်ခဲ့ရင် မင်းတို့အားလုံး ဒီလိုပြောကြမှာလား။

ဟုတ်ပါတယ်၊ လူတိုင်းက လက်တွေ့ကျတယ်ဆိုတာ၊
အဲဒါကို ငါနားလည်ပါတယ်။ ဒါပေမယ့် အခုတော့
စိတ်မကောင်းပါဘူး..... ငါမင်းတို့ကို သဘောမကျဘူး။"
ယန်ယဲ့က စကားဆုံးသည်နှင့် နောက်ပြန်လှည့်ကာ
တုံ့ဆိုင်းမနေဘဲ ထွက်သွားလေသည်။

သူ့စိတ်ထဲ၌ ထိုလူအုပ်စု၏ ရည်ရွယ်ချက်ကို
ကောင်းကောင်း သဘောပေါက်ထားပါသည်။

၎င်းတို့က
သူ့ကိုလက်ငှားအသုံးပြုရန်ရည်ရွယ်နေခြင်းပင်။

.....ငါ့နောက်လိုက်ကိုလိုက်ပါချင်လို့ လား? ဟာသပဲ! မင်းတို့အားလုံး အစောပိုင်းအချိန်တွေတုန်းက ဘာလုပ်နေကြတာလဲ?

ယန်ယဲ့က ခပ်ပြတ်ပြတ်ငြင်းပယ်ပြီးထွက်သွားသည်ကို မြင်လိုက်တဲ့အခါ ဆံပင်ရှည်ရှည်လူငယ်နှင့်လူငယ်အသီးသီး၏အမူအရာများက သိသိသာသာကို ပြောင်းလဲသွားပါသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၄၈ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၄၈)] –အသိမိတ်ဆွေတစ်ဦးနှင့်တွေ့ဆုံ

"ဟမ်! သူက ဘာအတွက်
ဒီလောက်တောင်မောက်မာနေရတာလဲ။ ငါတို့ကို
သူ့အနားမှာနေခွင့်ပေးပါလို့
ခြေထောက်ဖက်ပြီးတောင်းပန်ခိုင်းနေသလိုပဲ။”
လူငယ်တစ်ဦးက  ကောင်းကင်ဝင်ပေါက်အတွင်းပိုင်းသို့
ပျောက်ကွယ်သွားသော ယန်ယွဲ့ကိုကြည့်ရင်း
မကျေမနပ်ဖြစ်ကာ အေးစက်စွာ အော်ဟစ်လိုက်သည်။

တစ်ယောက်က သက်ပြင်းချလိုက်၏။ "ဒါပေမယ့် သူ့ရဲ့ ခွန်အားက တကယ်ကို ကြောက်စရာကောင်းတယ်လေ။ ငါတို့သာ သူ့အနားမှာ ရှိနေရင် ဒီနေရာမှာ ဘယ်သူကများ ငါတို့ကိုအနိုင်ကျင့်ရဲတော့မှာလဲ? ဒါ့အပြင် ရှေးဟောင်းဒိုမိန်းမြို့ထဲမှာ ငါတို့ရဲ့ အဆင့်အတန်းက အခုထက်ပိုပြီးကောင်းမွန်လာမှာပဲ။ ကံမကောင်းစွာနဲ့...."

လူတိုင်း ငြိမ်ကျသွား၏။

ယန်ယွဲ့သည် ရှေးဟောင်းဒိုမိန်းမြို့ထဲသို့ဝင်လာပြီးနောက် လူတိုင်း၏အာရုံစူးစိုက်မှုကိုချက်ချင်းခံလိုက်ရသည်။

ထိုအကြောင်းအရင်းမှာ သူက.ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်လာခြင်းကြောင့်ပါပဲ။

“ဟိုး! တစ်စုံတစ်ယောက်က ကောင်းကင်ဝင်ပေါက်ကနေ တကယ်ရောက်လာတာလား? ချီး..... သူက ဘယ်နယ်မြေကနေလာတယ်လို့ မင်းတို့ထင်ကြလဲ?"

“အဟမ်း....၊ ငါ့ထင်တာမမှားရင် သူက ဗဟိုနယ်မြေကဖြစ်မယ်ထင်တယ်။ ဘာလို့လဲဆိုတော့ ဗဟိုနယ်မြေကလွဲလို့ ကောင်းကင်ဝင်ပေါက်ကိုဖြတ်ကျော်နိုင်တဲ့ကျန်တဲ့နယ်မြေအသီးသီးကိုမင်းမြင်လို့လား?”

“အဲဒါက သေချာပေါက်မဖြစ်နိုင်ပါဘူး။ ဒီလိုဆို ဆေဘာစားဂိုဏ်းရဲ့တည်ထောင်သူဘိုးဘေးလိုမျိုး တခြား နယ်မြေတွေမှာ ပေါ်လာတာ ဖြစ်နိုင်တယ်။”

“ဆေဘာစားဂိုဏ်းရဲ့တည်ထောင်သူဘိုးဘေး လား? မင်း နောက်နေတာ ရပ်လိုက်ပါ။လွန်ခဲ့တဲ့ နှစ် ၁၀,၀၀၀ အတွင်းမှာတောင် ဒီလိုတည်ရှိမှုမျိုးပေါ်လာဖို့က ရှားရှားပါးပါးလေ။ နောက်ထပ် အထွတ်အထိပ်တည်ရှိမှုသာ ထပ်ပေါ်လာရင် ကောင်းကင်ဘုံကကတောင် ကြောက်လန့်နေလိမ့်မယ်!”

ယန်ယဲ့က ပြောဆိုဆွေးနွေးနေသောလူအုပ်ကိုတစ်ချက်ကြည့်လိုက်ကာ မြို့ထဲသို့ဆက်လျှောက်သွားခဲ့သည်။

လောလောဆယ်တွင် သူက
ကြွယ်ဝမှုများများရှာနိုင်သော နေရာကို
ရှာဖွေလိုနေခြင်းပင်။

အဆောင်များ၊ အစီအရင်များသည်
တောင်ပိုင်းနယ်မြေ၌သာမက
ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးတွင်ပင်
အလွန်အဖိုးထိုက်တန်လှသည်။

မိုခေးလို ထိပ်သီးပါရမီရှင်တစ်ဦးသည်ပင် မလိုအပ်ဘဲ
အဆင့်နိမ့်၊ အဆင့်မြင့်အဆောင်များကို
ထုတ်သုံးလိမ့်မည်မဟုတ်ပေ။

အထူးသဖြင့်
အနီးအနားတစ်ဝိုက်တွင်သာလေ့ကျင့်နိုင်သော
ကျွမ်းကျင်သူများက အဆောင်များကို
လိုအပ်နေသည်မှာမလွဲပေ။

ထို့ကြောင့်
အဆောင်သခင်တစ်ဦးကအဆောင်များကိုရေးဆွဲပြီး
သေချာပေါက်ရောင်းချနိုင်ပေသည်။

အခုအချိန်၌ သူ့လက်ထဲတွင် စွမ်းအင်ကျောက်တုံးများ
မရှိတော့ပေ။ ဓားနည်းစနစ်ကိုလေ့ကျင့်ရန်ဖြစ်စေ၊
ကျင့်ကြံမှုအဆင့်ကိုတိုးမြှင့်ရန်ဖြစ်စေ
ဘာစွမ်းအင်ကျောက်တုံးမှရှိမနေတော့ပါ။

အထူးသဖြင့် ဆန်းကြယ်ရွှေချီကန်က သူ၏
မူလဒန်တျန်ဖြစ်လာပြီးနောက် အနည်းဆုံး

ရာချီသောစွမ်းအင်ကျောက်တုံးများကိုအသုံးပြုနေရသ
ည်။

ရုတ်တရက် ယန်ယဲ့က
လူတိုင်း၏အာရုံစူးစိုက်မှုကြောင့်အနည်းငယ်စိတ်ရှုပ်
လာကာ အဘိုးအိုပေးခဲ့သော
တံဆိပ်ကိုပြန်သိမ်းထားလိုက်ပါသည်။
သူ့ကိုယ်သူ သွားလာရလွယ်ကူချင်သောကြောင့်သာ
တံဆိပ်ကိုတပ်ထားခဲ့သော်လည်းအခုအခြေအနေက
ပို၍ပင် ဒုက္ခများနေသလိုဖြစ်နေ၏။

ယန်ယဲ့သည် မြို့ထဲ၌ အချိန်အတော်ကြာ
လမ်းလျှောက်ပြီးနောက် စားသောက်ဆိုင်တစ်ဆိုင်ကို
တွေ့လိုက်၏။

သူကဆိုင်ထဲသို့ဝင်ရောက်လိုက်စဉ်မှာပဲ
အစိမ်းရောင်ဝတ်မိန်းမပျိုတစ်ဦးကချက်ချင်းထွက်ကြိုခဲ့
သည်။

သူက မိန်းမပျိုကို မြင်လိုက်ရသောအခါ
အံ့အားသင့်သွားပြီး မျက်လုံးထဲ၌
အံ့သြမှုအရိပ်အယောင်တစ်ခု ထွက်ပေါ်လာသည်။

အနှိမ်မိန်းမပျိုက
အလွန်တရာချောမောလှပနေသောကြောင့်မဟုတ်ပေ၊
ထိုအစား သူမက အလွန်ရင်းနှီးနေခြင်းကြောင့်ပါ။
အစိမ်းရောင်ဝတ်မိန်းမပျိုကိုကြည့်ကာသူနှင့်တစ်နေရာ
တွင်တွေ့ဖူးသလိုခံစားလိုက်ရသည်။

အိုး! တောက်ပသောနေမင်းမြို့တော်
အဆောင်သခင်အစည်းအရုံးဗျာနခွဲ။ ရှောင်ယုအာ! "
အချိန်တော်တော်ကြာမှသာ သူမကိုပြန်မှတ်မိသွား၏။
ထိုမိန်းမပျိုက သူနှင့်အကြိမ်ကြိမ်တွေ့ဆုံဖူးသော
ရှောင်ယုအာဖြစ်နေကြောင်းမှတ်မိလိုက်တော့သည်။

ရှောင်ယုအာသည်လည်း ယန်ယဲ့ကို
သတိပြုမိသည့်အတွက် အံ့အားသင့်သွားကာ
သူမ၏အမူအရာက အနည်းငယ် သဘာဝမကျသလို
ဖြစ်သွားလေသည်။

သူမက ယန်ယဲ့ကိုမြင်သောအခါ
ရှုပ်ထွေးသောအမူအရာတစ်ခုတောက်ပလာခဲ့၏။

"ငါ သူနဲ့ မိတ်ဆွေအဖြစ်ကနေ ခွဲခွာလိုက်တာ သိပ်မကြာသေးပေမယ့် အချိန်ကြာလာတာနဲ့အမျှ လုံးဝမေ့သွားလိမ့်မယ်လို့ ထင်ထားခဲ့တာ။ ဟူး....,ကြည့်ရတာ ငါသူ့ကိုမမေ့နိုင်သေးတဲ့ပုံပဲ!"

တစ်ဖက်တွင် ယန်ယဲ့က ခေါင်းယမ်းလိုက်ပြီး ရှောင်ယုအာကို နှုတ်ဆက်လိုက်ပါသည်။
"အလှမယ်ရှောင်! ရှေးဟောင်းဒိုမိန်းမြို့မှာ ငါတို့တွေ့လိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ဘူး!"

ယန်ယဲ့က သူမအား စကားပြောနေသည်ကိုကြားလိုက်တဲ့အခါ

ရှောင်ယုရှီ၏အမူအရာက
အနည်းသယ်ပြေလျော့လာသည်။
သူမက ယန်ယဲ့ကိုစိုက်ကြည့်ရင်း မျက်လုံးထဲ၌
စိတ်ရှုပ်ထွေးနေသောအရိပ်အယောင်များပေါ်လွင်နေ၏
။

ပြောစရာမလိုအောင်ပါပဲ။ သူမသည် အတိတ်က
ယန်ယဲ့ကို အလွန်ချစ်ခင်နှစ်သက်ခဲ့ပါသည်။

သို့သော် ကောင်းကင်ဘုံ၏ကံကြမ္မာက
လူတိုင်းကိုသက်ရောက်စေသည့်အလားလူတစ်ဦးနှင့်ပ
တ်သက်ကာ သူမတို့နှစ်ဦးကြားမှဆက်ဆံရေး
ပျက်သုဥ်းသွားခဲ့ရသည်။

ထို့အပြင် ယန်ယဲ့က
အဆင့်သတ်မှတ်ချက်ဘုရင်ဖြစ်လာပြီး ထောင်စုနှစ်၏
အကြိုများအင်ပါယာဘွဲ့ကိုရရှိပြီးနောက် နှစ်ဦးကြားမှ
ဆက်ဆံရေးကိုပြန်လည်ပြုပြင်ရန်ရည်ရွယ်ခဲ့သေးသည်
။

သို့သော် ထိုစဉ်က
ယန်ယဲ့၏အဆင့်အတန်းနှင့်သူမ၏အခြေအနေအရ
ပြန်လည်ဆက်သွယ်ရန်မဖြစ်နိုင်ခဲ့ပေ။

အရေးကြီးဆုံးအချက်မှာ သူမ၏ ကလန်က ယန်ယဲ့ နှင့်
မူလကျောင်းတော်၊ ပန်းနန်းတော်နှင့်
ဝိညာဉ်တစ္ဆေဂိုဏ်းကြားမှဆက်ဆံရေးကိုသိထားသော
ကြောင့် မိတ်ဆွေမဖွဲ့ရန်တားမြစ်ထားခြင်းပင်။

ထိုကဲ့သို့အခြေအနေမျိုး၌ ဘယ်သူကများ ယန်ယဲ့နှင့်မိတ်ဆွေဖွဲ့ရန် ရဲတင်းနိုင်ပါမည်နည်း။

လူတိုင်းက အဆောင်သခင်အစည်းအရုံး၏ဆုံးဖြတ်ချက်ကိုမြင်ပြီး ဆေဘာဓားဂိုဏ်းကပင် ယန်ယဲ့ကို စွန့်လွှတ်ခဲ့သည်မဟုတ်ပါလား။

ရှောင်ယုအာက သက်ပြင်းချလိုက်ပြီး “အစ်ကိုယန် နဲ့လည်း ဒီမှာ တကယ်တွေ့မယ်လို့ မမျှော်လင့်ထားဘူး။ တကယ်တော့ အစ်ကိုယန်က နဝမမြောက်ငရဲဘုံကို သွားနေတာမဟုတ်လား?"

"ငါအဲဒီကိုသွားတယ်ဆိုတာ မင်းဘယ်လိုသိတာလဲ?" ယန်ယဲ့က အနည်းငယ်အံ့သြသွားသည်။

“ကျင့်ကြံသူတွေရဲ့စိတ်ဝိညာဉ်ကို သန်မာအောင်ပြုလုပ်ဖို့ အဲ့ဒီနေရာက ဝိညာဉ်တွေကိုဝါးမြိုနိုင်တယ်လေ! ဒါကြောင့် အစ်ကိုယန် ပိုင်ဆိုင်တဲ့ ခွန်အားနဲ့ဆိုရင် အစ်ကိုယန် က ဒီလိုအခွင့်အရေးကို လက်လွှတ်ခံမှာမဟုတ်တာတော့ သေချာပါတယ်။” ရှောင်ယုအာက မျက်နှာထက်၌ အပြုံးတစ်ခုနှင့်အတူ ပြောလိုက်ပါသည်။

"ဒီလိုကြောင့်ကိုး။ ယန်ယဲ့က ပြုံးပြီး ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ကာ "အလှမယ်ရှောင်! မင်းက ဒီမှာ ဘာလုပ်နေတာလဲ?"

"အလုပ်လုပ်နေတာလေ!" ရှောင်ယုအာက တိုးညှင်းစွာ ပြန်ပြောသည်။

"အလုပ်လား?" ယန်ယွဲ့က မျက်မှောင်ကြုတ်ပြီး ဆက်ပြောလိုက်၏။ " အလှမယ်ရှောင်! မင်းရဲ့နောက်ခံအရဆိုရင် ဒီလိုလုပ်ဖို့ မလိုဘူး မဟုတ်လား? "

ရှောင်ယုအာက အကူအညီမဲ့စွာ ရယ်လိုက်ပါသည်။ "အစ်ကိုယန်၊ မင်း သတိမထားမိတဲ့အရာတစ်ခုရှိသေးတယ်။ သေမျိုးဝင်ပေါက်နဲ့ခွေးတိုးပေါက်ကနေ ဝင်ရောက်လာတဲ့လူအားလုံးက

ရှေးဟောင်းဒိုမိန်းမြို့ထဲမှာနေထိုင်ဖို့အတွက်

ငွေပေးချေရမှာလေ။ သတ်မှတ်ထားတာက တစ်နေ့ကို

စွမ်းအင်ကျောက်တုံး ၅၀ ။

ဒီလောက် ကုန်ကျစရိတ်က ငါ့နောက်ခံနဲ့တောင်

မခံနိုင်ဘူး။

စွမ်းအင်ကျောက်တုံးတွေမရှိရင်တော့

မြို့ထဲမှာနေထိုင်ဖို့တစ်ခုတည်းသောနည်းလမ်းက

မြို့ထဲမှာရှိတဲ့

အင်အားစုတွေအတွက်အလုပ်လုပ်ပေးရမယ်ဆိုတာပဲ။

ငါက အခြေအနေနည်းနည်းကောင်းပေမယ့်

တောင်ပိုင်းနယ်မြေက ကျန်တဲ့လူတွေကတော့

သိပ်ပြီးမကောင်းကြဘူး။ ဟူး.....!”

ယန်ယဲ့က ခဏတာ လေးလေးနက်နက် စဉ်းစားပြီးမှ "သူတို့က ဒီလောက်ဆိုးရွားတဲ့ အခြေအနေရောက်နေတာတောင် တောင်ပိုင်းနယ်မြေကို ဘာလို့ ပြန်မသွားကြတာလဲ?"

"ငါတို့ မပြန်နိုင်ဘူး!" ရှောင်ယုအာက ခေါင်းခါရင်း ရယ်မောလိုက်သည်။

"ဘာကြောင့်?" ယန်ယဲ့လည်းအံ့သြသွားသည်။

"ဘာလို့လဲဆိုတော့ မြို့နဲ့ဝေးဝေးထွက်သွားလိုက်ရင် ငါတို့တွေအကုန်သေရတော့မယ်!" သူမ၏မျက်လုံးထဲ၌ အားကိုးရာမဲ့သည့်အမူအရာတစ်ခု

ဖျပ်ဖျပ်ဖျပ်လတ်လတ်တောက်လာပြီး
ဆက်ပြောလိုက်လေသည်။

“နတ်ဆိုးနယ်မြေ၊ ငရဲတစ္ဆေနယ်မြေ နဲ့
နတ်ဘုရားသားရဲနယ်မြေရဲ့အဖွဲ့ဝင်တွေက
မြို့ပတ်ပတ်လည်မှာ အသင့်စောင့်နေကြတယ်။ ဒါ
ကြောင့် ငါတို့က အဖွဲ့သာ ဖွဲ့မထားရင် ဘယ်သူမှ မြို့ပြင်
မထွက်ရဲဘူး!"

“ဟမ်! ပတ်ဝန်းကျင်မှာစောင့်နေတဲ့မျိုးနွယ်ခြားတွေက
အရေအတွက် ၁၀၀၀ အောက်သာရှိပေမယ့်
လူသားကျွမ်းကျင်သူ ၁၀,၀၀၀ လောက်ကို
သတ်ဖြတ်ပစ်ခဲ့တယ်။ဘယ်လောက်တောင်ဝမ်းနည်းစ
ရာကောင်းလိုက်လဲ!" ယန်ယွဲ့က ထိုစကားများကို
ပြောရင်း ထူးဆန်းစွာ ပြုံးလိုက်သည်။

သူသည် ဤလူသားကျွမ်းကျင်သူများကို
သနားကျင်နာစိတ်မရှိပေ။

အမှန်တော့၊ အကယ်၍ သူသည် ထိုနေ့တွင်
မြို့ပြင်၌ရှိနေစဉ်ကသာ
လူသားအားလုံးစည်းလုံးနေပါက
မျိုးနွယ်ခြားသုံးခု၏အဖွဲ့ဝင်များကို
သုတ်သင်ရှင်းလင်းပစ်ရန် ခက်ခဲမည်မဟုတ်ပေ။

ကံမကောင်းစွာပဲ၊ လူသားကျွမ်းကျင်သူတိုင်းက
ကိုယ့်အကျိုးအမြတ်ကိုသာထည့်သွင်းစဉ်းစားပြီး
လက်ရှောင်ရန်သာရွေးချယ်ခဲ့ကြသည်။

အခုအချိန်တွင်တော့ ၎င်းတို့အားလုံး
မျိုးနွယ်ခြားသုံးခု၏
အမဲလိုက်သတ်ဖြတ်ခြင်းကိုခံရနေပြီဖြစ်သည်။

ယန်ယဲ့အနေဖြင့်
လူသားကျွမ်းကျင်သူများကိုကယ်တင်ရန် ဒါမှမဟုတ်
ကူညီရန်စိတ်မဝင်စားပေ။

ရိုးရှင်းစွာပြောရလျှင် ထိုလူများ၏
သေခြင်း၊ရှင်ခြင်းကံကြမ္မာက
သူနှင့်သက်ဆိုင်နေပါသလား?

လူတိုင်း တစ်ကိုယ်ကောင်းဆန်တတ်ကြသည်။

ထို့အပြင် သူသည် လက်ရှိတွင်
မဟာကယ်တင်ရှင်ဖြစ်ရန် ခွန်အားမရှိပေ။

အခုအချိန်တွင် သူလုပ်ဆောင်လိုသောအရာကနှစ်ခုသာ။
ပထမတစ်ခုမှာ သူ၏ ဓားနည်းစနစ်ကို လေ့ကျင့်ရန်
စွမ်းအင်ကျောက်တုံးအချို့ကိုစုဆောင်းရန်ပါ။
ဒုတိယချက်မှာ သူ၏ခွန်အားကို မြှင့်တင်ပြီး
ရှောင်ယုရှီအတွက် ကံကြမ္မာစွမ်းအားကို
အရယူသိမ်းပိုက်ရန်ပင်။

မှန်ပါသည်။ သူအလုပ်ချင်ဆုံး ဆန္ဒတစ်ခုရှိနေသေး၏။
ပန်းနန်းတော်ကိုဖျက်ဆီးပြီးသူ၏အမေဖြစ်သူကိုကယ်
တင်ရန်ပါ။

သို့သော် အခုအချိန်တွင် သူက ၎င်းကို လုပ်ဆောင်ရန်
ခွန်အားမရှိသေးပေ။ လောလောဆယ်တွင်
ဘေးဖယ်ထားရုံသာတတ်နိုင်သည်။

ဒီအချိန်မှာပဲ ရှောင်ယုအာက
ရုတ်တရက်ပြောလာသည်ကို ကြားလိုက်၏။
"အစ်ကိုယန်၊ နင်လည်း
သေမျိုးဝင်ပေါက်ကိုဖြတ်ကျော်လာခဲ့တာဖြစ်ရမယ်....
ဟုတ်တယ်မဟုတ်လား?"

ယန်ယွဲ့က
စဉ်းစားခန်းဝင်နေရာကနေသတိပြန်ဝင်လာပြီးနောက်
သူမကိုပြန်မေးလိုက်ပါသည်။ “အိုး! ဒီလိုဆိုတော့
ဘာဖြစ်လို့လဲ?”

"အစ်ကိုယန် ပိုင်တဲ့ ခွန်အားနဲ့ဆိုရင်
သေမျိုးဝင်ပေါက်ထဲကို အသာလေးဝင်နိုင်တယ်!"

ရှောင်ယုအာက ပြုံးပြီး “ဒါဆိုရင် အစ်ကိုယန် နင်က သွားစရာနေရာမရှိရင် ဒီမှာ ငါနဲ့ အတူတူ အလုပ်လုပ်လို့ရတယ်။ ဒါ့အပြင် ငါတို့က အဆောင်တာအိုကို အတူတူ လေ့လာလို့ရတယ်လေ။ ဒီအကြောင်းပြောရတာ ရှက်စရာလို့ထင်မိပေမယ့် ငါကလေ.... အခုချိန်ထိ အဆင့် ၃ အဆောင်သခင်တစ်ယောက်ပဲဖြစ်နေသေးတယ်။” စကားပြောပြီးသည်နှင့် ရှောင်ယုအာ၏ မျက်နှာလေးက အနည်းငယ် နီရဲသွားသည်။

"အလုပ်လား?" ယန်ယဲ့က ခေါင်းယမ်းကာ ပြုံးလိုက်သည်။ “ငါ အခု အလုပ်လုပ်ဖို့ အချိန်မရှိဘူး။ ဟုတ်တယ်.... ဒါနဲ့ အလှမယ်ရှောင်! မင်းက တောင်ပိုင်းနယ်မြေကို ပြန်သွားသချင်လား? ဒါမှမဟုတ်

ဒီမှာနေပြီးတော့ ပုန်းကွယ်နေသောနဂါးစေတီ ဖွင့်မဲ့အချိန်ကို စောင့်နေတာလား?"

အတိတ်က သူတို့နှစ်ဦးကြား၌ ပဋိပက္ခများရှိခဲ့သော်လည်း ယန်ယဲ့က သူ့ကိုကူညီပေးခဲ့သော မိန်းမပျိုအပေါ် အထင်ကြီးနေဆဲပါ။ ထို့ကြောင့် သူတတ်နိုင်သမျှအထိသူမကိုကူညီပေးရန်မေးလိုက်ခြင်း သာ။

ရှောင်ယုအာက အံ့အားသင့်သွားပြီးနောက် ခါးခါးသီးသီးပြုံးကာ "ငါ ဒီမှာဆက်နေချင်သေးတယ်။ တကယ်တမ်းကျ ပုန်းကွယ်နေသောနဂါးစေတီက

ကျင့်ကြံသူတွေအတွက်
ကျင့်ကြံခြင်းနတ်နန်းတော်တစ်ခုပဲလေ!
 ဒါ့ပြင် ငါသာ ကံကောင်းမှုတစ်ခုခုကိုရနိုင်ရင်
အဲဒါက ငါ နဲ့ ငါ့ကလန်အတွက် ကြီးမားတဲ့
အနာဂတ်ကိုပိုင်ဆိုင်နိုင်လိမ့်မယ်!”

ယန်ယဲ့က ခေါင်းညိတ်ပြလိုက်သည်။
သူကအတင်းအကြပ်လုပ်ဆောင်ရန်အထိစိတ်မဝင်စား
လှပေ။

သူက ရှောင်ယုအာကိုပြန်ပြောရန်ပြင်လိုက်စဉ်မှာပဲ
လူငယ်ကျွမ်းကျင်သူအုပ်စုတစ်စုက
စားသောက်ဆိုင်ထဲသို့
ဝင်လာကြောင်းသတိပြုမိလိုက်၏။

သူက ကျန်လူငယ်များကို မမှတ်မိသော်လည်း
လူအုပ်စုအား ခေါင်းဆောင်လာသော ရှေ့ဆုံးမှ
လူငယ်နှစ်ယောက်ကို မှတ်မိလိုက်သောကြောင့်
ချက်ချင်း မျက်မှောင်ကြုတ်သွားသည်။

ထိုလူနှစ်ဦးက မူလကျောင်းတော်၏ ယွမ်ထုံ နှင့်
ဆေဘာဓားဂိုဏ်း၏ နတ်ဆိုးမိန်းမပျိုမုယွန်ယောင် ပင်။

ထိုစဉ် လူအုပ်စုက ယန်ယွဲ့ဆီသို့ လျှောက်လာပြီးနောက်
ယွမ်ထုံက ရှောင်ယုအာကိုတစ်ချက်ကြည့်ကာ
ယန်ယွဲ့ကိုစိုက်ကြည့်ရင်း "ငါတို့တွေ
စကားလေးဘာလေး ပြောရအောင်?"

"ငါစိတ်မဝင်စားဘူး!" ယန်ယဲ့က ဂရုမစိုက်ဘဲ အေးစက်စက်ပြောလိုက်၏။ ရှောင်ယုရှီကို စိုက်ကြည့်ကာ "အလှမယ်ရှောင်! ငါ့ကို တိတ်တိတ်ဆိတ်ဆိတ်လေး နေလို့ရမဲ့ အခန်းတစ်ခန်းစီစဉ်ပေးပါ!"

သူက ယွမ်ထုံ နှင့် မည်သို့စကားပြောဆိုရမည်နည်း။ သူတို့နှစ်ဦးကြား၌ရန်ငြိုးရန်စကလွဲလို့ အခြားဘာပြောစရာမှမရှိခဲ့ပေ။

ရှောင်ယုအာက ယွမ်ထုံ နှင့် မုယွန်ယောင်ကို ကြည့်လိုက်ပြီး တစ်ဖန် ယန်ယဲ့ကိုပြန်ကြည့်လိုက်၏။

သူမက
ခဏာတာတုံ့ဆိုင်းနေရင်းအဆုံးတွင်ခေါင်းညိတ်လိုက်ပါ
သည်။

မုယွန်ယောင်က ရုတ်တရက် လှည့်ထွက်သွားတော့မည့်
ယန်ယွဲ့ကိုတားဆီးလိုက်ကာ
"အစ်ကိုယန်! ငါ့ကို မျက်နှာသာပေးတဲ့အနေနဲ့
ခဏလောက်စကားပြောဖို့ ထိုင်ခွင့်ပြုမယ်လို့
မျှော်လင့်ပါတယ်!"

အိုး! ယန်ယွဲ့က ခေါင်းတစ်ချက်ခါရင်း
ရယ်မောလိုက်သည်။ “မုယွန်ယောင်! ငါတို့ကြားမှာ
ဘာမှပြောစရာမရှိဘူးလို့ ထင်တယ်။ ငါယန်ယွဲ့က

မင်းတို့အားလုံးနဲ့သက်ဆိုင်တဲ့ ဘယ်အရာကိုမှ
သိဖို့စိတ်မဝင်စားဘူး။

မင်းတို့လည်း ငါ့ကိစ္စတွေကို လုံးဝစိတ်မဝင်စားဘူးလို့
ငါယုံကြည်တယ်။

ဒီလိုဆိုမှတော့ စကားစမြည်ပြောရအောင်ဆိုတာက
ဘာလို့အလဟာသအချိန်တွေဖြုန်းနေမှာလဲ? ”

ထိုအချိန်တွင် ယွမ်ထုံကက မျက်မှောင်ကြုတ်ကာ
အသံတိုးတိုးဖြင့်ပြောလာသည် "ယန်ယဲ့! အခု
ငါတို့အားလုံးက ရှေးဟောင်းဒိုမိန်းမြို့မှာ
တောင်ပိုင်းနယ်မြေရဲ့လူငယ်ကျွမ်းကျင်သူတွေ
ဖြစ်နေတဲ့ အခြေအနေကို မင်း ရှင်းရှင်းလင်းလင်း
သိပြီးသားလို့ ငါထင်ပါတယ်။

ငါတို့ကြားမှာ မနှစ်မြို့စရာအတိတ်တစ်ခုရှိတယ်ဆိုတာ ငါနားလည်ပါတယ်၊ ဒါပေမယ့် မင်းပ တောင်ပိုင်းနယ်မြေရဲ့ လူငယ်မျိုးဆက်ထိပ်သီးပါရမီရှင်တစ်ယောက်ဖြစ်နေတုန်းပဲ။လောလောဆယ်မှာ ငါတို့ရဲ့ရန်ငြိုး၊ရန်စတွေကို ဘေးဖယ်ထားရအောင်.... မင်းက တောင်ပိုင်းနယ်မြေရဲ့ လူငယ်ကျွမ်းကျင်သူတွေကို ပေါင်းစည်းနိုင်မယ်လို့ မျှော်လင့်ပါတယ်။

ဒီလိုနည်းနဲ့သာ ငါတို့က ရှေးဟောင်းဒိုမိန်းမြို့မှာ အသက်ရှင်လျက်နေနိုင်မှာပဲ။ ဒါ့အပြင်ငါတို့က ပုန်းကွယ်နေသောနဂါးစေတီဖွင့်တဲ့အခါကျရင် နေရာတစ်ခုရဖို့သေချာသွားမယ်။”

"ငါ စိတ်မဝင်စားသေးဘူး!" ယန်ယဲ့က
ပြတ်ပြတ်သားသား ငြင်းလိုက်သည်။

"သောက်ကျိုးနဲ့၊ ငါက
မင်းတို့နဲ့အတူပူးပေါင်းရမှာလား?"
အကယ်၍ ရုတ်တရက် မမျှော်လင့်သော
သေခြင်း၊ရှင်ခြင်း အခြေအနေသာဖြစ်ပေါ်လာပါက
သူတို့အားလုံး အရင်ဆုံးထွက်ပြေးသွားပေလိမ့်မည်။

သူသည်  အတိတ်က အာဃာတများကို ခေါင်းမာစွာ
ဆုပ်ကိုင်ထားသူတစ်ယောက်မဟုတ်သလို၊
အရေအတွက် နှင့် ခွန်အားပိုင်ဆိုင်ထားခြင်း၏
နိယာမကိုကောင်းစွာနားလည်ထားသည်။

ယွမ်ထုံ၏ အဆိုပြုချက်ကို ငြင်းပယ်လိုက်ခြင်းက အင်အားထုတ်ပြန်ရန်တွေဝေနေခြင်းမဟုတ်ပေ၊ ထိုအစား ၄င်းတို့ကို မယုံကြည်သောကြောင့်ပါ။

ယွမ်ထုံက လက်လျှော့လိုပုံမရပေ၊ တစ်ချိန်တည်းမှာပဲ ရုတ်တရက်ပြောလာ၏။ "မင်းက ဒီကိစ္စကို စိတ်မဝင်စားပေမယ့် မင်းအမေနဲ့ပတ်သက်တဲ့ ကိစ္စတွေကိုတော့ စိတ်ဝင်စားမယ်ထင်တယ်.... မှန်တယ်မဟုတ်လား?"

ဘာ.....။

ယန်ယွဲ့၏ အမူအရာက ချက်ချင်းပြောင်းသွားကာ ယွမ်ထုံကို အေးစက်စက် ပြန်လှည့်ကြည့်လိုက်သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၄၉ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၄၉)] – ပူးပေါင်းပါ

"ဘာပြောနေတာလဲ!?" ယန်ယဲ့၏ခန္ဓာကိုယ်မှ ဓားတစ်ချောင်းကဲ့သို့ ပြင်းထန်သောအငွေ့အသက်များဖြာထွက်လာသည်။

ပတ်ဝန်းကျင်တစ်ခုလုံးအေးစက်စက်အငွေ့အသက်များ ဖုံးလွှမ်းသွား၏။

ထိုအချိန်တွင် မုယွန်ယောင်က ကမန်းကတန်းဝင်ပြောလိုက်သည်။ "အစ်ကိုယန် စိတ်မဆိုးပါနဲ့ဦး။ ယွမ်ထုံပြောတဲ့ အဓိပ္ပါယ်က နင်ငါတို့ကို နည်းနည်းလောက် ကူညီပေးဖို့ပဲ။"

ယန်ယဲ့က မုယွန်ယောင်ကို ကြည့်လိုက်ရင်း ယွမ်ထုံကိုစိုင်ကြည့်လိုက်ကာ အနည်းငယ်ခေါင်းညိတ်သည်။

"ကောင်းပြီလေ..... မင်းတို့က ဘာအကူအညီလိုနေလို့လဲ?"

ယွမ်ထုံ နှင့် မုယွန်ယောင်တို့နှစ်ဦးစလုံး သက်ပြင်းချလိုက်ကြသည်။

နှစ်ယောက်စလုံးက ယန်ယဲ့၏ဒေါသနှင့်စရိုက်ကို ကောင်းကောင်းသိထားကြသည်။ ယန်ယဲ့က သူတို့နဲ့ စကားပြောဖို့ရန်ဘယ်လောက်ခက်ခဲသည်ကိုနားလည် ထားသောကြောင့်ပါ။

ယွမ်ထုံက

တိတ်ဆိတ်နေခြင်းကိုချိုးဖောက်ပြီးစကားစလိုက်သည်။

"မင်းရဲ့အမေကို ကယ်တင်ချင်တယ်ဆိုတာ ငါသိတယ်။ ဒါပေမယ့် ဘယ်လောက်ခက်ခဲတယ်ဆိုတာကို မင်းလည်းသတိထားမိမှာကာ။အနာဂတ်ကျ မင်းမှာ အရည်အချင်း ရှိကောင်းရှိလိမ့်မယ်။ ဒါပေမယ့် အခု

မင်းမှာ အရည်အချင်း လုံးဝ မရှိဘူး။
ဟုတ်တယ်မလား?"

“လိုရင်းကိုပဲ သွား!” ယန်ယဲ့က
အေးစက်စက်ပြောသည်။

ယွမ်ထုံက ခဏတာတုံ့ဆိုင်းသွားပြီးခေါင်းညိတ်သည်။
"မင်းရဲ့အမေကို ငါတို့ မကယ်တင်နိုင်ဘူး။
ဒေါသမထွက်နဲ့... ငါပြောတာကို
အဆုံးထိနားထောင်လိုက်ပါဦး....
မင်းရဲ့အမေကို ငါတို့မကယ်တင်နိုင်ပေမယ့်
ပန်းနန်းတော်မှာ မင်းအမေခံစားနေရတဲ့ဒုက္ခကို
လျော့ပါးသွားအောင်တော့ လုပ်နိုင်တယ်၊မင်းရဲ့အမေကို

ဘယ်လိုဒုက္ခမှ လုံးဝမခံစားစေရတဲ့အပြင်
မင်းအမေနဲ့တောင် တွေ့နိုင်တယ်!"

နောက်ဆုံးစကားလုံးကို ကြားလိုက်သောအခါ ယန်ယွဲ့၏
မျက်တောင်များ လှုပ်ယမ်းသွားပြီး "ငါက မင်းတို့ကို
ဘာလို့ ယုံရမှာလဲ!"

ယွမ်ထုံက အသာပြုံးလိုက်ပြီး
သူ့နောက်မှလူငယ်တစ်ယောက်ကို
လှည့်ကြည့်လိုက်ပါသည်။

ထိုခါ လူငယ်က ခေါင်းညိတ်ပြပြီးနောက် ယန်ယွဲ့ကို
စိုက်ကြည့်ကာ “ငါက မူလကျောင်းတော်ရဲ့
ထိပ်တန်းတပည့်တစ်ဦးပဲ။

အဲဒါက အဓိကအချက်မဟုတ်ပါဘူး။
အဓိကအချက်ကတော့ ငါ့အဒေါ်က ပန်းနန်းတော်
အပြစ်ဒဏ်စီရင်ရေးခန်းမရဲ့အကြီးအကဲတစ်ဦးပဲ။ သူက
အဲဒီမှာ အကြီးအကဲတစ်ဦးသာဆိုပေမယ့် အခွင့်အာဏာ
တစ်ခုတော့ ပိုင်ဆိုင်နိုင်တယ်!"

ဤအခိုက်အတန့်တွင်
အခြားလူငယ်တစ်ဦးကရှေ့ထွက်လာကာ
"ငါ့အစ်မကလည်း ပန်းသက်တော်စောင့်အဖွဲ့ရဲ့
ခေါင်းဆောင်တစ်ယောက်ပဲ။ ဒါ့အပြင် သူမက
ပန်းနန်းတော်ရဲ့လုံခြုံရေးကို
အထူးတာဝန်ယူထားရတယ်။

ဒီလိုဆိုတော့ အတွင်းပိုင်းကနေ ကူညီပံ့ပိုးမှုတွေနဲ့ဆိုရင် မင်းအမေနဲ့တွေ့ဖို့က ပြဿနာမရှိဘူး။ ဘာပဲဖြစ်ဖြစ် အရင်တုန်းက ငါတောင်

ပန်းနန်းတော်ထဲကို ခဏခဏ ခိုးဝင်ဖူးတယ်…”

“ငါ့မှာလည်း ပန်းနန်းတော်က ချစ်သူတွေရှိတယ်။ သူတို့ရဲ့ရာထူးက တော်တော်လေးနိမ့်ကျပေမယ့် မင်းရဲ့အမေကို တိတ်တဆိတ်စောင့်ရှောက်ခိုင်းတာ သူတို့အတွက် ပြဿနာမရှိနိုင်ဘူး!"

“ငါ့မျိုးနွယ်ထဲက ပန်းနန်းတော်မှာ အကြီးအကဲတွေဖြစ်နေတဲ့ သူတွေရှိတယ်။ သူတို့ရဲ့အဆင့်အတန်းက ပန်းနန်းတော်မှာလုံးဝနိမ့်ကျမနေဘူး။ သူတို့ထဲမှာ

မဟာအကြီးအကဲတချို့တောင်ပါတယ်လို့ငါ့အဖေက ပြောဖူးတယ်။ ဒါက မင်းရဲ့အမေကိုပန်းနန်းတော်မှာဘေးကင်းလုံခြုံဖို့ အထောက်အကူဖြစ်နိုင်တယ်လို့ ငါထင်တယ်!"

ခဏလေးအတွင်းမှာပဲ လူငယ် ၁၀ ယောက်ကျော်ကရှေ့ထွက်လာကြ၏။ ၎င်းတို့အားလုံးက ပန်းနန်းတော်ထဲ၌ထူးခြားသောအဆက်အနွယ်များရှိနေပုံရသည်။

ယန်ယဲ့က လူငယ်အုပ်စုကို တစ်ချက်ကြည့်လိုက်ကာ "မင်းတို့အားလုံး အစကတည်းကပြင်ဆင်လာကြပုံပဲ!"

ယွမ်ထုံက ပြုံးလိုက်၏။ “ငါလည်း ပါပါတယ်။
ပန်းနန်းတော်မှာ ဆွေမျိုးတွေ ချစ်သူတွေ မရှိဘူး၊
ဒါပေမယ့် ငါ့ဆရာမှာ မိတ်ဆွေတစ်ယောက်ရှိတယ်၊
ဆရာ့ရဲ့မိတ်ဆွေက

ပန်းနန်းတော်မှာ အဆင့်အတန်းမြင့်တယ်။သူမက
နန်းတော်သခင် နဲ့ ကြီးမြတ်သောအကြီးအကဲ
အချို့ကလွဲလို့ အာဏာအရှိဆုံးလူပဲ။
မင်းရဲ့အမေကို မကယ်နိုင်ပေမယ့် ပန်းနန်းတော်မှာ
ဒုက္ခမဖြစ်အောင် တားဆီးနိုင်မယ်ဆိုတာတော့
သေချာတယ်!"

ယန်ယဲ့က
ခဏတာငြိမ်သက်သွားပါသည်။ပြောစရာမလိုအောင်ပင်

ဤလူအုပ်စုကသူ့အကြောင်းကိုတိတိကျကျစုံစမ်းစစ်ဆေးခဲ့ပုံပါ။

“မင်းရဲ့အမေကို အခုချက်ချင်းတွေ့ဖို့ ခေါ်သွားလို့ရတယ်။ မင်းအမေနဲ့တွေ့ပြီးရင် ငါတို့ဝိုင်းဖွဲ့ဆွေးနွေးလို့ရမလား?" ယွမ်ထုံက ထပ်ပြောလိုက်၏။

ယန်ယဲ့က ရုတ်တရက် ခေါင်းထောင်လာကာ ယွမ်ထုံကို စိုက်ကြည့်ရင်း အသက်ပြင်းပြင်းရှူလိုက်မိသည်။
"ပြော.....

မင်းတို့အားလုံး ငါ့ဆီက ဘာလိုချင်လို့လဲ!" မှန်ပါသည်။ ဒီလိုအခြေအနေကို သူ မငြင်းဆန်နိုင်ပေ။

ယွမ်ထုံက ပြုံးပြီး “မင်းနားလည်မှုလွဲသွားပြီ။ ဒီနေရာမှာ ငါတို့ မင်းဆီက ဘာမှမလိုချင်ဘူး။ အတူပူးပေါင်းနိုင်မယ်လို့ မျှော်လင့်ပါတယ်။ အချင်းချင်းစည်းလုံးညီညွတ်ဖို့အကြောင်းပဲပြောနေတာ။ အနည်းဆုံးတော့ ငါတို့ကရှေးဟောင်းစစ်မြေပြင်မှာ ရှိနေတုန်းပဲတစ်ယောက်နဲ့တစ်ယောက် စည်းလုံးရမယ်။ မင်းဘယ်လိုထင်လဲ?"

ယန်ယဲ့က ခဏတာငြိမ်သက်သွားပြီးမှ ခေါင်းညိတ်လိုက်ပါသည်။ "ကောင်းပြီလေ!"

ယွမ်ထုံ နှင့် တောင်ပိုင်းနယ်မြေ၏ လူငယ်အုပ်စုက ယန်ယဲ့ သဘောတူလိုက်သည်ကိုမြင်သောအခါ ချက်ခြင်းသက်ပြင်းချလိုက်ကြသည်။

မှန်ပါသည်။ လက်ရှိ သူတို့၏နှလုံးသားထဲ၌ ယန်ယဲ့က အထွတ်အထိပ်တည်ရှိမှုဖြစ်နေပေသည်။

အမှန်တော့ သူတို့ရှေ့မှလူငယ်က တောင်ပိုင်းနယ်မြေ၏ လူငယ်မျိုးဆက်တွင် ထိပ်ဆုံးရောက် ကျွမ်းကျင်ရုံသာမက၊ ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်နိုင်ခဲ့သော တောင်ပိုင်းနယ်မြေ၏ လူငယ်ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။

ထိုကဲ့သို့ အောင်မြင်မှုတစ်ခုတည်းကပင် ယန်ယဲ့၏နောက်သို့လိုက်ပါက ၎င်းတို့အားလုံးအကျိုးအမြတ်များစွာရရှိနိုင် ကြောင်းသိသာစေသည်။

"မင်းအမေနဲ့တွေ့ရအောင် အခု တောင်ပိုင်းနယ်မြေကို ပြန်သွားကြမလား?" ယွမ်ထုံကရုတ်တရက် ကောက်ခါငင်ခါ မေးလိုက်သည်။

ယန်ယဲ့က အနည်းငယ် စိတ်လှုပ်ရှားသွားသော်လည်း အဆုံးတွင် ခေါင်းယမ်းလိုက်ပါသည်။

ယွမ်ထုံက အံ့သြသွားကာ မေးလိုက်သည် “ဘာလို့လဲ?”

ဘာကြောင့်? ယန်ယဲ့က ထပ်မံခေါင်းယမ်းလိုက်ပါသည်။ အခုအချိန်တွင် သူ့အမေ့ကိုတွေ့ခွင့်ရသည့်တိုင် ဘာများလုပ်နိုင်မည်နည်း။

ထိုကဲ့သို့ ရွေးချယ်လိုက်ပါက သူ့အမေရော သူ့အတွက်ပါ နာကျင်မှုသာ ပို၍တိုးလာပါလိမ့်မည်။

"ဟူး....., မင်းတို့အားလုံး ငါ့အမေကိုကူညီဖို့ မင်းတို့ပိုင်ဆိုင်ထားတဲ့ အဆက်အသွယ်တွေကို ချက်ချင်းအသုံးချနိုင်မယ်လို့ ငါမျှော်လင့်တယ်!" ယန်ယဲ့က ပြောသည်။

လက်ရှိတွင် သူ့အမေကို တွေ့ရန်မဖြစ်နိုင်သော်ငြား ပန်းနန်းတော်၌ ဆက်ပြီးဒုက္ခခံစားနေခွင့်မပြုနိုင်ပေ။

"ဒါပေါ့!" ယွမ်ထုံက လေးလေးနက်နက် စဉ်းစားပြီး "ဒါပေမယ့် အဲဒါကို ပြီးမြောက်ဖို့ မင်းရဲ့အကူအညီလိုတယ်!"

"ဘာအကူအညီလဲ?" ယန်ယဲ့က ပြန်မေးလိုက်၏။

ယွမ်ထုံက "အရင်ဆုံး သူတို့ကို တောင်ပိုင်းနယ်မြေကို ပြန်ခိုင်းပြီး သူတို့ရဲ့အဆက်အသွယ်တွေကို အသုံးချရမယ်။

ဒါမေယ့် သူတို့က တောင်ပိုင်းနယ်မြေကိုပြန်ဖို့အတွက် နတ်ဆိုးနယ်မြေ၊ ငရဲတစ္ဆေနယ်မြေနဲ့ နတ်ဘုရားသားရဲနယ်မြေက ကျွမ်းကျင်သူတွေဝိုင်းထားတာကို ဖောက်ထွက်သွားရမှာ။

မင်းမှာ ပုံသန်းနိုင်တဲ့ အမှောင်မှော်သားရဲရှိတယ်မဟုတ်လား ဒါကြောင့် ငါတို့က အဲဒါကို အသုံးပြုနိုင်ရင် တောင်ပိုင်းနယ်မြေကို ပြန်သွားဖို့ဆိုတာ ဘာပြဿနာမှမရှိတော့ဘူး!"

"ဘာလို့ ထွက်ပြေးရမှာလဲ?" ယန်ယဲ့က လျစ်လျူရှုသောလေသံဖြင့် "ယွမ်ထုံ! အခု မင်းက တောင်ပိုင်းနယ်မြေရဲ့ လူငယ်ဘယ်နှစ်ယောက်ကို စုဆောင်းနိုင်မလဲ?"

ယန်ယဲ့ကဘာအဓိပ္ပါယ်နှင့်မေးလိုက်မှန်းနားမလည်သည့်တိုင် ယွမ်ထုံက ချက်ချင်း ပြန်ဖြေခဲ့သည်။ “ငါ့ရဲ့ ဂုဏ်သိက္ခာက အရင်ကထက် အများကြီး နိမ့်ကျနေပြီဆိုတော့ အရင်လိုအဆင့်အတန်းကြီးကြီးမားမား မရှိတော့ဘူး။ ဒါပေမယ့် လူ ၂၀၀ လောက်တော့ စုစည်းနိုင်ပါသေးတယ်။ ဒါနဲ့ မင်းက ဘာလုပ်ဖို့ရည်ရွယ်ထားတာလဲ?"

"ငါဘာလုပ်ဖို့ရည်ရွယ်ထားလဲ?"

ယန်ယွဲ့ပကအေးစက်စက်စွာ ရယ်မောလိုက်ကာ “ငါက သူတို့ကို တန်ပြန်တိုက်ခိုက်ဖို့ ရည်ရွယ်ထားတာလေ။ ဒီအချိန်တစ်လျှောက်လုံး မျိုးနွယ်ခြားသုံးခုက မရမတွက်နိုင်တဲ့ လူသားကျွမ်းကျင်သူတွေကိုအစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့တယ်။အခုအချိန်မှာသူတို့ကိုပြန်လုပ်ဖို့အချိန်ကျပြီ။

ဒါ့အပြင်အခုအချိန်လောက်ဆို သူတို့ကအတော်လေးကြွယ်ဝနေလောက်ပြီလေ။ဒီလိုဆိုမှတော့ ငါတို့က ဒီအချိန်မှာ သူတို့ကို လုယက်ဖို့ အကောင်းဆုံးအချိန်မဟုတ်ဘူးလား?"

ယန်ယဲ့

ပြောလိုက်သောစကားကြောင့်တောင်ပိုင်းနယ်မြေ၏

လူငယ်ကျွမ်းကျင်သူအုပ်စုက

အလွန်တုန်လှုပ်သွားခဲ့ကြသည်။

" ငါတို့က မျိုးနွယ်ခြားသုံးခုကို

တန်ပြန်တိုက်ခိုက်နိုင်ပြီလား? ဒီလူ ယန်ယဲ့က

တကယ်ကို ကြီးကြီးမားကိစ္စတွေ လုပ်ရဲတယ်။"

ဒါပေမယ့်လည်း မဖြစ်နိုင်ဘူးထင်တယ်!

နောက်ဆုံးတော့

ငါတို့အားလုံးကိုစုစည်းပြီးထိပ်သီးကျွမ်းကျင်သူတစ်

ယောက်ကဦးဆောင်မှာလေ.....

"ဘယ်လို! မင်းက သူတို့ကို တန်ပြန်တိုက်ခိုက်ဖို့ ရည်ရွယ်ထားတာလား?" ယွမ်ထုံက မျက်မှောင်ကြုတ်သွားသည်။

"ဘာလဲ? မင်း မလုပ်ဝံ့ဘူးလား?" ယန်ယဲ့က ယွမ်ထုံကို တည့်တည့်စိုက်ကြည့်ရင်း ထူးမခြားနားလေသံဖြင့် ပြောလိုက်သည်။

"မဝံ့ဘူးလား?" ယွမ်ထုံက ခေါင်းခါလိုက်ပြီး "ဟုတ်တယ်လည်းပြောလို့ရသလို မဟုတ်ဘူးလည်းပြောနိုင်တယ်။ ရှေးဟောင်းစစ်မြေပြင်ကို ရောက်ကတည်းက ငါတို့ရဲ့အခြေအနေတွေက အတော်လေးဆိုးရွားနေတယ်။ နတ်ဆိုးနယ်မြေ၊

ငရဲတစ္ဆေနယ်မြေနဲ့ နတ်ဘုရားသားရဲနယ်မြေက

အပေါင်းအသင်းတွေရဲ့ ဖိနှိပ်မှုကို မခံနိုင်တော့ဘူး။

လာပါ၊ သူတို့အပေါ် တန်ပြန်တိုက်ခိုက်ရအောင်။

မင်းတို့အားလုံး သတ္တိရှိကြလား?" ယွမ်ထုံက

စကားပြောပြီးသည်နှင့်

နောက်ကိုပြန်လှည့်ကြည့်လိုက်သည်။

“ဟုတ်တယ်!” "ငါတို့ ဘာကိုမလုပ်ဝံ့ရမှာလဲ။

ငါတို့ဒီကိုရောက်ကတည်းက ငါတို့ဘဝတွေက

လုံလုံလောက်လောက် ဖိနှိပ်ခံရပြီးပြီ။ ကြာပါတယ်....

အစုလိုက်အပြုံလိုက် သတ်လိုက်ရအောင်။

ဒီလူယုတ်မာတွေကို ငါတို့သတ်ပစ်ရမယ်!”

"မှန်တယ်! အဲဒီလူယုတ်မာတွေကို သတ်ရအောင်။ ငါ့ရဲ့ စီနီယာအစ်ကိုနဲ့ စီနီယာအစ်မတွေက သူတို့လက်ထဲမှာ သေဆုံးခဲ့တာ။ ဟားဟား... နောက်ဆုံးတော့ သူတို့ကိုလက်စားချေဖို့ အခွင့်အရေးတစ်ခု ရလိုက်ပြီ။ သတ်.....!”

ဒီအချိန်မှာ လူတိုင်း၏မျက်လုံးများက ချက်ချင်းနီရဲလာပြီး သတ်ဖြတ်ချင်စိတ်များတဟုန်ထိုးဖြာထွက်လာခဲ့လေသည်။

ယန်ယွဲ့က ၎င်းတို့အား ဂရုမစိုက်ဘဲ စိုက်ကြည့်နေသည်။ အခြား လူများ၏ စိတ်ခံစားမှုနှင့် ရင်ဆိုင်ရတဲ့အခါ သူ့စိတ်ထဲ မည်သို့မျှ မခံစားရပေ။

အဘယ်ကြောင့်ဆိုသော် လူသားများက

များသောအားဖြင့် ထိုကဲ့သို့ပုံစံများသာ...။

ကျောထောက်နောက်ခံရှိနေပါက သေခြင်း၊ရှင်ခြင်းကို

ဂရုမစိုက်ဘဲ တန်ပြန်တိုက်ခိုက်ကြမည်မှာသဘာဝပင်။

“ကဲ၊ မင်းတို့အားလုံး မြို့ထဲမှာရှိတဲ့ တောင်ပိုင်းနယ်က

ကျွမ်းကျင်သူတွေကို စုရုံးပါ။ သူတို့ကို ဒီမှာ

စုစည်းခိုင်းလိုက်။

ဒီလိုလုပ်တာရဲ့ ရည်ရွယ်ချက်ကတော့ နတ်ဆိုးနယ်မြေ၊

ငရဲတစ္ဆေနယ်မြေ နဲ့ နတ်ဘုရားသားရဲနယ်မြေက

အပေါင်းအသင်းတွေကို သတ်ပစ်ဖို့ပဲ။

တစ်ယောက်ယောက် လာဖို့ကြိုပြင်းရင် ကောင်းပါတယ်။ ဒါပေမယ့် အနာဂတ်မှာ တမင်ရှောင်ထွက်သွားရင်တော့.... ဟမ့်!"

စကားဆုံးသည်နှင့်တစ်ပြိုင်နက် ယန်ယဲ့ကအေးစက်စွာရယ်မောလိုက်၏။

သူ၏လေသံထဲ၌ပြင်းထန်သော သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒများပါဝင်နေခြင်းကြောင့်ဆိုင်ထဲမှလူတိုင်း ကြောက်ရွံ့တုန်လှုပ်သွားကြသည်။

အချိန်အနည်းငယ် ကြာပြီးနောက် အားလုံး က တုံ့ဆိုင်းမနေဘဲ စားသောက်ဆိုင်မှ ထွက်ခွာသွားကာ အပေါင်းအဖော်များကိုစုစည်းရန် မြို့ထဲသို့ပြန်သွားကြတော့သည်။

......။

အချိန်တစ်နာရီမပြည့်မီမှာပဲ တောင်ပိုင်းနယ်မြေ၏ လူငယ်ကျွမ်းကျင်သူ ၃၀၀ နီးပါး ယန်ယဲ့၏ရှေ့၌ ပေါ်လာခဲ့သည်။

ယန်ယဲ့က သူ့ရှေ့မှ လူ ၃၀၀ ကျော်အုပ်စုကို စိုက်ကြည့်ရင်း ခံစားချက်မဲ့သော အမူအရာဖြင့် ပြောလိုက်၏။ " မင်းတို့အားလုံး ငါ့အပေါ် မကျေမနပ်ဖြစ်နေကြတာ ငါသိပါတယ်။

ဒါပေမယ့် ငါယန်ယဲ့က လုံးဝဂရုမစိုက်တာကြောင့် အဆင်ပြေနေတုန်းပဲ။
ငါတို့ကတန်ပြန်တိုက်ခိုက်တော့မယ်ဆိုတာ မင်းတို့အားလုံးလာ်း သတိပြုမိမယ်ထင်တယ်။

ပြောချင်တာက ဒီအစီအစဉ်မှာ မပါချင်တဲ့သူရှိရင် အခုချက်ချင်း ပြန်ထွက်သွားလို့ရတယ်ဆိုတာပဲ။ ငါမင်းကို လုံးဝအတင်းအကျပ်မလုပ်ဘူး။ ဒါပေမယ့် မင်းတို့က အခုမသွားဘူး၊ တိုက်ပွဲထဲရောက်လာမှတွန့်ဆုတ်နေတယ်ဆိုရင် ဒါမှမဟုတ် အဖွဲ့ကို ဝန်ထုပ်ဝန်ပိုးဖြစ်နေတယ်ဆိုရင် မင်းတို့ရဲ့ရန်သူတွေမသတ်ခင် ငါယန်ယွဲ့က မင်းတို့ကို အရင်သတ်ပစ်မယ်!”

အားလုံးက ကန့်ကွက်ခြင်း မရှိပေ။ မှန်ပါသည်။ လူတိုင်း ဘယ်သူမှ ကန့်ကွက်ဖို့ မဝံ့ရဲကြခြင်းပါ။

နောက်ဆုံးတော့ သူတို့ရှေ့၌ရပ်နေသောယန်ယွဲ့က တောင်ပိုင်းနယ်မြေမှလူတိုင်းသိသောယန်ယွဲ့မဟုတ်တော့ချေ။

သူသည် ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်နိုင်ခဲ့သော
ထိပ်ဆုံးရောက်ပါရမီရှင်တစ်ဦးဖြစ်သည်။

သူ၏ ခွန်အားကို မပြောဘဲ၊ ကောင်းကင်ဝင်ပေါက်ကို
ဖြတ်ကျော်နိုင်သူရှိနေသောကြောင့်
လက်ရှိယန်ယွဲ့ကမြို့ထဲ၌ပင်သူတို့အားလုံးကိုသတ်ပစ်ရ
န် လုံလောက်ပါသည်။

ထို့နောက် ယန်ယွဲ့သည်
သတင်းပို့အဆောင်များကိုထုတ်ယူကာ
လူတိုင်းကိုပေးအပ်လိုက်ရင်း
အစီအစဉ်များချမှတ်လိုက်ကြသည်။

တစ်ချိန်တည်းမှာပဲ ယွမ်ထုံ၊ မုယွန်ယောင်
နှင့်အခြားသောထိပ်တန်းပါရမီရှင်များကိုဦးဆောင်ကာ
ရှေးဟောင်းဒိုမိန်းမြို့၏ ဝင်ပေါက်ဆီသို့
ထွက်ခွာသွားခဲ့သည်။

"အစ်ကိုယန်!" ယန်ယဲ့ နှင့် လူအုပ်ကြီးထွက်ခွာသွားချိန်၌
ရှောင်ယုအာက ရုတ်တရက်အော်ဟစ်လိုက်ပါသည်။

ယန်ယဲ့က လူအုပ်ကိုဦးဆောင်သွားနေရင်းရုတ်တရက်
နောက်ပြန်လှည့်ကာ ပဟေဠိဆန်သောအမူအရာဖြင့်
သူမအား စိုက်ကြည့်နေလိုက်သည်။
ရှောင်ယုအာက ချက်ချင်း ကမန်းကတန်းပြောသည်။
"အစ်ကိုယန်! ငါလည်း နင်တို့အားလုံးနဲ့ လိုက်ချင်တယ်!"

အစောပိုင်းတွင် သူမကတည်ငြိမ်နေနိုင်ခဲ့၏။

သို့သော်လည်း ယွမ်ထုံလိုထိပ်တန်းပါရမီရှင်ကပင်

ယန်ယဲ့၏

ဦးဆောင်မှုနောက်လိုက်ပါနေသည်ကိုမြင်လိုက်ရသော

ကြောင့် နောက်ချန်နေခဲ့လိုခြင်းမရှိတော့ပေ။

ယန်ယဲ့က

ရှောင်ယုအာကိုစိုက်ကြည့်နေရင်းအချိန်တော်တော်ကြာ

မှခေါင်းညိတ်လိုက်ပါသည်။

ယန်ယဲ့က တောင်ပိုင်းနယ်မြေ၏

လူငယ်ကျွမ်းကျင်သူအုပ်စုကို

ခေါ်ဆောင်ကာစားသောက်ဆိုင်ထဲမှ ထွက်လာရင်း

ရုတ်တရက် သူ့မျက်လုံးများကအနည်းငယ်

ကျဉ်းသွားပြီး စားသောက်ဆိုင် ဝင်ပေါက်၏

ထောင့်တစ်နေရာဆီသို့ လှမ်းကြည့်လိုက်သည်။

သို့သော် ထိုနေရာကိုခဏကြာထိစိုက်ကြည့်နေပြီးနောက်

သူ့အကြည့်ကို ပြန်ရုတ်လိုက်၏။

ယန်ယဲ့နှင့်

တောင်ပိုင်းနယ်မြေ၏လူငယ်အုပ်စုထွက်ခွာသွားသည်နှ

င့်တစ်ပြိုင်နက်

တော်ဝင်ဝတ်ရုံကိုဝတ်ဆင်ထားသောမိန်းမလှတစ်ဦးက

စားသောက်ဆိုင်တံခါးဝ၌ရုတ်တရက်ပေါ်လာသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၅၀ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၅၀)] – သတ်ဖြတ်ခြင်းစတင်

ယန်ယွဲ့နှင့်
တောင်ပိုင်းနယ်မြေ၏လူငယ်အုပ်စုထွက်ခွာသွားသည်နှ
င့်တစ်ပြိုင်နက်
တော်ဝင်ဝတ်ရုံကိုဝတ်ဆင်ထားသောမိန်းမလှတစ်ဦးက
စားသောက်ဆိုင်တံခါးဝ၌ရုတ်တရက်ပေါ်လာသည်။

သူမက ယန်ယွဲ့နှင့်လူအုပ်ကြီး ထွက်ခွာသွားသော လမ်းကြောင်းဆီသို့ ငေးကြည့်ပြီးနောက် မျက်နှာပေါ်တွင် ချစ်စဖွယ် အပြုံးတစ်ခု ပေါ်လာကာသူမ၏ နှုတ်ခမ်းထောင့်များက အနည်းငယ် ကွေးညွတ်သွားခဲ့သည်။

"ဟားဟား။ သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူတစ်ယောက်က ငါ့ကို သတိထားမိခဲ့တယ်။ဘယ်လောက်တောင်စိတ်ဝင်စားဖို့ ကောင်းလိုက်လဲ? အန်ဒါ! ဒီလူငယ် ယန်ယွဲ့ နဲ့ ပတ်သက်တဲ့ အချက်အလက်တိုင်းကို လိုချင်တယ်။"

"အမိန့်အတိုင်းပါ!"

ရုတ်တရက် ကျယ်ပြန့်လှသော ခန်းမကြီးအတွင်းပိုင်းမှ အသံနက်ကြီးတစ်ခု ပျံ့လွင့်လာခဲ့၏။

.....။

ကျွမ်းကျင်သူ ၁၀ ဦးနီးပါးက ရှေးဟောင်းဒိုမိန်းမြို့၏ တောင်ဖက်တည့်တည့်မှ တောင်တန်းတစ်ခုတွင် တောင်ပိုင်းနယ်မြေဆီသို့ လျင်မြန်စွာ ရွေ့လျားလာကြသည်။

ထို ၁၀ ဦးစလုံးက ရှေ့သို့ လျင်မြန်စွာ လျှပ်တစခပြက် ခုန်ဆင်းလာရင်း လေးနက်သော အမူအရာများ ရှိနေကြသည်။

သူတို့၏ မျက်လုံးများက နိုးနိုးကြားကြားဖြင့်အကြည့်များကလည်း ပတ်ဝန်းကျင်ဆီသို့ အဆက်မပြတ်အကဲခတ်နေကြ၏။

သိပ်မကြာမီတွင်၊ ကျွမ်းကျင်သူ ၁၀ ဦးက နှစ်နာရီနီးပါး လျင်မြန်စွာ ခရီးနှင်ပြီးနောက် သစ်တောအုပ်ထဲမှ ကျယ်ဝန်းသော လွင်ပြင်တစ်ခုကို တွေ့လိုက်ရသည်။

ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ လူ ၁၀ ဦးစလုံး ထူးဆန်းစွာပြုံးလိုက်ကြလေသည်။

သို့သော် ဤအခိုက်အတန့်တွင် တောတွင်းမှ ရုတ်တရက် ထိတ်လန့်တုန်လှုပ်ဖွယ် အသံတစ်ခု ထွက်ပေါ်လာသည်။

"ဟားဟား! ဒီလူသားပုရွက်ဆိတ်တွေက ရှေးဟောင်းဒိုမိန်းမြို့ကနေ မထွက်ခွာရဲဘူးလို့ ထင်ထားခဲ့တာ။

ဒါပေမယ့် သေမှာကို မကြောက်တဲ့ သူတွေလည်း ရှိသေးတယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။ ကောင်းပြီ၊ စောင့်ဆိုင်းနေတာကြာပြီဆိုတော့ ငါလည်းတော်တော်ပျင်းနေပြီ၊ လေ့ကျင့်စရာ အရုပ်နည်းနည်းရှိတော့ တစ်မျိုး ကောင်းတယ်!”

"တကယ်ပါပဲ။ ညီအစ်ကိုတို့၊ ငါတို့ရဲ့လက်စကို ထိန်းထားမှရမယ်။ ချက်ချင်းမသတ်နဲ့။ ဒီလိုမှမဟုတ်ရင် ငါတို့မှာ ဒီလိုအရုပ်ကောင်းတွေ ထပ်မရမချင်း ဘယ်လောက်ကြာကြာကြာကြာ နေရဦးမလဲမသိ။”

“အဲဒါက အဓိပ္ပာယ်ရှိတယ်။

ဟုး...., ဒီလူသားကျွမ်းကျင်သူတွေက ဘာကြောင့် ဒီလောက် အားနည်းရတာလဲ? တကယ့်ကို ပျင်းစရာကောင်းတယ်။

မဟုတ်ရင် ငါတို့ ပိုသတ်နိုင်လိမ့်မယ်။ ဟီးဟီး.... ဘာပဲဖြစ်ဖြစ်ပါလေ.... လူသားကျွမ်းကျင်သူတွေရဲ့ အရသာက တကယ်မဆိုးပါဘူး!”

ထိုအသံများကိုကြားလိုက်သောအခါ ကျွမ်းကျင်သူ ၁၀ ဦး၏ အမူအရာများ ချက်ချင်းပြောင်းလဲသွားကာ အသံလာရာဆီသို့ လှမ်းကြည့်လိုက်ကြသည်။

ရောမသစ်ပင်အထက်မှ လှောင်ပြောင်သောအမူအရာများဖြင့်

စိုက်ကြည့်နေသောနတ်ဆိုးမျိုးနွယ်ဝင်လူငယ်သုံးဦးကို
သတိပြုမိသွားလေသည်။

နတ်ဆိုးမျိုးနွယ်ဝင်သုံးဦးကို သတိပြုမိသောအခါ
လူသားကျွမ်းကျင်သူ ၁၀ ဦး၏ အမူအရာက
တစ်ဖန်ပြောင်းလဲသွားခဲ့သည်။

သို့သော်လည်း ၎င်းတို့၏ တုံ့ပြန်မှုများမှာ
နှေးကွေးခြင်းမရှိပေ။
ချက်ချင်းဆိုသလိုပင်ခန္ဓာကိုယ်ထဲမှ
ဆန်းကြယ်ချီစွမ်းအင်များကိုကိုယ်စီထုတ်လွှတ်ရင်း
လက်နက်များကိုဆွဲထုတ်လိုက်ကြသည်။

"အိုး၊ မင်းတို့က ခုခံဖို့ ကြံနေတာလား?"

နတ်ဆိုးလူငယ်သုံးဦးထဲမှ တစ်ဦးက
လှောင်ပြောင်သောပုံစံနဲ့ ရယ်မောကာ ရုတ်တရက်
၎င်း၏ မျက်နှာက ရက်စက်ကြမ်းကြုတ်သော
အမူအရာတစ်ခု ဖျတ်ခနဲပေါ်လာသည်။

ဘုန်း

၎င်းက မြေပြင်ပေါ်သို့ခုန်ဆင်းလိုက်ကာ
တစ်ချိန်တည်းမှာပင်
နတ်ဆိုးစွမ်းအင်ကြိုးတစ်ချောင်းက လေထဲ၌
ပေါက်ကွဲထွက်လာ၏။

"ဟဟ! ဒါပေမယ့် အဆင်ပြေပါတယ်။ မင်းတို့မသေခင်
ငါတို့စိတ်ကြိုက်ကစားရတာပေါ့!"

ကျန်နှစ်ဦးကလည်းမြေပြင်ပေါ်သို့ခုန်ဆင်းလာပြီး ပထမလူငယ်ဘေးနားတွင်ယှဉ်ရပ်လိုက်ကြသည်။ ထို့နောက် သူတို့၏ခန္ဓာကိုယ်မှ ကြောက်မက်ဖွယ်ကောင်းသော နတ်ဆိုးအငွေ့အသက်များတဟုန်ထိုးပျံ့လွင့်လာခဲ့လေသည်။

သို့သော် ဤအချိန်မှာပဲ လူသားကျွမ်းကျင်သူ ၁၀ ဦးက ရုတ်တရက် ထူးထူးဆန်းဆန်း ပြုံးစပြုလာသည်။ မှန်ပါသည်။ လူသားကျွမ်းကျင်သူ ၁၀ ဦးလုံးက ကြောက်ရွံ့နေခြင်းမရှိ ထူးထူးခြားခြားပြုံးနေလေသည်။

သို့သော် သူတို့၏အပြုံးက
နတ်ဆိုးလူငယ်သုံးဦးထံမှအပြုံးနှင့်မတူဘဲ၊
လှောင်ပြောင်လိုသော အပြုံးများသာ။

ထိုမြင်ကွင်းကိုမြင်လိုက်သောအခါ
နတ်ဆိုးလူငယ်သုံးဦး၏အမူအရာက
အနည်းငယ်ပြောင်းလဲသွားကာ ၎င်းတို့၏စိတ်ထဲ၌
မကောင်းသော ခံစားချက်တစ်ခုကိုရလိုက်ကြသည်။

ရှေ့မှ
လူသားကျွမ်းကျင်သူများကိုတိုက်ခိုက်ရန်ပြင်လိုက်စဉ်
မှာပဲ ခရမ်းရောင်အလင်းတန်းများ
တဖျပ်ဖျပ်တောက်ပသွားကာ နတ်ဆိုးလူငယ်သုံးဦးထံမှ

တစ်ဦးခေါင်းပြတ်သွားကာ
သွေးများပန်းထွက်လာခဲ့သည်။

ထိုရုတ်တရက်အဖြစ်အပျက်ကြောင့်
နတ်ဆိုးလူငယ်နှစ်ဦး၏ အမူအရာများက ပြင်းထန်စွာ
ပြောင်းလဲသွားသည်။

ဤအချိန်မှာပဲ ယန်ယဲ့၊ မုယွန်ယောင် နှင့် ယွမ်ထုံ တို့
သုံးဦး ထွက်ပေါ်လာကြ၏။

နတ်ဆိုးလူငယ်နှစ်ဦးလုံး ယန်ယဲ့ကို သတိပြုမိသောအခါ
ချက်ချင်း အံ့အားသင့်သွားကာ အလိုလိုထိတ်လန့်စွာ
အော်ဟစ်လိုက်လေသည်။ "ယန်..... ယန်.... ယန်ယဲ့!
ဒီလိုဆို မင်းကိုယ်တိုင် ရောက်လာတာပေါ့!"

ယန်ယဲ့က ၎င်းတို့ကို ဂရုမစိုက်ဘဲ တောင်ပိုင်းနယ်မြေ၏ ကျွမ်းကျင်သူ ၁၀ ဦးကို ကြည့်ကာ ပြောလိုက်ပါသည်။ " ဟမ်၊ မင်းတို့အားလုံး ဘာကို စောင့်ဆိုင်းနေကြတာလဲ? "

ယန်ယဲ့၏ စကားဆုံးသည်နှင့် လူ ၁၀ ဦးစလုံးက ရှေ့သို့ လှမ်းတက်လိုက်ကြပြီး နတ်ဆိုးလူငယ်နှစ်ဦးကို တရကြမ်းတိုက်ခိုက်လိုက်ကြလေသည်။

ယန်ယဲ့က တိုက်ပွဲကို ဂရုမစိုက်ပေ။ ညာလက်ကို တစ်ချက်ယမ်းလိုက်ကာ အစောပိုင်းကသတ်ပစ်ခဲ့သော လူငယ်၏လက်စွပ်ကို သိမ်းယူလိုက်သည်။

တစ်ဆက်တည်း

သိုလှောင်လက်စွပ်ထဲမှအရာများကိုကြည့်ကာ

ပါးစပ်ထောင့်၌

အပြုံးတစ်ပွင့် ပေါ်လာသည်။

ထို့နောက် သူ့စိတ်ထဲ၌

အတော်လေးကျေနပ်သွားသလိုခံစားလိုက်ရ၏။

နတ်ဆိုးမျိုးနွယ်ဝင်လူငယ်က

အမှန်ပင်ကြွယ်ဝနေသောကြောင့်ပါ။

၎င်း၏သိုလှောင်လက်စွပ်ထဲ၌ စွမ်းအင်ကျောက်တုံး

၅,၀၀၀

ကျော်ရှိနေပြီးလူသားကျွမ်းကျင်သူများထံမှလုယက်

ထားကြောင်းသိသာနေပေသည်။

ထို့အပြင် ၎င်းက မြေကမ္ဘာ့ဆင့်မြင့်ရတနာလက်နက်
(၅)ခု ပင်ရှိနေ၏။ကံဆိုးစွာဖြင့်
မြေကမ္ဘာအဆင့်မြင့်လက်နက်များကအားတစ်လက်မှမ
ပါဝင်ခဲ့ပေ။

သို့သော် ဒီရလာဒ်က သူ့အတွက် အတော်လေး
ကောင်းမွန်နေပါပြီ။
အနည်းဆုံးတော့ ဒီနတ်ဆိုးလူငယ်က ဂျန်ဝူကျို နှင့် ရန်ဝူ
ထက် များစွာပို၍ကြွယ်ဝနေသည်မဟုတ်ပါလား။

ဟူး.....၊ သိပ်တော့မဆိုးပါဘူး။
အခုအချိန်တွင် ယန်ယဲ့က
အတော်လေးကျေနပ်နေမိသည်။

သူရရှိလိုက်သော
စွမ်းအင်ကျောက်တုံးများကိုထပ်ပေါင်းလိုက်ပါက
လက်ရှိသူ့လက်ထဲ၌ စွမ်းအင် ကျောက်တုံး ၆,၀၀၀
ခန့်ရှိနေပြီဖြစ်သည်။

၎င်းက ကျန်လူများ၏ ပြီးပြည့်စုံသော
ကြွယ်ဝမှုပမာဏဖြစ်နိုင်သော်လည်း
ယန်ယွဲ့အတွက်တော့ အလွန်နည်းပါးလှသည်။

ယန်ယွဲ့က တစ်ခုခုကို တွေးနေပုံရပြီး၊ ရုတ်တရက်
ယွမ်ထုံ နှင့် မုယွန်ယောင်ကိုစိုက်ကြည့်လိုက်ကာ
“ငါသတ်ခဲ့တဲ့ သူတွေဆီက ပိုင်ဆိုင်မှုဥစ္စာတွေကိုပဲ
ငါယူမယ်။ အဆင်ပြေရဲ့လား?” မင်းတို့နှစ်ယောက်
ဘယ်လိုထင်လဲ?"

ယွမ်ထုံက

ယန်ယဲ့၏စကားကိုကြားပြီးနောက်ပြန်စိုက်ကြည့်လိုက်ပြီးမှ "ငါက ဘာကန့်ကွက်စရာမှ မရှိဘူး!"

သူလည်း ယန်ယဲ့၏ ဆိုလိုရင်းကို သဘာဝကျကျ နားလည်ထားသည်။

အကယ်၍ ယန်ယဲ့ကသာ တိုက်ခိုက်နေပါက

တိုက်ပွဲတွင် လုယက်မှုများဟာ

ယန်ယဲ့တစ်ဦးတည်းအပိုင်သာ ဖြစ်သည်။

မှန်ပါသည်။

သူတို့က လုယက်မှုကိုမျှဝေမပေးလိုပါက

ကိုယ်တိုင်တိုက်ခိုက်ရုံသာ။..ဒီအခြေအနေက

အလွန်မျှတနေသောကြောင့်ဘယ်သူမှ
ကန့်ကွက်နေခြင်းမရှိကြပေ။

ယန်ယဲ့က ယွမ်ထုံတို့နှစ်ဦး
သဘောတူသည်ကိုမြင်သောအခါ ခေါင်းညိတ်လိုက်၏။

သူက "ဒီနေရာကို
မင်းတို့နှစ်ယောက်လက်ထဲထားခဲ့လိုက်မယ်။ ငါက
တခြားအဖွဲ့တွေကို သွားပြီး ကူညီလိုက်မယ်!"

စကားဆုံးသည်နှင့်တစ်ပြိုင်နက်ယန်ယဲ့၏ပုံရိပ်က
တဖျပ်ဖျပ်တောက်ပလာပြီးနေရာမှာပဲ
ပျောက်ကွယ်သွားသည်။

သူတို့က နတ်ဆိုးနယ်မြေ၊ ငရဲတစ္ဆေနယ်မြေ နှင့်
နတ်ဘုရားသားရဲနယ်မြေ၏ ကျွမ်းကျင်သူများကို

တစ်ဖက်လှည့်ထောင်ချောက်ဆင်ရန်
လမ်းကြောင်းအသီးသီးသို့ အဖွဲ့ ၃၀ ခွဲထုတ်ထားခဲ့သည်။

ထိုသို့လုပ်ဆောင်ရခြင်းမှာ ရန်သူများကိုလူစုမခွဲဘဲ
ထိပ်တိုက်တွေ့ဆုံပါကအနိုင်ရရန်ဖြစ်နိုင်သော်လည်း၊
တောင်ပိုင်းနယ်မြေ၏လူငယ်ကျွမ်းကျင်သူ
ထက်ဝက်ကျော်နီးပါးပေးဆပ်လိုက်ရမည်ဖြစ်သည်။

ထို့အပြင် ရှေးဟောင်းဒိုမိန်းမြို့ပတ်ပတ်လည်၌
စောင့်ကြပ်နေသောအဖွဲ့များက မျိုးနွယ်ခြားသုံးခု၏
ထိပ်တန်းအဖွဲ့ဝင်များကို
အကူအညီတောင်းရန်သေချာပေါက်
အကြောင်းကြားပါလိမ့်မည်။

ထိုအချိန်ရောက်ပါက တောင်ပိုင်းနယ်မြေ၏
လူငယ်ကျွမ်းကျင်သူအားလုံး
တစ်ယောက်မကျန်လျှော့သွားနိုင်ပေသည်။

.....။

ယွမ်ထုံက သေဆုံးသွားခဲ့သော နတ်ဆိုးမျိုးနွယ်ဝင်
လူငယ်နှစ်ဦးကို ကြည့်လိုက်ပြီးနောက်
ယန်ယဲ့ပျောက်ကွယ်သွားသည့် ဦးတည်ရာသို့
လှည့်ကြည့်လိုက်သည်။

သူက တိုးညှင်းစွာ ရေရွတ်လိုက်ပါတော့သည်။

“ဒီကောင်က အရမ်းသန်မာလာတယ်။

နတ်ဆိုးမျိုးနွယ်ရဲ့ သိုင်းဘုရင်အဆင့် ၆ ကျွမ်းကျင်သူကို တစ်ချက်တည်းနဲ့အဆုံးသတ်ဖို့ဆိုတာ ငါတောင်မလုပ်နိုင်ဘူး။

ရှေးဟောင်းစစ်မြေပြင်ကိုရောက်ပြီးတဲ့နောက်မှာ သူ့ရဲ့ခွန်အားက တော်တော်တိုးတက်လာပုံပဲ။”

"တကယ်ပါပဲ!"

မုယွန်ယောင်ကလည်း ခေါင်းညိတ်လိုက်၏။

"အရင်တုန်းကတော့ သူက ငါ့လောက်တောင် မသန်မာသေးဘူး။

ဒါပေမယ့် အချိန်တိုလေးအတွင်းမှာပဲ သူက ငါတို့ကို နောက်မှာ ချန်ထားခဲ့ပြီ။

ဒီလိုအခြေအနေက ငါ့ရဲ့ယုံကြည်မှုကို
တကယ်ထိခိုက်စေတယ်!”

ယွမ်ထုံက မုယွန်ယောင်ကို တစ်ချက်ကြည့်လိုက်ကာ
"မင်းရဲ့ဆေဘာဓားဂိုဏ်းက သူ ဒီလောက်ထိ
ကြောက်စရာကောင်းလာလိမ့်မယ်လို့ တစ်ခါမှ
မထင်ထားမိဘူး မဟုတ်လား?

တကယ်တော့၊ မင်းရဲ့ဆေဘာဓားဂိုဏ်း
ကျဆင်းသွားတာက အဓိပ္ပါယ်ရှိတယ်လို့ ငါပြောလို့
မရနိုင်ပေမယ့်၊ ဆေဘာဓားဂိုဏ်းကသာ
သူ့ကိုကာကွယ်ဖို့ ပန်းနန်းတော်ကို အတိုက်အခံပြုခဲ့ရင်
လက်တလောမှာတစ်ချို့အရာတွေ ဆုံးရှုံးသွားပေမယ့်
အနာဂတ်ကျရင် မင်းတို့ရဲ့ဆေဘာဓားဂိုဏ်းက

သေချာပေါက် မမျှော်မှန်းနိုင်တဲ့အကျိုးအမြတ်တွေ ရလိမ့်မယ်လို့ ငါယုံကြည်တယ်။

ကံမကောင်းစွာပဲ၊ မင်းတို့ဆေဘာဓားဂိုဏ်းက....

ဟားဟား!"

မုယွန်ယောင်လည်း ရုတ်ချည်းပင် တိတ်ဆိတ်သွားသည်။

ယွမ်ထုံ ပြောလိုက်သောစကားများကအလွန်တိကျမှန်ကန်နေသည်မဟုတ်ပါလား။

ယန်ယဲ့က တဖြည်းဖြည်းနှင့် အင်အားကြီးမားလာနေကြောင်း သူမကိုယ်တိုင်မြင်တွေ့နေရခြင်းပင်။

ထို့အပြင် ယန်ယဲ့၏ပင်ကိုယ်စွမ်းရည်က
အလွန်ကြောက်မက်ဖွယ်ရာကောင်းသလို၊
ဗဟိုနယ်မြေ၏
ထိပ်သီးပါရမီရှင်များနှင့်ပင်ယှဉ်နိုင်သည်အထိ
မြင့်မားလှသည်။

အကယ်၍ ဆေဘာဓားဂိုဏ်းကသာ ယန်ယဲ့ကို
အစွမ်းကုန်ပြုစုပျိုးထောင်ပေးလိုက်ပါ
သူပိုင်ဆိုင်သော သဘာဝလွန်ဝစွမ်းရည်များဖြင့်
ပုန်းကွယ်နေသောနဂါးစေတီ၏ ထိပ်ဆုံးအဆင့် (၃) သို့
တက်လှမ်းနိုင်မည်ဖြစ်သည်။

သို့သော် ကံဆိုးစွာဖြင့်ပဲ။ ဆေဘာဓားဂိုဏ်းက ယန်ယွဲ့ကို စွန့်လွှတ်ခဲ့၏။

တစ်ချိန်တည်းတွင် ဆေဘာဓားဂိုဏ်းက ယန်ယွဲ့ကို လုပ်ကြံခဲ့ပြီး မပြေနိုင်သော ထာဝရရန်ငြိုးပါဖွဲ့ခဲ့သေးသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၅၁ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၅၁)] –သေသင့်တယ်

ဤအခိုက်အတန့်တွင်၊ တောင်ပိုင်းနယ်မြေမှ ကျွမ်းကျင်သူတစ်ဦးက ယွမ်ထုံ နှင့် မုယွန်ယောင် ဆီသို့ လျှောက်လာရင်း သိုလှောင်လက်စွပ်နှစ်ကွင်းကို ကိုင်ဆောင်ကာအနည်းငယ် စိတ်လှုပ်ရှားသောအသံဖြင့် “စီနီယာအစ်ကိုယွမ်! ဒီအရာက သိုလှောင်လက်စွပ်တွေ။ နတ်ဆိုးမျိုးနွယ်ရဲ့အပေါင်းအပါနှစ်ယောက်ဆီက ငါတို့ ရလိုက်တာ!”

အခြားသော လူသားကျွမ်းကျင်သူ ကိုးဦး၏

မျက်နှာများသည်လည်း စိတ်လှုပ်ရှားမှုများ
ဖုံးလွှမ်းနေခဲ့သည်။
၎င်းတို့က စိတ်လှုပ်ရှားမှုကိုထိန်းချုပ်နိုင်စွမ်းမရှိကြပေ။

သူတို့က နတ်ဆိုးမျိုးနွယ်မှ လူငယ်ကျွမ်းကျင်သူများကို
တန်ပြန်တိုက်ခိုက်ပြီး သတ်ဖြတ်ခဲ့ကြသည်။

အတိတ်မှာဆိုပါက
ထိုအဖြစ်အပျက်ကိုမှန်းဆရဲမည်မဟုတ်ပေ။
နောက်ဆုံးတော့ နတ်ဆိုးမျိုးနွယ်၊ ငရဲတစ္ဆေမျိုးနွယ် နှင့်
နတ်မိစ္ဆာမျိုးနွယ်(နတ်သားရဲမျိုးနွယ်)အားလုံး၌
ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်နိုင်သော
ပါရမီရှင်များ ရှိနေခြင်းကြောင့်ပါ။

ထို့ကြောင့် ဤမျိုးနွယ်ခြားသုံးခုကို စော်ကားပါက
ရှေးဟောင်းဒိုမိန်းမြို့တွင်းရှိ စည်းမျဉ်းများအရ အားလုံး
နှိပ်စက်ညှဉ်းပန်းခံရမည်ဖြစ်သည်။

သို့သော်လည်း ယန်ယဲ့က ကောင်းကင်ဝင်ပေါက်ကို
ဖြတ်ကျော်သွားသောကြောင့် အခုအချိန်တွင်
စိုးရိမ်စရာမလိုတော့ပေ။

ယန်ယဲ့၏ လက်ရှိအဆင့်အတန်းက
ရှေးဟောင်းဒိုမိန်းမြို့၌
ထူးကဲသောအခွင့်အရေးများစွာရှိသည်။
ထို့ကြောင့် ယန်ယဲ့က ၎င်းတို့ဖက်၌ရှိနေသဖြင့်
မျိုးနွယ်ခြားသုံးခု (သို့) ရှေးဟောင်းဒိုမိန်းမြို့၌ရှိနေစဉ်မှာ

ကျန်းနယ်မြေများရှိ ပါရမီရှင်များကို
ကြောက်နေစရာမလိုတော့ပေ။

"ယန်ယွဲ့ ဘယ်မှာလဲ?" တစ်ချိန်တည်းတွင်
ကျွမ်းကျင်သူတစ်ဦးက ယန်ယွဲ့ကို
သတိမထားမိသောကြောင့် အနီးပတ်ဝန်းကျင်ကို
စိုက်ကြည့်ကာ မေးလိုက်သည်။

အစောပိုင်းတွင် ယန်ယွဲ့ နတ်ဆိုးမျိုးနွယ်မှ လူငယ်ကို
ဓားတစ်ချက်တည်းဖြင့် သတ်လိုက်သည်ကို
မြင်သောအခါ လူတိုင်း အလွန်တုန်လှုပ်သွားကြသည်။

ထိုနတ်ဆိုးလူငယ်၏ ခွန်အားက ဘယ်လောက်ထိ
ကြောက်စရာကောင်းကြောင်း သူတို့ ရှင်းရှင်းလင်းလင်း
သိထားလို့ပါပဲ။

ယကျွမ်းကျင်သူ ၁၀ ဦးက နတ်ဆိုးမျိုးနွယ်၏
လူငယ်နှစ်ယောက်ကို သတ်ဖြတ်နိုင်ရန်
အတူတကွပူးပေါင်းရသော်ငြား
ယန်ယွဲ့ကတော့ဓားတစ်ချက်တည်းနှင့်
အဆုံးသတ်ပေးခဲ့သည်။

ဆန်းကြယ်တိုက်ကြီးရှိလူတိုင်းက
အင်အားကြီးသူကိုသာ သဘောကျနှစ်သက်ကြသည်။

တောင်ပိုင်းနယ်မြေ၏ လူများ၏အရာအား
သတိမပြုမိသေးသော်လည်း ယန်ယွဲ့အပေါ်

ငင်းတို့၏သဘောထားက မသိလိုက်မသိဘာသာ ပြောင်းလဲနေပြီဖြစ်သည်။

ယွမ်ထုံက ခေါင်းခါပြီး “သူက တခြားအဖွဲ့ထဲက ညီအစ်ကိုတွေကို ကူညီဖို့ သွားပြီ။ ဒီသိုလှောင်လက်စွပ်နှစ်ခုထဲမှာပါတဲ့အရာတွေအားလုံး မင်းတို့ အချင်းချင်း ခွဲဝေလိုက်။ အထဲမှာ စွမ်းအင်ကျောက်တုံး ပမာဏများများရှိနေမှာပါ။ ဒီလူနှစ်ယောက်ကို မင်းတို့ ၁၀ ယောက်ကသတ်လိုက်တာဆိုတော့ မငြင်းနဲ့၊ လုယက်တာကို သိမ်းယူတာက မင်းတို့ ၁၀ ယောက်ပဲဖြစ်သင့်တယ် ။ ဒါ့အပြင် မင်းတို့အားလုံး အခုအချိန်မှာ အရင်းအမြစ်တွေပြတ်လုနီးပါးဖြစ်နေလောက်ပြီ။

ဒါ့ကြောင့် မင်းတို့ပိုင်ဆိုင်ထားတဲ့
ဒီစွမ်းအင်ကျောက်တုံးတွေနဲ့ဆိုရင်
ရှေးဟောင်းဒိုမိန်းမြို့မှာဒီလောက်ခက်ခဲနေစရာ
မလိုတော့ဘူး။"

လူ ၁၀ ဦးက ခဏတာ တုံ့ဆိုင်းသွားကာ
သိုလှောင်လက်စွပ်နှစ်ကွင်းကို သိမ်းယူလိုက်ပြီး
"စီနီယာအစ်ကိုယွမ်! ဒါဆို မင်းပြောတဲ့အတိုင်း
ငါတို့လုပ်မယ်။ ဟုတ်တယ်၊ တခြား ညီအစ်ကိုတွေကို
ကူညီဖို့ ယန်ယဲ့နောက်ကို လိုက်သွားရလိမ့်မယ်။”

ယွမ်ထုံက ခေါင်းညိတ်လိုက်ကာ တစ်ချိန်တည်းမှာပင်
လူ ၁၀ ဦးကလည်း ယန်ယဲ့ထွက်ခွာသွားသော

လမ်းကြောင်းဆီသို့ တဟုန်ထိုးပြေးလိုက်သွားကြသည်။
။

ဤမြင်ကွင်းကိုမြင်လိုက်ရသောအခါ
ယွမ်ထုံ၏မျက်လုံးထဲ၌ ရှုပ်ထွေးသောအမူအရာတစ်ခု
ပေါ်လာခဲ့သည်။

ဤလူ ၁၀ ဦးက ယန်ယဲ့နှင့်ပတ်သက်၍
လေးစားသဘောကျစိတ်ကို
မသိလိုက်မသိဘာသာဖြစ်နေသည်ကို သူ
သတိပြုမိသောကြောင့်ပင်။

ထိုအချိန်တွင် မုယွန်ယောင်က ရုတ်တရက်
စကားစလိုက်၏။

"ယွမ်ထုံ! ငါတို့တောင်ပိုင်းနယ်မြေဟာ
တခြားနယ်မြေတွေကို
ဟန့်တားနိုင်တဲ့သူတစ်ယောက်လိုနေတယ်!"

ယွမ်ထုံက ထိုစကားကိုကြားသောအခါ အကူအညီမဲ့စွာ
ရယ်မောလိုက်ပါသည်။ “စိတ်မပူပါနဲ့၊ ငါက
ပိုကြီးတဲ့ကိစ္စတွေကို မမြင်ရဘူးတဲ့လူမှမဟုတ်တာ၊ ငါနဲ့
ယန်ယဲ့ကြားမှာ ရန်ငြိုးတွေ ရှိနေပေမယ့် မင်း စိတ်ပူနေဖို့
မလိုဘူး။ ငါတို့ ရှေးဟောင်းစစ်မြေပြင်မှာ ရှိနေစဉ်
အဲဒီရန်ငြိုးဖွဲ့မှုကို ငါမေ့ထားမယ်။ ဘာပဲဖြစ်ဖြစ်လေ
ငါတို့အားလုံးကရှေးဟောင်းဒိုမိန်းမြို့မှာ
အဖွဲ့တစ်ခုတည်းကပဲ။အားလုံး တောင်ပိုင်းနယ်မြေက
အတူတူလာပြီး အတူထကြမယ်။”

မုယွန်ယောင်က ခေါင်းညိတ်ပြီး "ဒါ
အကောင်းဆုံးပဲ!"စကားဆုံးသည်နှင့်တစ်ပြိုင်နက်
သူမ၏ပုံရိပ်က တဖျပ်ဖျပ်တောက်ပလာပြီး
နေရာမှာပင် ပျောက်ကွယ်သွားသည် ။

“အတိတ်ရဲ့သိုင်းနတ်ဘုရားလို့ ခေါ်တဲ့
လူတစ်ယောက်က တခြားသူရဲ့အောက်မှာ ရှိနေတာကို
တကယ်လက်ခံလိမ့်မယ်လို့ ဘယ်တုန်းကမှ
မမျှော်လင့်ထားခဲ့ပါဘူး။ဘယ်လောက်ဝမ်းနည်းစရာ
ကောင်းလိုက်လဲ!" မုယွန်ယောင်
ထွက်သွားချိန်မှာပဲခရမ်းရောင်ဝတ်လူငယ်တစ်ဦးက
ယွမ်ထုံ၏
နောက်၌ ရုတ်တရက်ပေါ်လာခဲ့သည်။
"ဒီလိုဖြစ်တာကြောင့် မင်းသေသင့်တယ်၊

'သိုင်းနတ်ဘုရား' ဆိုတဲ့စကားလုံးကို အရှက်မခွဲမိအောင်
ကာကွယ်ဖို့ !”

ဤလူကိုမြင်သောအခါ
ယွမ်ထုံ၏အမူအရာပြောင်းလဲသွားပြီး မျက်လုံးထဲ၌
လေးနက်သောအမူအရာပေါ်လာကာ လက်သီးကို
တင်းတင်းဆုပ်ထားလိုက်သည်။

ဤလူငယ်သည် မဟာတောင်တန်းများ
လျှို့ဝှက်ဆန်းကြယ်သော အမှောင်မှော်သားရဲဖြစ်သည့်
လော့ရွှဲ။

ခရမ်းရောင်ဝတ် လော့ရွှဲက ယွမ်ထုံကိုမထူး

ခြားသောအကြည့်ဖြင့် ကြည့်လိုက်ရင်း လက်နှစ်ဖက်ကို နောက်ပစ်ထားလိုက်သည်။

"အဲဒါမင်းပဲ!" ယွမ်ထုံက အသံတိုးတိုးဖြင့် ပြောလိုက်၏။

လော့ရှဲ၏ ခွန်အားက
အလွန်လျှို့ဝှက်ဆန်းကြယ်နေသောကြောင့်
သူ့စိတ်ထဲ၌ပင်အနည်းငယ်ကြောက်လန့်နေခဲ့သည်။

သူက လော့ရှဲ နှင့် တစ်ကြိမ်သာ တိုက်ခိုက်ခဲ့သော်လည်း ၎င်းက အလွန်အန္တရာယ်များသည်ဟု သူခံစားမိခဲ့သည်။ ထိုခံစားချက်မျိုးက ယန်ယဲ့ဆီကနေသူရလိုက်သော အန္တရာယ်အငွေ့အသက်ကိုပင် ကျော်လွန်နေခြင်းပါ။ ။

"တကယ်တော့ ငါအရမ်းစိတ်ပျက်မိတယ်!"

လော့ရှဲက ခေါင်းခါပြီး ဘာသိဘာသာပဲ ပြောလိုက်သည်။ “လွန်ခဲ့တဲ့နှစ် ၁,၀၀၀ အတွင်း တောင်ပိုင်းနယ်မြေက အခမ်းနားဆုံး ပါရမီရှင်က ငါ့ကို အံ့သြစရာလေးတွေကို ပေးနိုင်လိမ့်မယ်လို့ မူလက ထင်ထားခဲ့တယ်။ ကံမကောင်းစွာပဲ မင်းဟာ သိုင်းနတ်ဘုရားရဲ့အမွေအနှစ်ကို မရယူနိုင်ခဲ့ရုံသာမက တစ်ချိန်က ပိုင်ဆိုင်ခဲ့တဲ့ တည်ကြည်ပြတ်သားသောစိတ်ဆန္ဒကိုပါ ဆုံးရှုံးလိုက်ရပြီ။"

"မင်းသိလား?" ယွမ်ထုံက ပေါ့ပေါ့ပါးပါး ရယ်မောရင်း “အရင်တုန်းကတော့ တောင်ပိုင်းနယ်မြေရဲ့ လူငယ်မျိုးဆက်တွေကြားထဲမှာ ငါက အထူးခြားဆုံး ပါရမီရှင်တစ်ယောက်လို့ ထင်ခဲ့တယ်။

ဒါပေမယ့် ရှေးဟောင်းစစ်မြေပြင်ကို ရောက်တဲ့အခါ
နောက်ဆုံးတော့ ငါ့ရဲ့အတိတ်က အတွေးတွေက
ဘယ်လောက်ရယ်စရာကောင်းတာကို
သတိထားမိခဲ့တယ်”

"ဟုတ်လား?" လော့ရှဲက ဘာမှမထူးခြားဘဲ
ပြောလိုက်သည်။ "ဒါဆို ယန်ယဲ့က မင်းကို
အနိုင်ယူလို့မရနိုင်တဲ့ ယုံကြည်မှုကို ဆုံးရှုံးစေခဲ့တာ
မဟုတ်ဘူး၊ ဒါက ရှေးဟောင်းစစ်မြေပြင်မှာ ကြီးမားတဲ့
ပါရမီရှင်တွေပဲ!"

"ငါ့ရဲ့ယုံကြည်မှုကို ဘယ်တော့မှ မဆုံးရှုံးဘူး!"
ယွမ်ထုံက “ငါပြောချင်တာက ရှေးဟောင်းစစ်မြေပြင်မှာ

ငါ့ရဲ့ချို့ယွင်းချက်တွေကို ရှင်းရှင်းလင်းလင်း
သိမြင်နိုင်စေခဲ့တယ်။

ကျန်တာကို ငါစိတ်မဝင်စားတော့ဘူး။

ဒီနေ့အဆင့်အတန်းနဲ့တင်ကျေနပ်မနေတော့ဘူး။

အတိတ်ကလို ငါယွမ်ထုံက အကောင်းဆုံးဖြစ်တယ်လို့
မျက်စိစုံမှိတ်မယုံတော့ဘူး။

ဒီနေရာမှာ ငါဘယ်လိုပြောင်းလဲသင့်တယ်၊ ငါဘယ်လို
သန်မာကြံ့ခိုင်အောင် လုပ်ရမယ်ဆိုတာကို သိခဲ့တယ်။

တိုတိုပြောရရင်၊ ရှေးဟောင်းစစ်မြေပြင်မှာ
ကိုယ့်ကိုယ်ကို ပိုနားလည်လာပြီ။”

လော့ရှဲက တိတ်ဆိတ်သွား၏။

ယွမ်ထုံ ၏ ဆိုလိုရင်းကို သူလည်း

သဘာဝကျကျနားလည်ထားသည်။

ယွမ်ထုံက စိတ်ဓာတ်ကျခြင်းမရှိဘဲ

ထိုအခက်အခဲများကို ဖြတ်ကျော်ကာ သူ့ကိုယ်သူ

နားလည်သွားခြင်း ပင်။

အားနည်းခြင်းနှင့် ခက်ခဲခြင်းတို့သည်

ကြောက်စရာမဟုတ်၊ ကြောက်သင့်သောအရာမှာ

နှလုံးသားကို အသိအမှတ်ပြု နားလည်နိုင်စွမ်းမရှိသော

ချို့ယွင်းချက်များ ဖြစ်ပေါ်လာခြင်းသာ။

အရာအားလုံးက

အနည်းငယ်ရှုပ်ထွေးပုံရ၏။ အရှင်းဆုံးပြောရလျှင်

ယွမ်ထုံက ရှေးဟောင်းစစ်မြေပြင်၌

လူသစ်စိတ်သစ်ဖြစ်သွားပြီး စိတ်ပိုင်းဆိုင်ရာ အသွင်ကူးပြောင်းမှုတစ်ခုဖြစ်သည်။

သူ၏ ခွန်အားသည် ထိပ်သီးပါရမီရှင်များနှင့် နောက်တွင် ကွာဟနေသော်လည်း သူပိုင်ဆိုင်ထားသော သဘာဝစွမ်းရည်နှင့် သဘာဝတရား၏လက်ဆောင်များဖြင့်အချိန်သာပေးလိုက်ပါက အမီလိုက်ရန် ခက်ခဲမည်မဟုတ်ပေ။

ခဏအကြာတွင် လော့ရှဲက ခေါင်းခါလိုက်ကာ "ဒါပေမယ့်.....

ကံမကောင်းစွာပဲ၊ မင်းက အခုသေရတော့မယ်!"

ယွမ်ထုံက ပြုံးလိုက်သည်။

"ပထမတော့ မင်းရဲ့ယုံကြည်မှုကို
ငါတကယ်လေးစားတယ်။

ဒုတိယအချက်အနေနဲ့ ငါအရမ်းသိချင်မိတယ်။

မင်းငါ့ကိုသတ်ဖို့ဘာလို့လာတာလဲ။ ငါတို့ကြားက
ရန်ငြိုးဖွဲ့ပုံမပေါ်ဘူး ဟုတ်လား။ဟုတ်ပါတယ်၊ ဒါကို
အားနည်းချက်တွေပြပြီး ကရုဏာပေးဖို့
တောင်းဆိုတာမဟုတ်ဘူး။

သိချင်ရုံပါပဲ။ ဒါကို မင်းငါ့ကို မဖြေဖို့
ရွေးချယ်ရင်လည်းရွေးချယ်နိုင်တယ်!"

"မင်းကသေတော့မှာမို့လို့ ဘာထူးလဲ?" လော့ရှဲက
ခေါင်းယမ်းကာ သူ့ညာလက်ကို အပေါ်သို့
ညွှန်ပြလိုက်သည်။

တစ်ချိန်တည်းမှာပဲ ကောင်းကင်နှင့်မြေကြီးက မှိန်ဖျော့သွား၏။

ထို့နောက် ခရမ်းရောင်လျှပ်စီးကြောင်းတစ်ခုက တိမ်တိုက်များကိုဖြတ်သန်းကာ ခရမ်းရောင်ရောင်လွှမ်းနဂါးတစ်ကောင်လို ကောင်းကင်ယံ၌ လှည့်ပတ်နေခဲ့သည်။

ထိုမြင်ကွင်းကိုမြင်လိုက်ရတဲ့အခါ ယွမ်ထုံ၏ အမူအရာက ပြင်းထန်စွာပြောင်းလဲသွားလေသည်။
“သဘာဝရတနာတစ်ခု! မင်း....မင်းက အတိအကျ ဘယ်သူလဲ? မင်းမှာ ဘာလို့ ဒီလို သဘာဝရတနာကို ပိုင်ဆိုင်ရတာလဲ?"

လော့ရှဲက ပြန်မဖြေဘဲ ပါးစပ်ကို အနည်းငယ်ဖွင့်ဟပြီး တစ်ချက်
ကျယ်လောင်စွာအော်ဟစ်လိုက်သည်။ "ဆင်းသက်လာတော့!"

ဂျိန်း

ချက်ချင်းဆိုသလိုပင် ခရမ်းရောင်လျှပ်စီးကြောင်းက ယွမ်ထုံဆီသို့ လျင်မြန်စွာ
ဆင်းသက်လာခဲ့လေတော့သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၅၂ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၅၂)] – သေဆုံးခြင်း

ယွမ်ထုံသည်လည်း နေရာမှာပင်ထိုင်ပြီးသေခြင်းကိုစောင့်ဆိုင်းနေမည့်သူမဟုတ်ပေ။

သူ့ခန္ဓာကိုယ်တွင်းရှိ ဆန်းကြယ်ချီစွမ်းအင်များက ယွမ်ထုံ၏ ညာလက်ဝါးထဲသို့ အရှုးအမူးစီးဝင်လာကာ ညာလက်ကို ဆန့်ထုတ်ပြီး အပေါ်သို့ လျင်မြန်စွာ

ရိုက်လိုက်ကာ

အော်လိုက်သည်။ "ကောင်းကင်ဖျက်ဆီးခြင်းလက်ဝါး!"

စွမ်းအင်ကနေဖန်တီးထားသော

ရောမစွမ်းအင်လက်ဝါးကြီး

ရှေ့သို့တရကြမ်းပြေးထွက်လာပြီးခရမ်းရောင်

လျှပ်စီးကြောင်းနှင့် တိုက်မိသည် ။

ဘန်း!

ရောမပေါက်ကွဲသံကြီး ထွက်ပေါ်လာခဲ့၏။ယွမ်ထုံ၏

အံ့အားသင့်နေသော အကြည့်အောက်၌

သူဖန်တီးထားသောစွမ်းအင်လက်ဝါးကြီးက ချက်ချင်း

ကျိုးပဲ့သွားကာ ခရမ်းရောင် အလင်းတန်းများက သူ့ဆီသို့ တည့်တည့် ဆင်းသက်လာခဲ့သည်...။

အုန်း!

နောက်ထပ် ကြီးမားသော ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာခဲ့၏...။

ခဏအကြာတွင် ယွမ်ထုံရပ်နေသည့်နေရာက အောက်ခြေကိုမခန့်မှန်းနိုင်သောအပေါက်တစ်ခုပေါ်လာပြီး ယွမ်ထုံ၏ခန္ဓာကိုယ်လည်း လုံးဝပျောက်ကွယ်သွားသည်...။

သူက ထွက်ပြေးသွားခြင်းမဟုတ်ပေ၊
အသတ်ခံလိုက်ရခြင်းပါ။

မှန်ပါသည်။ ယွမ်ထုံက
ခရမ်းရောင်လျှပ်စီးကြောင်းအောက်၌
သေဆုံးသွားခဲ့ပြီးကမ္ဘာပေါ်ကနေ
အပြီးတိုင်ပျောက်ကွယ်သွားပြီဖြစ်သည်။

“လာ!” လော့ရှဲက ပေါ့ပေါ့ပါးပါး အော်ဟစ်လိုက်ပြီး
မြွေသေးသေးလေးလို မြေအောက်ကနေ
ခရမ်းရောင်လျှပ်စီးကြောင်းတစ်ခု ထွက်လာပြီး
သူ့ခန္ဓာကိုယ်ထဲကို ပြန်ဝင်သွားပါသည်။

ထို့နောက် သူ့လက်ဝါးကို လှန်လိုက်ပြီးနောက် လက်ထဲတွင် အနက်ရောင် ရောင်စုံစာလိပ်တစ်ခု ပေါ်လာခဲ့၏။

၎င်းပေါ်တွင် စာလုံးကြီးကြီးသုံးလုံး ရေးထားသည် - (တရားစီရင်ရေးစာလိပ်)

စာလိပ်ကိုဖွင့်ပြီးနောက် လက်ညိုးကို အနည်းငယ်ရွှေ့ကာ အနက်ရောင်စုတ်တံတစ်ချောင်းကို ဆုပ်ကိုင်လိုက်သည်။

စာလိပ်၏ပထမစာမျက်နှာရှိ စကားလုံးများ၏ ပထမတန်းဆီသို့ ငေးကြည့်ရင်း သူ့လက်ထဲ၌ကိုင်ထားသော စုတ်တံဖြင့် စကားလုံးနှစ်လုံးကို ရေးသားလိုက်ပါသည်။ "ယွမ်ထုံ!"

ခဏကြာပြီးနောက် စုတ်တံကို အသာအယာ
လှန်လိုက်ရာ ပြင်းထန်သော စွမ်းအင်လှိုင်းလုံးကြီး
ပတ်ဝန်းကျင်တွင် ချက်ချင်း ထွက်ပေါ်လာသည်။

အနက်ရောင် ရောင်စုံစွမ်းအင်ကြိုးတန်းများက
ပတ်ဝန်းကျင်၌ တဖြည်းဖြည်း ပေါ်လာပြီး
ချည်မျှင်များကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော
အရှိန်အဝါတစ်ခုလည်း ထွက်လာသည်။

အနက်ရောင်စွမ်းအင်ချည်မျှင်များကိုမြင်သောအခါ
လော့ရှဲ၏မျက်လုံးထဲ၌စိတ်လှုပ်ရှားမှုများပေါ်လာပြီး
ပါးစပ်ကိုဖွင့်ကာ စုပ်လိုက်သည်။

တစ်ချိန်တည်းမှာပဲ အနက်ရောင် စွမ်းအင်များက
သူ့ပါးစပ်ထဲကို စီးဝင်လာခဲ့လေသည်။

အနက်ရောင်စွမ်းအင်များကို မျိုချပြီးနောက်

လော့ရွဲ၏မျက်လုံးတွေက အနည်းငယ်မှိတ်သွားသည်။

သူ့ခန္ဓာကိုယ်အတွင်းမှ
ဆန်းကြယ်ချီစွမ်းအင်များတဟုန်ထိုး ပြန့်နှံ့လာပြီး
အနက်ရောင်စွမ်းအင်များကို
တဖြည်းဖြည်းချင်းစုပ်ယူသွားပါတော့သည်ခ။

ခဏအကြာတွင် ရုတ်တရက် မျက်လုံးပွင့်လာပြီး
သူ့မျက်လုံးများက အကန့်အသတ်မဲ့
အနက်ရောင်အမှောင်ထုများ ပြည့်နှက်နေ၏။

အချိန်အနည်းငယ်ကြာလာပြီးနောက်မှသာပုံမှန်အခြေအ
နေသို့ပြန်ရောက်သွားလေသည်။

လော့ရှဲက အသက်ပြင်းပြင်းရှူပြီး သူ့လက်ထဲက စာလိပ်ကို တစ်ချက်ကြည့်လိုက်ကာ ပါးစပ်ထောင့်တွင် အပြုံးတစ်ပွင့်ပေါ်လာသည်။ “သူက စစ်မှန်တဲ့ကျွမ်းကျင်သူမဟုတ်သေးတာတောင် သူ့ခန္ဓာကိုယ်ထဲမှာရှိတဲ့ မရဏစွမ်းအင်က အတော်လေးသန့်စင်နေတာပဲ။

ယန်ယဲ့ကလွဲလို့ ဒီယွမ်ထုံက တောင်ပိုင်းနယ်မြေရဲ့ လူငယ်မျိုးဆက်မှာ ကြောက်စရာအကောင်းဆုံးလို့ဆိုရမယ်။”

သူ့စကားဆုံးသည်နှင့် စာရွက်လိပ်ကို ဖယ်လိုက်ပြီး မျက်လုံးထဲ၌ အေးစက်သော အလင်းရောင်များ လင်းလက်နေကာအဝေးဆီသို့ လှမ်းကြည့်လိုက်သည်။

တိုးညှင်းစွာရေရွတ်လိုက်ပါတော့သည်။

“ရှေးဟောင်းစစ်မြေပြင်၊ ပုန်းကွယ်နေသောနဂါးစေတီ
။ ဟား ဟား မင်းတို့တို့အားလုံးင
ငါ့သားကောင်တွေပဲ…” တစ်ချိန်တည်းမှာပဲသူ့ပုံရိပ်က
တဖျပ်ဖျပ်ဖျပ်လက်ပြီး နေရာမှာတင်
ပျောက်ကွယ်သွား၏။

……

တစ်နာရီခန့်အကြာတွင် ယန်ယွဲ့၊ မုယွန်ယောင်နှင့်
တောင်ပိုင်းနယ်မြေမှ လူငယ်ကျွမ်းကျင်သူ
ဒါဇင်အနည်းငယ်က ယွမ်ထုံသေဆုံးသွားသောနေရာသို့
ရောက်ရှိလာကြသည်။

အားလုံးက အောက်ခြေမရှိသော တွင်းပေါက်ကို စိုက်ကြည့်ရင်း မျက်နှာထက်၌ လေးနက်သော အမူအရာများ ကိုယ်စီ ထုတ်ဖော်ခဲ့ကြသည်။

ခဏအကြာတွင် ယန်ယဲ့ကသက်ပြင်းတစ်ချက်ချကာ တိုးညှင်းစွာ ရေရွတ်လိုက်၏ "ယွမ်ထုံ သေသွားပြီ။"

သူစကားပြောပြီးသည်နှင့် ယန်ယဲ့၏မျက်လုံးများတွင် ရှုပ်ထွေးသောအမူအရာတစ်ခု ထွက်ပေါ်လာသည်။ သူသည် ယခင်က ယွမ်ထုံကိုသတ်ချင်သော်လည်း လက်တွေ့တွင် အမြဲပြောင်းလဲနေပြီး မဟာမိတ်ပင် ဖွဲ့ထားခဲ့သည်။

အခု ယွမ်ထုံ အသတ်ခံရသည်ကို မြင်သောအခါ
ဝမ်းနည်းခြင်းမရှိသော်ငြား
ဆိုးရွားသောဘဝကိုခံစားချက်မဲ့ သက်ပြင်းချရုံသာ။

အမှန်စင်စစ် လူတစ်ဦးက ယခုအချိန်တွင်
အသက်ရှင်လျက် နေကောင်းနေပေလိမ့်မည်၊ သို့သော်
နောက်အခိုက်အတန့်၌ သေဆုံးသွားနိုင်ပေသည်။

ပညာရှင်အများစုက
အသည်းအသန်ကြိုးစားကျင့်ကြံရခြင်းမှာ ဂုဏ်သိက္ခာ၊
ကြွယ်ဝမှု (သို့) အာဏာ အတွက်ကြောင့်မဟုတ်တန်ရာ၊
ထာဝရရှင်သန်ခြင်းအတွက်ပင် ဖြစ်သည်။

မှန်ပါသည်။ လူတိုင်းက
ထာဝရရှင်သတ်ခြင်းကိုအလိုရှိကြ၏။
ဧင်းက ရိုးရှင်းပုံရသော်လည်း လက်တွေ့၌
ပြီးမြောက်ရန် အလွန်ခက်ခဲပါသည်။

"သူ့ကို ဘယ်သူသတ်တာလဲ?"
မုယွန်ယောင်က တိုးညှင်းသော အသံဖြင့် ပြောသည်။

ယန်ယဲ့က ခေါင်းယမ်းလိုက်ပြီး
ရောမတွင်းနက်ကြီးဆီသို့ ဖြည်းညှင်းစွာ
လျှောက်သွားလိုက်၏။
ရုတ်တရက် သူ့လက်ကို ရှေ့သို့ဆန့်ကာ တွင်းပေါက်၏
အစပ်နားကို ထိလိုက်ပြီးနောက် ချက်ခြင်း
မျက်မှောင်ကြုတ်လိုက်သည်။

သူ့လက်ဝါးကိုဖွင့်လိုက်သည့်အခါ လက်ဝါးပေါ်၌
ခရမ်းရောင်လျှပ်စီးကြောင်းတစ်ခုကိုတွေ့လိုက်ပြီး
၎င်းက သူ့လက်မောင်းဆီသို့ လျင်မြန်စွာ
တိုးဝင်လာခဲ့သည်။

ခရမ်းရောင်လျှပ်စီးကြောင်းကိုမြင်သောအခါယန်ယဲ့၏
မျက်ခုံးများက ပို၍ပင် တင်းတင်းကျပ်ကျပ်
ချည်နှောင်ထားသည်။

ရုတ်တရက် သူ့နှလုံးသားထဲမှ
စိတ်ဆန္ဒတစ်ခုကိုထုတ်လွှတ်ကာ
ဆန်းကြယ်ချီစွမ်းအင်ကြိုးမျှင်များက  ၎င်းကို
လျင်မြန်စွာ ဖုံးလွှမ်းသွားခဲ့သည်။

"အဲဒါဘာလဲ?" ထိုအချိန်တွင် မုယွန်ယောင်က ယန်ယဲ့၏ နံဘေးသို့ လျှောက်လာပြီး လက်ဝါးပေါ်မှ ခရမ်းရောင်လျှပ်စီးကြိုးကို စိုက်ကြည့်ရင်း အံ့ဩသော အမူအရာဖြင့် မေးလိုက်သည်။

ယန်ယဲ့က လက်သီးကို ရုတ်တရက် ဆုပ်လိုက်ရာ ခရမ်းရောင်လျှပ်စီးကြိုးက ချက်ချင်း ကွဲထွက်သွားသည်။

သူက “သူ့ကိုသတ်တဲ့လူက အရမ်းအားကြီးတယ်။ ချိကြိုးတစ်ချောင်းသာ ကျန်ခဲ့တာတောင် ဒီလျှပ်စီးကြိုးက မပျောက်ကွယ်သေးဘဲနဲ့ ဒီအတိုင်းကျန်ရှိနေခဲ့တယ်။” သူ၏စကားကိုရပ်လိုက်ပြီးနောက် ယန်ယဲ့က ဆက်မပြောတော့ဘဲ၊

လေးနက်သောအမူအရာဖြင့်တစ်စုံတစ်ခုကိုတွေးနေသ
ည်။

ထိုလျှပ်စီးကြောင်းက ဘယ်လိုရတနာလက်နက်လဲ?
(သို့) ဘယ်လို သဘာဝလွှန်ရတနာမျိုးလဲ? ဟု
အကြမ်းဖျင်း ခန့်မှန်းကြည့်နေခြင်းပါ။

ထို့နောက် ၎င်းက သူ၏ ငရဲတစ္ဆေမီးတောက်လို
သဘာဝလွှန်ရတနာတစ်ခုဖြစ်နိုင်ကြောင်းခံစားမိလိုက်ပါ
သည်။

ထို့အပြင် ဤနေရာမှ
ပတ်ဝန်းကျင်အငွေ့အသက်များကိုအခြေခံ၍ ၎င်းက

ငရဲတစ္ဆေမီးတောက်ထက်ပင်
ပို၍အားကောင်းနိုင်ပေသည်။

အချိန်တော်တော်ကြာပြီးနောက် ယန်ယဲ့က
အသက်ပြင်းပြင်းရှူလိုက်၏။

ရှေးဟောင်းစစ်မြေပြင်၌
ထူးဆန်းသောပညာရှင်အချို့က
အမှန်တကယ်ပင်ပုန်းကွယ်နေကြသည်။

"ဟူး.....၊
ငါ့မှာ သဘာဝလွန်ရတနာနှစ်ခုပိုင်ဆိုင်ထားရင်တောင်
ဘယ်အရာမှမသေချာသေးဘူး။"

ဒီအချိန်မှာပဲ လေထုက
တစ်ချက်ပြင်းထန်စွာတုန်ခါသွားပြီး လူ(၂၀)လောက်
ရုတ်တရက် ထွက်ပေါ်လာကြသည်။

ထိုလူအုပ်စု မြေပြင်သို့ ဆင်းလာပြီးနောက်ရှေ့ဆုံးမှ
ဝတ်ရုံဖြူလူငယ်က
သူ့အကြည့်ကိုယန်ယဲ့ဆီသို့ပို့လွှတ်လိုက်ကာ “ယန်ယဲ့!
မင်းက ငါ့ရဲ့ စီနီယာအစ်ကို ယွမ်ထုံကို
သတ်လိုက်တာလား?”

ယန်ယဲ့က ချက်ချင်း
မျက်မှောင်ကြုတ်လိုက်သည်။ သူက မုယွန်ယောင်ကို
စိုက်ကြည့်လိုက်ရာ သူမက ချက်ချင်း ပြောလာသည်။

"သူက ယွမ်နင်!
မူလကျောင်းတော်ရဲ့ထိပ်တန်းတပည့်တစ်ဦးပဲ။
ယွမ်ထုံက သူ့ရဲ့စီနီယာအစ်ကို။ သူ့နောက်က
ကျန်တဲ့လူငယ်တွေအားလုံး
မူလကျောင်းတော်ရဲ့ထိပ်တန်းတပည့်တွေပဲ။”

သူမပြောပြီးသည်နှင့်တစ်ပြိုင်နက် မုယွန်ယောင်က
ယွမ်နင်ကို ကြည့်ကာ "ယွမ်နင်! ယွမ်ထုံကို
သူသတ်လိုက်တာမဟုတ်ဘူးဆိုတာ ငါအာမခံတယ်။"

ဟုတ်တယ်......။ ငါတို့လည်း အာမခံတယ်။
ယန်ယဲ့က ငါတို့နဲ့အတူတစ်ချိန်လုံးရှိနေတာ...

စီနီယာအစ်ကိုယွမ်ထုံကို ဘယ်လိုလုပ်သတ်မှာလဲ? ….
လူတိုင်းက
မုယွန်ယောင်၏စကားကိုလိုက်ပါထောက်ခံလိုက်ကြသ
ည်။

"မင်းအာမခံတယ်လား?" ယွမ်နင် က
ဒေါသအမျက်ထွက်နေသောအမူအရာဖြင့်
ရယ်မောလိုက်ပြီး "မုယွန်ယောင်၊
မင်းဒီလိုအာမခံချက်မျိုးကို ဘယ်အခြေခံနဲ့ လုပ်တာလဲ။
မင်း နဲ့ ယန်ယဲ့ဟာ တစ်ချိန်က တူညီတဲ့ ဂိုဏ်းက
ဖြစ်ခဲ့တာမို့ ဒီလို အာမခံချက်ပေးဖို့ မင်းမှာ ဘယ်လို
အရည်အချင်းတွေ ရှိလို့လဲ။ဟမ့်! ဖြစ်ကောင်းဖြစ်နိုင်
မင်းကိုယ်တိုင်တောင်
အဲဒီထဲမှာတောင် ပါဝင်နေခဲ့တာထင်တယ်!”

ယွမ်နင်၏ အမူအရာကအနည်းငယ်ဆိုးရွားနေပေသည်။

ကျန်လူများက ယန်ယွဲ့ကိုယ်စားပြောပေးလိမ့်မည်ဟုသူ မမျှော်လင့်ထားခဲ့ပါဘူး။

"ဒီယန်ယွဲ့က သူတို့အားလုံးနဲ့ ဘယ်တုန်းက အရမ်းရင်းနှီးလာတာလဲ? ဒါ့အပြင် သူတို့က စီနီယာအစ်ကိုယွမ်ထုံအတွက် လက်စားချေဖို့ရည်ရွယ်ချက်ရှိနေပုံမပေါ်ဘူး။"

မှန်ပါသည်။ မည်သူကမှ ယွမ်ထုံ ကိုယ်စားလက်စားချေရန် ရည်ရွယ်ချက်မရှိကြပေ။

ဟာသပဲ! ယွမ်ထုံကိုပင် သတ်ဖြတ်နိုင်သောကြောင့်
ထိုလူက မည်သို့တည်ရှိမှုမျိုးဖြစ်နိုင်မည်နည်း?

သူတို့အားလုံးက ယွမ်ထံကို အနိုင်ယူနိုင်စွမ်းပင်မရှိချေ။
ထို့ကြောင့် ယွမ်ထုံကို သတ်ဖြတ်ခဲ့သောလူအား
လက်စားချေရမည်လော? လူတိုင်းက
အရူးများမဟုတ်ပေ။

သူတို့က ယွမ်ထုံ နှင့် မဟာမိတ်ဖွဲ့ထားသော်ငြား
ဂိုဏ်းတူပညာသင်ဖက်များမဟုတ်သလို၊
ဆွေမျိုးများလည်းမဟုတ်ချေ။သဘာဝအားဖြင့်
ဘယ်သူကများ သူ့ကိုယ်သူသေလမ်းပို့နိုင်မည်နည်း။

အများအားဖြင့်
လူသားများကတစ်ကိုယ်ကောင်းဆန်ကြသည်။

မိမိကိုယ်ကို နှိမ့်ချသည်ဟု ထင်ရသော်လည်း
ဤလောကတွင်
မည်သူမဆိုတစ်ကိုယ်ကောင်းဆန်ခြင်းကို
ရှောင်ရှားနိုင်ပါမည်လား။

ယန်ယဲ့က ခေါင်းယမ်းလိုက်မိသည်။

သူက ယွမ်ထုံ သေဆုံးခြင်း (သို့) ယွမ်နင် အကြောင်းကို
လုံးဝစိတ်မဝင်စားဘဲ သူ့နောက်မှ အခြားသူများကို
လှည့်ကြည့်ကာ "သွားရအောင်။ မင်းတို့အားလုံးကို
ရှေးဟောင်းစစ်မြေပြင်ရဲ့
နယ်နိမိတ်ထဲကနေပြန်လိုက်ပို့မယ်။"

မည်သို့ပင်ဆိုစေ အရာအားလုံးထက်
သူ၏အမေဖြစ်သူကသာ သူ့အတွက် အရေးကြီးဆုံးပါ။

လူတိုင်း

ခေါင်းညိတ်လိုက်ကြသည်။ ယွမ်ထုသေဆုံးသွားသောအ

ခါ တောင်ပိုင်းနယ်မြေတစ်ခုလုံး၏

လူငယ်ကျွမ်းကျင်သူများအား

ဦးဆောင်သူတစ်ဦးမျှမရှိတော့ပေ။

ယန်ယဲ့သည် ကြောက်မက်ဖွယ်ရာခွန်အားကို

ပိုင်ဆိုင်ထားပြီး ရှေးဟောင်းစစ်မြေပြင်ရှိ

ဩဇာညောင်းသူများစာရင်း၌ ပါဝင်နေသောကြောင့်

လူတိုင်းက သူနှင့် ပဋိပက္ခ မဖြစ်ဝံ့ကြပေ။

သို့မဟုတ်ပါက သူတို့အားလုံး

ငရဲရောက်သွားနိုင်ပေသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၅၃ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၅၃)] –ပုန်းကွယ်နေသောနဂါးစေတီထဲကို ခေါ်သွားပေးမယ်

ယန်ယဲ့နဲ့ တခြားသူတွေ ထွက်သွားရန်ပြင်နေကြောင်း မြင်လိုက်တော့ ယွမ်နင်ဦးဆောင်လာသော လူ (၂၀)က လမ်းကြောင်းကိုပိတ်ရပ်လိုက်ကြသည်။

ယွမ်နင်က စကားစလိုက်သည်။
"ယန်ယဲ့!မင်းထွက်သွားလို့မရသေးဘူး။ စီနီယာအစ်ကို ယွမ်ထုံ ရဲ့ကိစ္စရှင်းတုန်းပဲ..."

စကားပြောနေသော ယွမ်နင်က သူ့ကိုကြည့်ရင်း မုယွန်ယောင်၏မျက်လုံးထဲ၌ သနားဟန်များ ပေါ်လာသည်ကို သတိမထားမိလိုက်ပေ...။

ယန်ယဲ့က ယွမ်နင်ကို လှည့်ပင်မကြည့်သေးဘဲ ပြောလိုက်၏။ "မင်းပါးစပ်က ဘာလို့ နောက်တစ်ကြိမ် ထပ်မပြောတာလဲ?"

ယွမ်နင်၏နှလုံးသားက တစ်စုံတစ်ခုကိုတွေးမိပြီး တုန်လှုပ်သွားသည်။

လက်ရှိ သူရောက်နေသော အခြေအနေကို ယခုမှသာ နားလည်သွားပုံပင်။

ဤနေရာသည် တောင်ပိုင်းနယ်မြေမဟုတ်၊ ရှေးဟောင်းစစ်မြေပြင်ဖြစ်သည်။

မူလကျောင်းတော်၏ တပည့်များကဤနေရာတွင် လုံးဝအသုံးမဝင်ပေ။

ယန်ယဲ့၏ ခွန်အားဖြင့်ဆိုပါက သူတို့အားလုံးကိုသတ်ရန် အတော်လွယ်ကူသောကိစ္စတစ်ခုသာ။

ထိုအချက်ကို တွေးမိလိုက်တဲ့အခါ
သူ့နှလုံးသားတစ်ခုလုံး
ပြင်းထန်စွာတုန်လှုပ်သွားလေတော့သည်။

ယန်ယဲ့က စကားဆက်မပြောဝံ့သော
ယွမ်နင်ကိုစိုက်ကြည့်ပြီးနောက် အခြားလူများကို
ခေါ်ဆောင်ကာ အဝေးဆီသို့ ဖြည်းညှင်းစွာ
လျှောက်သွားခဲ့သည်။

ယန်ယဲ့ လှည့်ထွက်သွားသည်ကိုမြင်လိုက်သောအခါ
ယွမ်နင်၏နှလုံးသားထဲ၌ ထိတ်လန့်ကြောက်ရွံ့မှုက
ဒေါသအဖြစ်သို့ ပြောင်းလဲသွားသည်။

မူလကျောင်းတော်မှ ဂုဏ်သိက္ခာရှိသော
ထိပ်တန်းတပည့်တစ်ဦးက
လေလွင့်ကျင့်ကြံသူတစ်ဦးကို ကြောက်ရွံ့နေခဲ့ရ၏။

ထို့ကြောင့် သူဖြစ်ပျက်သွားသောအခြေအနေကို
တွေးလိုက်မိသောအခါ ယွမ်နင်၏မျက်လုံးထဲ၌
မှုန်မှိုင်းနေသောအမူအရာများပေါ်လာပြီးထွက်ခွာသွား
သောယန်ယဲ့ကို
စိုက်ကြည့်လိုက်မိသည်။

သို့သော် သူက မတိုက်ခိုက်ဝံ့ပေ၊ နှလုံးသားထဲတွင်သာ ကျိန်ဆဲနေလိုက်၏။

ဟမ့်! ငါတို့ တောင်ပိုင်းနယ်မြေကို ပြန်ရောက်တာနဲ့ မူလကျောင်းတော်က မင်းကို ဘယ်လိုသတ်မယ်ဆိုတာ မင်းစောင့်နေရုံပဲ။

သို့သော်လည်း တစ်ချိန်တည်းတွင် ယန်ယဲ့က သူ၏အသံကိုကြားလိုက်ရသလိုပင်။ ရုတ်တရက်ရပ် သွားပြီး ယွမ်နင်ကိုလှည့်ကြည့်လိုက်သည်။

ယန်ယဲ့၏လုပ်ရပ်ကြောင့် လူတိုင်းက ပဟေဠိဖြစ်နေချိန်မှာပဲ "တကယ်တော့ ငါက မိုက်မဲတဲ့အလုပ်တစ်ခုကို လုပ်လုနီးပါး ဖြစ်သွားတာပဲ!"

စကားပြောပြီးသည်နှင့်တစ်ပြိုင်နက်
ယန်ယဲ့၏လက်ကောက်ဝတ်သည်
အနည်းငယ်လှုပ်သွားကာ
ခရမ်းရောင်အလင်းတန်းတစ်ခု လင်းလက်လာသည်။

ရှစ်!

ယွမ်နင်၏ ခန္ဓာကိုယ်က
တောင့်တင်းသွားကာသူ့မျက်လုံးများတွင် အံ့သြမှုနှင့်
မယုံကြည်မှုများ ပြည့်နှက်နေသည်။

ထို့နောက် သူ့မျက်လုံးထဲမှ အလင်းရောင်က
တဖြည်းဖြည်း မှိန်ဖျော့သွား၏။

လူတိုင်း အံ့သြသွားသလို ခံစားလိုက်ရချိန်မှာ ပဲ ယွမ်နင်၏ လည်ပင်းကနေ သွေးများ တဖြည်းဖြည်း စိမ့်ထွက်လာသည်ကိုမြင်တွေ့လိုက်ကြသည်။

ရှူး.....

လူတိုင်း အလွန်တုန်လှုပ်သွားကြ၏။

ယန်ယဲ့သည် ညာလက်ကိုဝှေ့ယမ်းကာ ယွမ်နင်၏သိုလှောင်လက်စွပ်ကို သိမ်းယူလိုက်ပါသည်။

သူက သိုလှောင်လက်စွပ်ထဲမှအရာများကိုတစ်ချက်ကြည့်ရင်း ခေါင်းယမ်းလိုက်ပြီး “ဘယ်လောက်တောင်

သနားစရာကောင်းလဲ။ သူ့မှာ
အမှိုက်ပုံတစ်ပုံရှိရုံတင်မကဘူး၊ တကယ်တော့ ဒီမှာ
စွမ်းအင်ကျောက်တုံး တစ်ထောင်တောင် မရှိဘူး။

မူလကျောင်းတော်ရဲ့တပည့်တွေအားလုံးက
ဒီလောက်ထိဆင်းရဲနေကြတာလား?

စကားဆုံးသည်နှင့်တစ်ပြိုင်နက် မူလကျောင်းတော်၏
တပည့် (၂၀)ကို တစ်ချက်မျှပင်မကြည့်ဘဲ
နောက်ပြန်လှည့်ကာ ထွက်သွားလေတော့သည်။

ယန်ယဲ့၏ပုံရိပ်ကို စိုက်ကြည့်နေစဉ်
လူတိုင်း၏မျက်လုံးများက ကြောက်ရွံ့မှုများ

ပြည့်နှက်နေပြီး အချို့မှာ
ခန္ဓာကိုယ်များသိသိသာသာတုန်ယင်နေကြသည်။

သေးငယ်သော ပဋ္ဌပကစ္ခတစ်ခုမျှသာဖြစ်သော်လည်း
ယန်ယဲ့က ဓားကိုဆွဲထုတ်ကာ သတ်ပစ်လိုက်သည်။
ထို့အပြင် ၎င်းက မူလကျောင်းတော်၏ ထိပ်တန်း
တပည့်တစ်ဦးပင်။ သူ့အမူအရာက
မူလကျောင်းတော်ကို လုံးဝကြောက်ရွံ့ဟန်မပြပေ။

ဒီအချိန်မှာ.....
"ငါတို့ ယန်ယဲ့ကို စော်ကားလို့မရဘူး။ အနည်းဆုံးတော့
ရှေးဟောင်းဒိုမိန်းမြို့မှာရှိနေတုန်း သူ့ကို ပြဿနာရှာလို့
မရဘူး။" လူတိုင်း၏စိတ်ထဲတွင်
တူညီသောအတွေးတစ်ခု စီပေါ်လာခဲ့သည်။

တစ်ဖန် မုယွန်ယောင်က ယန်ယဲ့၏နောက်ကျောကို စိုက်ကြည့်နေရင်း
သူမ၏မျက်လုံးများတွင် ရှုပ်ထွေးသောအမူအရာတစ်ခု တောက်ပလာသည်။

ယန်ယဲ့သည်
ပြတ်ပြတ်သားသားနှင့်ရက်စက်ကြမ်းကြုတ်သော စိတ်သဘောထားရှိသည့်တိုင် သဘာဝစွမ်းရည်က နှိုင်းယှဉ်မရအောင်ကြီးမားလှသည်။

ထိုအခြေအနေက လက်ရှိ
ဆေဘာဏးဂိုဏ်းလိုအပ်နေသော အရာတစ်ခုပင်။

သို့သော် ဂိုဏ်းက
ရေတိုအကျိုးအမြတ်တစ်ခုအတွက်နှင့် ထိုကဲ့သို့သော
ပါရမီရှင်တစ်ဦးအား အဆုံးအစွန်အထိ
တွန်းထုတ်ခဲ့သည်။

ကောင်းကင်ကိုပင်ဆန့်ကျင်နေသော
ပင်ကိုယ်စွမ်းရည်နှင့် စရိုက်လက္ခဏာများကြောင့်
ယန်ယဲ့က အနာဂတ်တွင်
အဆင့်မြင့်ပညာရှင်တစ်ဦးဖြစ်လာမည်မှာမလွဲဧကန်ပင်။

ယခုမူ ဂိုဏ်းက ထိုကဲ့သို့သော အနာဂတ်ပညာရှင်ကို
စွန့်လွှတ်ရုံသာမက၊ သူ့ကို လုပ်ကြံရန်ပင် ကြံစည်ခဲ့၏။

"ဆေဘာဓားဂိုဏ်းရဲ့အဆင့်မြင့်အာဏာပိုင်တွေ! သူတို့ရဲ့ ခေါင်းကို မြင်းကန်ခံလိုက်ရတာများလား?"

သို့သော် တွေးလေတွေးလေ မုယွန်ယောင်၏ အမူအရာက အလွန်စိတ်ရှုပ်ထွေးဟန်များသာပြည့်နှက်သွားသည်။

......

တောင်၏အောက်ခြေ၌ ယန်ယဲ့က ညာလက်ကိုဆန့်ကာ တောင်ထိပ်ကို ညွှန်ပြလိုက်သည်။

သူ့ရှေ့မှ ရပ်နေသော လူငယ်ကျွမ်းကျင်သူ ၃၀၀ ကျော်ကို တစ်ချက်စိုက်ကြည့်လိုက်ရင်း "မင်းတို့အားလုံး

ဒီတောင်ကိုဖြတ်သွားနိုင်တာနဲ့ တောင်ပိုင်း နယ်မြေထဲကို ပြန်ရောက်လိမ့်မယ်။

သွားကြ....

အားလုံး တောင်ပိုင်းနယ်မြေကိုပြန်သွားဖို့ ပျံသန်းနိုင်တဲ့ အမှောင်မှော်သားရဲကို ငါအသုံးပြုပေးနိုင်တယ်။

ဒါပေမယ့် ငါအဲဒါကို မလုပ်ခဲ့ဘူး။ အားလုံးသိကြလား ဘာလို့လဲ?"

လူတိုင်း ခေါင်းကိုသာခါယမ်းလိုက်ကြသည်။

ယန်ယဲ့က ဆက်ပြောလိုက်၏။ "ဘာကြောင့်လဲဆိုတော့ ငါက မင်းတို့အားလုံးကို နတ်ဆိုးနယ်မြေ၊ ငရဲတစ္ဆေနယ်မြေ အပါအဝင် လူတိုင်း ရှေးဟောင်းဒိုမိန်းမြို့မှာအေးအေးဆေးဆေးနေနိုင်တာနဲ့

ပုန်းကွယ်နေသောနဂါးစေတီမှာ
လေ့ကျင့်နိုင်တယ်ဆိုတာကို သက်သေပြချင်လို့ပဲ။

မှန်တယ်၊ ဒီအရာတွေအားလုံးရဲ့နောက်ကွယ်မှာတော့
ငါ့မှာ တစ်ခုတည်းသော ရည်ရွယ်ချက်တစ်ခုပဲရှိတယ်။

မင်းတို့ထဲက အနည်းငယ်ဟာ တောင်ပိုင်းနယ်မြေကို
ပြန်ရောက်တဲ့အခါ ငါ့အမေကို
အစွမ်းကုန်ကူညီပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

တစ်ခုရှိတယ်......,

မင်းတို့အားလုံး ပြန်လာပြီးတာနဲ့ အားလုံးကို
ပုန်းကွယ်နေသောနဂါးစေတီထဲမှာသေချာပေါက်နေရာရ
စေမယ်လို့ ငါယန်ယွဲ့ကတိပေးနိုင်တယ်။

ဒါပေမယ့် မင်းတို့အားလုံး ပြန်မလာရင်တော့ ငါ ဘာမှလုပ်လို့မရဘူး။

အားလုံးက ဒီပုန်းကွယ်နေသောနဂါးစေတီထဲကို ဝင်ပြီး ကံကြမ္မာစွမ်းအားအတွက် တိုက်ပွဲဝင်ဖို့ အခွင့်အရေးကို လွယ်လွယ်နဲ့ စွန့်လွှတ်မှာမဟုတ်ဘူးလို့ ငါထင်ပါတယ်။”

ထိုအချိန်၌ လူငယ်တစ်ဦးက ရှေ့သို့ တိုးလာပြီး အသံတိုးတိုးဖြင့် ပြောလိုက်သည်။ "ယန်ယွဲ့၊ မင်းတကယ်ပြောတာလား?"

ယန်ယွဲ့က ဤလူငယ်ကို မှတ်မိလိုက်သည်၊ သူက ကျန်းယူ ဟုခေါ်သောလူငယ်ဖြစ်ပြီးသူ့အဒေါ်က ပန်းနန်းတော်၏ အကြီးအကဲတစ်ဦးဟုပြောခဲ့သူပင်။

ယန်ယွဲ့ က ခေါင်းညိတ်ပြပြီး "ဟုတ်ပါတယ်၊ ငါယန်ယွဲ့က ငါ့စကားကို တည်တယ်။ မင်းတို့အားလုံး ကတိတွေ ပြည့်စုံသရွေ့ပြန်လာတာနဲ့ ပုန်းကွယ်နေသောနဂါးစေတီထဲကိုသေချာပေါက် ပို့ဆောင်ပေးမယ်!"

ကျန်းယုက အသက်ပြင်းပြင်းရှူလိုက်ပြီး "မူလက ဒီတစ်ခေါက်ပြန်ရောက်ပြီးတာနဲ့ တောင်ပိုင်းနယ်မြေမှာပဲနေဖို့ ရည်ရွယ်ထားတာ။ ရှေးဟောင်းစစ်မြေပြင်ကို ပြန်ရောက်ရင် ဘယ်အချိန်သေရမယ်ဆိုတာ မသိတာကြောင့်လေ။ ဒါပေမယ့် မင်းရဲ့စကားတွေက ငါ့ကို စိတ်ကို လုံးလုံးပြောင်းစေတယ်။ ယန်ယွဲ့! အမှန်တိုင်းပြောရရင်

မင်းကရက်စက်လွန်းပြီး မျက်တောင်မခတ်ဘဲ
သတ်ဖြတ်တတ်လို့
မင်းနဲ့မပတ်သက်ချင်ခဲ့ဘူး။
မင်းနောက်ကိုလိုက်တဲ့အခါ
ငါ့အတွက်အန္တရာယ်ရှိနေတယ်လို့ ခံစားရတယ်။

ဒါပေမယ့် မင်းအကူအညီကြောင့် မျိုးနွယ်ခြားသုံးခုက
အပေါင်းအပါတွေကိုသတ်နိုင်လိုက်တာက
အတော်လေးကျေနပ်ဖို့ကောင်းတယ်ဆိုတာတော့ဝန်ခံချ
င်တယ်။

ရှေးဟောင်းဒိုမိန်းမြို့မှာ တစ်စုံတစ်ယောက်က ငါတို့ကို
အနိုင်ကျင့်ဖိနှိပ်ခံရတာကနေကာကွယ်ပေးနိုင်ပြီး
ပုန်းကွယ်နေသောနဂါးစေတီထဲကို

ဦးဆောင်ခေါ်သွားနိုင်ရင်

အဲ့ဒီလူကမင်းတစ်ယောက်ပဲဖြစ်နိုင်တယ်။

ဒီလိုဆိုမှတော့ ငါကျွန်းယုက မင်းနဲ့အတူ အားလုံးကို

ပေးဆပ်မယ်လို့ ဆုံးဖြတ်လိုက်တယ်!”

တစ်ချိန်တည်းမှာပင် အခြားလူငယ်များသည်လည်း

ရှေ့သို့တစ်ပြိုင်နက်တည်း တိုးလာကြသည်။

"မှန်တယ်!

ငါလည်း ဒီလိုပဲလုပ်ဖို့ ဆုံးဖြတ်ပြီးပြီ!"

“ဟုတ်တယ်၊ ငါတို့က သူတို့အားလုံးကို

ပြန်ပေးလိုက်ရအောင်။

ဒီလိုမှမဟုတ်ရင် ဒီအတိုင်းထားခဲ့ရတာ တကယ်ကို ဆိုးရွားလွန်းတယ်။

ယန်ယွဲ့နဲ့အတူပူးပေါင်းရင်း သေသွားရင်တောင် ပုန်းကွယ်နေသောနဂါးစေတီထဲကို ဝင်ကြည့်ချင်တယ်!”

"လုပ်လိုက်ကြရအောင်!"

“လုပ်ပါ!”

ယန်ယွဲ့သည် သူ့ရှေ့မှ လူငယ်အားလုံးကို စိုက်ကြည့်ရင်း ရင်ထဲတွင် ထူးဆန်းသော ခံစားချက်တစ်ခု ပေါ်လာခဲ့သည်။

သူသည် ထိုကဲ့သို့ခံစားချက်မျိုးကို အတိတ်၌
တစ်ခါမှ မခံစားဖူးပေ၊ ထို့ကြောင့် လက်ရှိ
သူခံစားမိသောအရာများကို အတိအကျ
မဆုံးဖြတ်နိုင်ခဲ့ပါ။

ယန်ယဲ့က ခေါင်းယမ်းလိုက်ပြီး သူ့နှလုံးသားထဲက
ခံစားချက်ကို ဖယ်ထုတ်လိုက်ကာ "ငါ ယန်ယဲ့က
ငါ့စကားကို အတိအကျလိုက်နာတယ်။
မင်းတို့အားလုံး ကတိတွေ ပြည့်စုံနေသမျှ
ငါမင်းတို့အားလုံးကို
ပုန်းကွယ်နေသောနဂါးစေတီထဲသေချာပေါက်
ခေါ်သွားမယ်။”

.

“သူတို့ကို ပုန်းကွယ်နေသောနဂါးစေတီထဲကို ခေါ်သွားမှာလား? ဘယ်လောက်ထိ ပြင်းထန်တဲ့ စိတ်ခံစားချက်တွေလဲ?"

ထိုအခိုက်အတန့်တွင် နတ်မျိုးနွယ်မှ လူငယ် ၁၀၀ နီးပါးနှင့် ငရဲတစ္ဆေမျိုးနွယ်ဝင် ၅၀ ကျော်က ရုတ်တရက် ထွက်ပေါ်လာကြသည်။

အဖွဲ့ကိုခေါင်းဆောင်လာသော နတ်ဆိုးမျိုးနွယ်၏ လူငယ်က ယန်ယွဲ့အား စိုက်ကြည့်နေရင်း မျက်လုံးထဲ၌ သတ်ဖြတ်ချင်စိတ်များ တဖျပ်ဖျပ်တောက်ပနေခဲ့သည်။

ယန်ယွဲ့၏နောက်မှ လူငယ် ၃၀၀ ကျော်က မျိုးနွယ်ခြားအုပ်စုကိုမြင်သောအခါခြေလှမ်းအနည်းငယ် နောက်ပြန်ဆုတ်သွားကြသည်။

နတ်ဆိုးမျိုးနွယ် နှင့်
ငရဲတစ္ဆေမျိုးနွယ်တို့ကအဖွဲ့ဝင်အနည်းငယ်သာရောက်
လာပါက

သဘာဝအတိုင်း ကြောက်လန့်နေမည်မဟုတ်ပေ။

သို့သော် နတ်ဆိုးမျိုးနွယ်မှ လူငယ်ကျွမ်းကျင်သူ (၁၀၀)
နီးပါး အပြင် ငရဲတစ္ဆေမျိုးနွယ်မှ (၅၀) ကျော်ခန့်
ပါဝင်နေခဲ့၏။

လက်ရှိတွင်
လူသားကျွမ်းကျင်သူအရေအတွက်ကများစွာသာလွန်နေ
သော်ငြား ၎င်းတို့၏ "ပင်ကိုယ်စွမ်းအား"နှင့် နှိုင်းယှဉ်၍
မရပေ။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၅၄ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၅၄)] –မင်းတို့ သတ္တိရှိသလား

"ယန်ယဲ့!" ခေါင်းဆောင်လူငယ်က ယန်ယဲ့ကို စူးစိုက်ကြည့်ကာ " မကြာသေးမီက

ငါ့နတ်ဆိုးမျိုးနွယ်ဝင်တွေကို သတ်ခဲ့သူက
မင်းမဟုတ်လား?"

ယန်ယဲ့က လူငယ်ကို ပြန်မဖြေ။

သူ့နောက်မှ လူသားကျွမ်းကျင်သူများကိုလှည့်ကြည့်ကာ
ရှေ့မှ ရန်သူအုပ်စုကို လက်ညှိုးထိုးပြကာ
“ဘာလဲ။ မင်းတို့အားလုံးကြောက်နေကြသလား?"

လူတိုင်း နှုတ်ဆိတ်နေကြသည်!

ယန်ယဲ့က တဟားဟားရယ်လိုက်ပြီး အသံတိုးတိုးလေးနဲ့
"လူတိုင်းက အားနည်းသူအဖြစ်ကနေ စတင်ပြီး
အဆင့်မြင့်ပညာရှင်တစ်ဦးအဖြစ်
ပြောင်းလဲသွားတဲ့အတွက် အားနည်းနေလို့မရဘူး။

ဒါပေမယ့် ငါတို့ရဲ့နှလုံးသားတွေကပျော့ညံ့နေလို့မရဘူး။ ငါတို့ရဲ့နှလုံးသားတွေသာပျော့ညံ့နေရင် လူလို့ မသတ်မှတ်နိုင်တော့ဘဲ အမှိုက်တွေလို့သာ သတ်မှတ်သင့်တယ်။

မင်းတို့အားလုံး သိုင်းတာအိုမှာ လေ့ကျင့်နေကြပေမယ့် ရန်သူတွေနဲ့ ရင်ဆိုင်ရတဲ့အခါ တိုက်ခိုက်ဖို့တောင် မဝံ့ရဲကြဘူး။

အားလုံးကို မေးပါရစေ၊ ကိုယ့်ရဲ့စိတ်နတ်ဆိုးကိုတောင် မဖယ်ရှားနိုင်ရင် သိုင်းတာအိုရဲ့အထွတ်အထိပ်ကို ဘယ်လိုရောက်နိုင်မလဲ။"

ဒီစကားကိုကြားလိုက်တဲ့အခါ အားလုံး ရှက်ရွံ့သွားကြသည်။

ထို့နောက် ယန်ယဲ့က ဆက်ပြောလိုက်၏

။ “တကယ်တော့ သူတို့က မင်းတို့အားလုံး

ထင်သလောက် မသန်မာဘူး။

အလားတူပဲ မင်းတို့အားလုံးက စိတ်ကူးထားသလောက်

မပျော့ညံ့ကြဘူးလေ။

သူတို့က လူသားတွေကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ရတဲ့

အကြောင်းရင်းက မင်းတို့အားလုံး စည်းလုံးမှုမရှိလို့ပဲ။

မင်းတို့အားလုံး အသက်ရှင်ဖို့အတွက် သေခြင်းတရားကို

ရင်ဆိုင်ဝံ့ကြပေမယ့်၊ ဒီခဏလေးမှာ မင်းတို့အားလုံး

သေတဲ့အထိ တိုက်ပွဲဝင်ဖို့ မစဉ်းစားဘဲ ဘယ်လို

ထွက်ပြေးရမလဲဆိုတာကိုပဲ စဉ်းစားနေကြတယ်!”

လူတိုင်း
တိတ်ဆိတ်နေကာပို၍ပင်ရှက်ရွံ့သွားကြလေသည်။

ယန်ယဲ့သည် ၎င်းတို့အား ပြောင်ပြောင်တင်းတင်း
လျစ်လျူရှုထားသောကြောင့် နတ်ဆိုးမျိုးနွယ်နှင့်
ငရဲတစ္ဆေမျိုးနွယ်ဝင်များ၏ အမူအရာက
သိပ်မကောင်းခဲ့ပေ။

သို့သော်လည်း ယန်ယဲ့က ၎င်းတို့အား
လျစ်လျူရှုထားဆဲဖြစ်သည်။

ရုတ်တရက် သူ့လက်ဝါးကို လှန်လိုက်ရာ လက်ထဲတွင်
မြေကမ္ဘာအဆင့်မြင့်ဓားတစ်ချောင်း ပေါ်လာသည်။

ထို့နောက် သူ့ရှေ့မှ
မျိုးနွယ်ခြားအုပ်စုကိုညွှန်ပြရင်းလူသားကျွမ်းကျင်သူများ
ကိုပြန်ကြည့်ကာ ဆိုသည်။ “ကဲ၊ အခု မင်းတို့အားလုံး
ငါနဲ့ တိုက်ဝံ့ကြသလား?”

မုယွန်ယောင်သည်
လက်ထဲ၌ဓားတစ်ချောင်းကိုဆုပ်ကိုင်ရင်း
ယန်ယဲ့ဘေးနားသို့ဖြည်းညှင်းစွာ လျှောက်သွားလိုက်၏။

လူတိုင်း ခေတ္တတိတ်ဆိတ်နေပြီး၊ ထို့နောက်တွင်
လူသားကျွမ်းကျင်သူတစ်ဦးက ရုတ်တရက် ရှေ့သို့
လှမ်းတက်လာပြီး
“ငါ! ငါဘာလို့အဲ့လိုမလုပ်ဝံ့ရမှာလဲ။ ပိုပြီးဆိုးရွားတဲ့အ
ခြေအနေဆိုရင်တောင် သေခြင်းပဲ။

သတ်ပစ်ကြ! ဒီမျိုးနွယ်ခြားတွေအားလုံးကို
သတ်ပစ်ပါ။ သူတို့ကို
တစ်ယောက်မကျန်သတ်ပစ်လိုက်ရအောင်!"

"မှန်တယ်....၊ ငါလည်း
လုပ်ဝံ့တယ်! သတ်ပစ်! ငါ့အရင်တုန်းက သိပ်ကို
အရှက်မဲ့ခဲ့တာ။တောင်ပိုင်းနယ်မြေရဲ့
ကျွမ်းကျင်သူတွေကိုဘာကြောင့်
အနိုင်ကျင့်ခံရမှာလည်း။
သေစမ်း! ပိုဆိုးလာရင်တောင် သေခြင်းပဲ!”

"သတ်! သူရဲဘောကြောင်တဲ့လူလို
အသက်ရှင်ရတာထက် သေရတာက ပိုကောင်းတယ်။
အားလုံးကို သတ်ပစ်ကြ!”

ယန်ယဲ့သည် ဤမြင်ကွင်းကိုမြင်သောအခါ ပြုံးလိုက်ပြီး နတ်ဆိုးမျိုးနွယ်နှင့် ငရဲတစ္ဆေ မျိုးနွယ်အုပ်စုကို လှည့်ကြည့်လိုက်သည်။ “အခု ငါတို့ အသက်ရှူသံတွေ ဖြုန်းနေသေးသလား?”

နတ်ဆိုးမျိုးနွယ်နှင့် ငရဲတစ္ဆေမျိုးနွယ်ဝင်များက လူသားကျွမ်းကျင်သူ ၃၀၀ ထံမှ ထွက်ပေါ်လာသော သတ်ဖြတ်ချင်းအရှိန်အဝါကိုမြင်သောအခါ မျက်နှာများ သိသိသာသာလေးနက်သွားကြသည်။

အတိတ်ကာလ၌ လူသားကျွမ်းကျင်သူများက အမြဲလိုလိုကြောက်ရွံ့ပြီး သူတို့၏လက်ထဲကနေလွတ်မြောက်အောင် ထွက်ပြေးခဲ့ကြသော်။

အချို့က တိုက်ခိုက်ဝံ့သော်လည်း ဗဟိုနယ်မြေရှိ အဆင့် ၉ မဟာဂိုဏ်းကြီးတစ်ခုခု၏ တပည့်များသာ မကြောက်မလန့်ခံချကြသည်။

ထို့အပြင် ၎င်းတို့က အရေအတွက်များထက် အကြွင်းမဲ့စွမ်းအားကို ပိုင်ဆိုင်ထားခြင်းကြောင့်ပင်။

အခုအချိန်မှာတော့ တောင်ပိုင်းနယ်မြေ၏ လူသားကျွမ်းကျင်သူများက သူတို့ရှေ့၌ တိုက်ရိုက်ရပ်တည်နေပြီး သတ်ဖြတ်ချင်စိတ်များပင် ရည်ရွယ်ချက်ရှိရှိထုတ်ဖော်လာကြသည်။

"တောင်ပိုင်းနယ်မြေရဲ့လူသားကျွမ်းကျင်သူတွေက ဘယ်ကနေဘယ်လို သတ္တိတွေရှိကုန်တာလဲ?"

အုပ်စုကို ဦးဆောင်နေသည့် နတ်ဆိုးမျိုးနွယ်မှလူငယ်က သူ့မျက်နှာတွင် မမြင်နိုင်သော အမူအရာများ ရှိနေသော်လည်း အဆုံးတွင် တိုက်ခိုက်ရန် မရွေးချယ်ခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် သူသည် ရှေးဟောင်းဒိုမိန်းမြို့အပြင်ဖက်မှ ယန်ယဲ့ နှင့် တိုက်ပွဲကို ကိုယ်တိုင်တွေ့မြင်ခဲ့ရသောကြောင့်ပါ။

ယန်ယဲ့က မိုခေး နှင့်မယှဉ်နိုင်သေးသော်ငြား သူ့ကိုတော့ သေချာပေါက်သတ်ပစ်နိုင်ပေသည်။

ထို့အပြင် ယန်ယဲ့၏ ဘေးနား၌
အလွန်လျှို့ဝှက်ဆန်းကြယ်သော
အမှောင်မှော်သားရဲတစ်ကောင်လည်းရှိနေသေးသည်။

အကယ်၍ ထိုလျှို့ဝှက်ဆန်းကြယ်သော
အမှောင်မှော်သားရဲသာ
ထပ်မံပါဝင်လာပါကသူ့အနေဖြင့်
ပြန်လည်မွေးဖွားရန်ပင်အခွင့်အရေးမရှိနိုင်ပေ။

"ဒါပေမယ့် ငါတို့က ယန်ယဲ့ဦးဆောင်တဲ့အဖွဲ့ကို မတိုက်ရင် ငါ့ရဲ့နတ်ဆိုးမျိုးနွယ်ညီအစ်ကိုတွေနဲ့ နတ်ဆိုးမျိုးနွယ်ရဲ့ဂုဏ်သတင်းကို ထိခိုက်စေ...."

သူစိတ်ရှုပ်သွားချိန်မှာတော့ ယန်ယဲ့၏
အေးစက်စက်အသံက
ရုတ်တရက်ထွက်ပေါ်လာသည်ကို
ကြားလိုက်ရလေသည်။ "တစ်ယောက်မှချန်မထားနဲ့,
အားလုံးကိုသတ်ပစ်လိုက်!"

စကားဆုံးသည်နှင့်တစ်ပြိုင်နက် ယန်ယဲ့၏ပုံရိပ်က
တဖျပ်ဖျပ်တောက်ပလာလာပြီးနောက်
နတ်ဆိုးမျိုးနွယ်ကို
ဦးဆောင်လာသောလူငယ်ထံသို့ခုန်ဝင်သွားပါသည်။

သူ့စိတ်ထဲ၌
မျိုးနွယ်ခြားအဖွဲ့ဝင်များကိုလုံးဝအထင်အမြင်ကောင်းမ
ရှိပေ။

ထို့ကြောင့် သူသည် ၎င်းတို့ကို
သတ်ဖြတ်သည်နှင့်တစ်ပြိုင်နက် ဘာသနားကြင်နာမှုမှ
မပြခဲ့ချေ။
မည်သို့ပင်ဆိုစေကာမူ သူနှင့် မျိုးနွယ်ခြားသုံးခုကြား၌
မပြေနိုင်သော ရန်ငြိုးရှိထားခဲ့ပြီဖြစ်သည်။

မျိုးနွယ်ခြားသုံးခုက သူနှင့်ခရမ်းရောင်မင့်ခ်ကလေးငို
ရှေးဟောင်းဒိုမိန်းမြို့အပြင်ဖက်၌
မည်သို့ ဆက်ဆံခဲ့သည်ကို ရှင်းရှင်းလင်းလင်း
မှတ်မိခဲ့သည်။

အခုအချိန်တွင် ဒီမျိုးနွယ်ခြားအဖွဲ့ဝင်များက
၎င်းတို့၏အသက်ကိုပေးအပ်ရန်ရောက်ရှိလာသော
ကြောင့် သူက အတော်လေးကိုဝမ်းသာသွားမိသည်။

သို့ဖြစ်ပေရာ၊ ဘာအတွက်နှင့် "သွေးယဇ်ပူဇော်ခြင်း"ကို ငြင်းပယ်ရမည်နည်း။

ယန်ယဲ့၏စကားကိုကြားပြီးနောက် သူ့နောက်တွင်ရပ်နေသော လူသားကျွမ်းကျင်သူအားလုံး ချက်ချင်းဆိုသလို တုံ့ပြန်လိုက်ကြသည်။

အားလုံးက ၎င်းတို့၏ အမှောင်ရတနာလက်နက်များကို ကိုယ်စီဆွဲထုတ်ကာ မျိုးနွယ်ခြားအဖွဲ့ဝင်များထံသို့ တရကြမ်းပြေးဝင်သွားကြတော့သည်။

တစ်ချိန်တည်းမှာပဲ အစုလိုက်အပြုံလိုက်သွေးချောင်းစီးသတ်ဖြတ်ပွဲကြီးစ တင်ခဲ့၏။

လူသားကျွမ်းကျင်သူများက ပထမဆုံးအကြိမ်
အကြောက်အလန့်မရှိတိုက်ခိုက်လာသည်ကိုမြင်သောအ
ခါ မျိုးနွယ်ခြားအဖွဲ့ဝင်များအားလုံး ချက်ချင်းပင်
ဒေါသကြီးဖြစ်သွားကြ၏။

အတိတ်ကာလ၌ လူသားကျွမ်းကျင်သူများနှင့်တွေ့ပါက
ကြောင်တစ်ကောင်ကိုမြင်လိုက်ရသောကြွက်များလို
ပင်။

သို့သော် အခုချိန်မှာတော့ လူသားပုရွက်ဆိတ်များက
သူတို့ကို ကြောက်လန့်ခြင်းမရှိရုံသာမက၊
တစ်ယောက်မကျန်သတ်ဖြတ်ပစ်ရန်ပင်ကြံစည်နေကြ
သည်။

"လူသားပုရွက်ဆိတ်တွေက ငရဲတစ္ဆေမျိုးနွယ် နဲ့ နတ်ဆိုးမျိုးနွယ် ရဲ့ ဂုဏ်သိက္ခာကို ဘယ်လို စော်ကားနိုင်မှာလဲ?"

ထို့နောက် မျိုးနွယ်ခြားအဖွဲ့ဝင်များကလည်း အမှောင်ရတနာလက်နက်များကိုထုတ်ယူလိုက်ကာ ယန်ယွဲ့ဦးဆောင်သောလူသားကျွမ်းကျင်သူအုပ်စုကို တန်ပြန်တိုက်ခိုက်လိုက်ကြသည်။

ရွှမ်း..။

ယန်ယွဲ့သည် သူ၏လက်ထဲမှ မြေကမ္ဘာအဆင့်မြင့်ဓားကို စစ်မြေပြင်သို့ လျင်မြန်စွာ ပိုင်းချလိုက်သည်။

အဆင့် ၆ အထွတ်အထိပ် သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ နှင့် ခရမ်းရောင်စုံချီစွမ်းအင်၏ မြှင့်တင်ပေးမှုကြောင့်

မြေကမ္ဘာအဆင့်မြင့်စားကတစ်ချက်လှဲ့ယမ်းလိုက်တိုင်း
မျိုးနွယ်ခြားအဖွဲ့ဝင်တစ်ဦးကို သတ်ဖြတ်ပြီးဖြစ်သည်။

ယန်ယဲ့က မျိုးနွယ်ခြားအဖွဲ့ဝင်များကိုစိတ်ရှိလက်ရှိ
သတ်ဖြတ်နေသည်ကို တွေ့လိုက်သောအခါ
လူသားကျွမ်းကျင်သူ၏ သွေးများ ဆူပွက်လာကြသည်။

ဤအခိုက်အတန့်၌ လူတိုင်းက သူတို့စိတ်ထဲ၌
အတွေးတစ်ခု ထွက်ပေါ်လာခဲ့၏။ "ယန်ယဲ့ပြောသလိုပဲ -
မျိုးနွယ်ခြားအဖွဲ့ဝင်တွေက ထင်သလောက်
မသန်မာပါဘူး။"

ဤအချက်ကို တွေးမိလိုက်သောအခါ
လူသားကျွမ်းကျင်သူများက

စိတ်ဓာတ်များတဟုန်ထိုးမြင့်တက်လာကြပြီး
မျိုးနွယ်ခြားအဖွဲ့ဝင်များကို တရကြမ်းလေး
တိုက်ခိုက်လိုက်ကြသည်။

ဂျိန်း....ဘန်း....ဘန်း

တစ်ချိန်တည်းမှာပဲ ပေါက်ကွဲသံများက မိုးချိန်းသံကဲ့သို့
အဆက်မပြတ်ကျယ်လောင်လာခဲ့၏။

လူသားကျွမ်းကျင်သူများက တစ်ဦးချင်းစီယှဉ်လျှင်
မျိုးနွယ်ခြားအဖွဲ့ဝင်များထက်နိမ့်ကျသော်ငြား
အရေအတွက်နှစ်ဆသာလွန်သည်ဟူသော
အားသာချက်တစ်ခုရှိနေခဲ့ခြင်းပင်။

ထို့အပြင် သူတို့ကိုဦးဆောင်နေသူက ယန်ယဲ့ပါ။

ယန်ယဲ့သည်
ရန်သူအချို့ကိုပစ်မှတ်ထားသတ်ဖြတ်ပြီးနောက်
မျိုးနွယ်ခြားအဖွဲ့ဝင်များထံမှ
ရင်ဆိုင်ရအခက်ခဲဆုံးလူအဖြစ်သတ်မှတ်ခံထားရသည်။

ထို့ကြောင့်
တိုက်ပွဲစတင်ချိန်ကတည်းကလူသားကျွမ်းကျင်သူများ
ဟာ ယန်ယဲ့၏ လွှမ်းမိုးနိုင်စွမ်းရှိသော
ဦးဆောင်မှုအောက်၌ တဖြည်းဖြည်း
အသာစီးရလာခဲ့သည်။

အချိန်ကြာလာသည်နှင့်တစ်ပြိုင်နက်
လူသားကျွမ်းကျင်သူအားလုံး
၎င်းတို့၏နှလုံးသားထဲမှစုဆောင်းထားသော
နာကြည်းမှုကို တွန်းထုတ်လိုပုံဖြင့် တိုက်ပွဲကို
တရကြမ်းတိုက်ခိုက်လာခဲ့ကြသည်။

ဆန့်ကျင်ဖက်အားဖြင့် လူသားကျွမ်းကျင်သူများထံမှ
ရက်စက်ကြမ်းကြုတ်သောတိုက်ခိုက်လာမှုကြောင့်
မျိုးနွယ်ခြားအဖွဲ့ဝင်များအားလုံး ကြောက်ရွံ့လာကြ၏။

ထိုအခြေအနေအတွက် ယန်ယဲ့၏ခွန်အားက
တကယ်ကို သန်မာနေသည်ထက်တခြားသင့်တော်သော
အကြောင်းပြချက် မရှိချေ။

အမှန်စင်စစ် မျိုးနွယ်ခြားသုံးခု၌
ထိပ်သီးပါရမီရှင်များကလွဲလို့
ယန်ယဲ့ကိုရင်ဆိုင်နိုင်သူတစ်စုံတစ်ဦးမျှမရှိပေ။

ထို့ကြောင့် ကံဆိုးစွာဖြင့် ယန်ယဲ့၏ ပစ်မှတ်ထားခံရပါက
အားလုံး တစ်ယောက်မကျန်သေဆုံးရမည်မှာမလွဲပါဘူး။

ထိုကဲ့သို့ဖြစ်နေသော်လည်း မျိုးနွယ်ခြားအဖွဲ့ဝင်များက
ထွက်ပြေးကြခြင်းမရှိပေ။
သူတို့၏အပေါင်းအဖော်များ
အဆက်မပြတ်သေဆုံးနေသည့်တိုင်ဆက်လက်တိုက်ခို
က်နေ၏။

နောက်ထပ် အချိန်တစ်နာရီနီးပါးကြာပြီးနောက် တိုက်ပွဲက ပြီးဆုံးသွားလေတော့သည်။

နေရာတစ်ခုလုံး သွေးမြစ်များစီးဆင်းနေကာ အလောင်းများက ပတ်ပတ်လည်ကို ဖုံးလွှမ်းသွားသည်။

မျိုးနွယ်ခြားအဖွဲ့ဝင်များဖက်မှ အဖွဲ့ဝင်တစ်ဦးတည်းသာ ကျန်ရှိသော်ငြား လူသားကျွမ်းကျင်သူ (၃၀၀) တွင် (၁၀၀) အောက်သာ ကျန်ရှိတော့သည် ။

ထို့အပြင် ကျန်ရှိနေသောမျိုးနွယ်ခြားအဖွဲ့ဝင်က လက်နှစ်ဖက်စလုံး ဖြတ်တောက်ခံထားရ၏။

၎င်းက အလွန်ဆိုးရွားသောအ
ခြေအနေနှင့်ရင်ဆိုင်နေရသည့်တိုင်
ကြောက်ရွံ့မှုအရိပ်အယောင်ပင် မရှိခဲ့ပေ။
လူသားကျွမ်းကျင်သူများကိုသာတည့်တည့်စိုက်ကြည့်
နေခဲ့၏။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၅၅ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၅၅)] –လုယက်မှုများကို ခွဲဝေပေးခြင်း

"ဘာလဲ? မင်းတို့အားလုံး ငါ့ကို သနားပေးဖို့တောင်းပန်စေချင်တာလား?" သူက ရှုံးသွပ်နေသော အမူအရာနဲ့ "မင်းတို့လို လူသားပုရွက်ဆိတ်တွေဆီက ကရုဏာကို တောင်းရမှာလား။ ငါ...." ဒီအချိန်မှာပဲ ခရမ်းရောင်ဓားကြိုးတစ်ချောင်း တောက်ပလာပြီး သူ့အသံက ရုတ်တရက် ရပ်သွား၏။

ယန်ယွဲ့က သူ့ဓားကိုပြန်သိမ်းလိုက်ပြီး မျိုးနွယ်ခြားအဖွဲ့ဝင်များ၏ အလောင်းများကို ကြည့်လိုက်သည်။

၎င်းတို့အားလုံးက ရန်သူများဖြစ်ပေမဲ့လည်း
စိတ်ဓာတ်က လေးစားဖွယ်ရာအတိပင်။

အစောပိုင်းကတိုက်ပွဲ၌ လက်နက်ချအရှုံးပေးရန်(သို့)
သူတို့၏မျိုးနွယ်တူများကိုစွန့်ပယ်ပြီးထွက်ပြေးရန်
ရွေးချယ်ကြခြင်းမရှိလို့ပါပဲ။

သို့သော် ကံဆိုးစွာဖြင့် နောက်ဆုံးတော့ သူတို့က
တစ်ဖက်နှင့်တစ်ဖက် မဟာရန်သူများဖြစ်နေခဲ့၏။

ထို့ကြောင့် ၎င်းတို့ကို မည်မျှပင်လေးစားနေသော်ငြား
မဆိုင်းမတွ သတ်ဖြတ်လိုက်ရခြင်းပင်။

ခဏအကြာတွင် သူ့အတွေးကို ထိန်းကာ
ခေါင်းခါလိုက်ပြီး “အားလုံးပဲ လုယက်တာတွေ
သိမ်းလိုက်ကြ!”

ထိုစကားကိုကြားသောအခါ
လူတိုင်းဝမ်းသာအားရဖြစ်သွားကြ၏။
ထို့နောက် တိုက်ပွဲအတွင်းမှ မျိုးနွယ်ခြားအဖွဲ့ဝင်များ၏
သိုလှောင်လက်စွပ်များကိုစတင်သိမ်းယူလိုက်ကြသည်။

အတိတ်ကာလတွင် မျိုးနွယ်ခြားအဖွဲ့ဝင်များကသာ
လူသားကျွမ်းကျင်သူများကိုထိုကဲ့သို့လုယက်ခဲ့၏။

အခုအချိန်တွင်တော့ တောင်ပိုင်းနယ်မြေ၏ လူသားကျွမ်းကျင်သူများလည်းလုပ်ဆောင်နိုင်ကြောင်း သက်သေပြခဲ့ပြီးဖြစ်သည်။

ဒီအချိန်မှာ လူတိုင်းက တွေးတောနေကြသည်။ "ဟဟ! ငါတို့တွေ ရှေးဟောင်းဒိုမိန်းမြို့ကို ပြန်ရောက်တာနဲ့ ကျန်တဲ့နယ်မြေကလူတွေ ရှေ့မှာလာပြီးမောက်မာရဲဦးမလား? ကြည့်လိုက်ရအောင်။"

၁၅ မိနစ်အချိန်အတွင်း လုယက်မှုများကို သိမ်းဆည်းလိုက်ကြပြီး သိုလှောင်လက်စွပ်များထဲမှ အရင်းအမြစ်များကိုမြင်လိုက်သောအခါ ယန်ယဲ့၏

မျက်ခွံများက တဆတ်ဆတ်တုန် တုန်လှုပ်သွားကာ သူ့နှလုံးခုန်သံများပင် မြန်ဆန်လာသည်…။

စုစုပေါင်း စွမ်းအင်ကျောက်တုံး ၂၃၀,၀၀၀၊ ကောင်းကင်အဆင့်နိမ့်ရတနာလက်နက်နှစ်ခု၊ မြေကမ္ဘာအဆင့်မြင့်ရတနာလက်နက် ၃၆ ခု၊ မြေကမ္ဘာအလယ်အလတ်အဆင့်ရတနာလက်နက် ၇၁ ခု၊ အဆင့်နိမ့်မြေကမ္ဘာအဆင့်ရတနာလက်နက် ၁၃၂ ခု နဲ့ မရေအတွက်နိုင်တဲ့ ဆန်းကြယ်အဆင့်ရတနာလက်နက်တွေ!

ဒီအမှောင်ရတနာလက်နက်တွေအပြင်ကိုမှ မြေကမ္ဘာအဆင့် တိုက်ခိုက်ရေးနည်းစနစ်တွေနဲ့ စွမ်းအားနည်းစနစ်အချို့လည်းရှိသေးတယ်။

ဘောပဲ! ငါကပဲ ကံဆိုးနေတာလား?
ဒီလောက်များပြားတဲ့လုယက်မှုတွေထဲမှာတောင်
ဓားနည်းစနစ်တစ်ခုမှမရှိဘူး!"

မှန်ပါသည်။ ယန်ယဲ့က
အကြည့်များကသိုလှောင်လက်စွပ်များထဲ၌
သဘာဝလွန်ရတနာအချို့ကိုပင်တွေ့လိုက်၏။

သူသည် အကြမ်းဖျင်း ခန့်မှန်းကြည့်လိုက်ရာ
၎င်းတို့က အနည်းဆုံး စွမ်းအင်ကျောက်တုံး ၂၀၀,၀၀၀
တန်သည်ဟု ဆုံးဖြတ်ခဲ့သည်။

စွမ်းအင်ကျောက်တုံး ၄၀၀,၀၀၀
နီးပါး... ယန်ယွဲ့၏နှလုံးသားက
ပြင်းထန်စွာတုန်ခါသွားလေတော့သည်။

ခဏကြာပြီးနောက် ယန်ယွဲ့က အသက်ပြင်းပြင်းရှူကာ
စိတ်လှုပ်ရှားမှုကို ထိန်းကာ အခြားသူများကို
စိုက်ကြည့်ရင်း "
ကောင်းကင်အဆင့်နိမ့်ရတနာလက်နက်၊
မြေကမ္ဘာအဆင့်မြင့်ရတနာလက်နက်တွေ နဲ့
မြေကမ္ဘာအဆင့်နိမ့်ရတနာလက်နက်တွေကို
ငါယူလိုက်မယ်။ ကျန်တဲ့အရာတွေအားလုံးကတော့
မင်းတို့အားလုံး ခွဲယူလိုက်ကြ။
မှန်ပါတယ်၊ ငါက မင်းတို့အားလုံးကို ဆုံးရှုံးနစ်နာအောင်
လုပ်မှာ မဟုတ်ဘူး။

အားလုံး တစ်ယောက်ချင်းစီကို

အဆင့်မြင့်နည်းစနစ်အဆောင် ၁၀ ခု နဲ့

ဒြပ်စင်ငါးမျိုးထဲက အဆင့်မြင့်အဆောင် အခု ၂၀

ပြန်ပေးမယ်။"

ခဏတာ ငြိမ်သက်သွားပြီးနောက် မုယွန်ယောင်က

စတင် ပြောဆိုလိုက်၏။

“ငါ့မှာ ကန့်ကွက်စရာ မရှိပါဘူး။ နင်သာ

ဒီထိပ်တန်းကျွမ်းကျင်သူတွေကို မသတ်ရင်

မျိုးနွယ်ခြားအဖွဲ့ဝင်တွေကို ငါတို့

အနိုင်ယူနိုင်မှာမဟုတ်ဘူး။

ဒါကြောင့် နင်ထပ်တောင်းရင်တောင်

ငါကန့်ကွက်စရာမရှိဘူး!"

"ငါ့မှာလည်း ကန့်ကွက်စရာမရှိဘူး!" တစ်ချိန်တည်းတွင်၊ နောက်ထပ် လူငယ်တစ်ဦးက ခိုင်မာသော ရှေ့တိုးလာကာ "ကျန်တဲ့အရာတွေ နဲ့ မင်းပေးတဲ့ ပစ္စည်းတွေကိုရောင်းချရင်တောင် စွမ်းအင်ကျောက်တုံး ၁၀၀,၀၀၀ လောက်ရှိတယ်။

ဒီကနေရလိုက်တဲ့ စွမ်းအင်ကျောက်တုံး ၂၃၀,၀၀၀ နဲ့ ဆိုရင် ငါတို့အားလုံးက တစ်ယောက်ကို အနည်းဆုံး စွမ်းအင်ကျောက်တုံး ၅,၀၀၀ လောက်ရမှာပဲ။

စွမ်းအင်ကျောက်တုံး ၅,၀၀၀ ဆိုတဲ့ ပမာဏက ငါတို့အတွက် သံသယမလိုအောင်ကို ကြီးမားတဲ့ကြွယ်ဝမှုဖြစ်နေပြီ။"

"ငါ့မှာ ကန့်ကွက်စရာမရှိဘူး!" နောက်ထပ် တစ်ဦးက ရှေ့ထွက်လာကာ "ရှေးဟောင်းဒိုမိန်းမြို့မှာ

တစ်လလောက်နေမှ စွမ်းအင်ကျောက်တုံး ၁၀၀ လောက်သာ ပေးရတာလေ! ဆန့်ကျင်ဖက်အနေနဲ့ မြို့ပြင်ကိုထွက်ရင် ကံကောင်းတဲ့အခါ စွမ်းအင်ကျောက်တုံး ရာဂဏန်းလောက် ရရနိုင်တယ်။

တကယ်လို့ ကံမကောင်းရင်တော့ မြို့ပြင်ကိုထွက်တာနဲ့ တန်းပြီးသေဆုံးသွားလိမ့်မယ်။ အခုတော့ ငါတို့မှာ စွမ်းအင်ကျောက်တုံး ၅,၀၀၀ ရှိနေပြီဆိုတော့ ရှေးဟောင်းဒိုမိန်းမြို့ထဲမှာ အေးအေးဆေးဆေးလေ့ကျင့်နိုင်ပြီ။

ဒါ့အပြင် ပုန်းကွယ်နေသောနဂါးစေတီဖွင့်မဲ့အချိန်ကို စောင့်မျှော်နေရုံပဲလေ! ဒီတော့ ငါလုံးဝကန့်ကွက်စရာမရှိဘူး!"

"ငါ့မှာလည်း ကန့်ကွက်စရာမရှိဘူး!"

"ငါလည်းပဲ!"

အားလုံးက ကန့်ကွက်သူမရှိကြောင်း
ထုတ်ဖော်လိုက်ကြသည်။

ယန်ယဲ့က ခေါင်းညိတ်ပြပြီး
သူပေးထားသောကတိအတိုင်း
ရတနာလက်နက်များကိုသိမ်းမယူခင်
ကောင်းကင်အဆင့်၊ မြေကမ္ဘာအဆင့်
ရတနာလက်နက်များကိုဖယ်ကာသိုလှောင်လက်စွပ်များ
ကို သူတို့လက်ထဲပေးအပ်လိုက်သည်။

အရင်းအမြစ်ပမာဏက အလွန်များပြားနေသော်ငြား အဆုံး၌သူတစ်ယောက်တည်းအတွက် သိမ်းယူရန်မရွေးချယ်ခဲ့ပေ။

သူက အတင်းအကြပ်လုပ်ဆောင်နိုင်သော်ငြား မလုပ်ခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် ဖြစ်နိုင်ပါက တစ်စုံတစ်ယောက်ဟာ ရန်သူတစ်ဦးထက်မိတ်ဆွေများများစားစားရှိနေခြင်းက ပို၍ကောင်းမွန်ပေသည်။

၎င်းတို့က အနည်းငယ်အားနည်းသော်လည်း၊ အများစုမှာ တောင်ပိုင်းနယ်မြေတွင် အားကောင်းသည့် ကျောထောက်နောက်ခံများကို ပိုင်ဆိုင်ထားကြသည်။

ထိုလူအားလုံးက အနာဂတ်၌ သူ့အတွက် သေချာပေါက် အထောက်အကူဖြစ်နိုင်ပါသည်။

ထို့ကြောင့် ယန်ယွဲ့သည် လူတိုင်းထံမှ အထင်ကြီးလေးစားမှုကိုရရှိရန် အကျိုးအမြတ်များကိုစတေးလိုက်ခြင်းပင်။

လုယက်မှုများကို ခွဲဝေပြီးနောက် လူငယ် ၁၀ ဦးကျော်က ယန်ယွဲ့ထံ လျှောက်လာကာ ဦးဆောင်သူ လူငယ်က "တောင်ပိုင်းနယ်မြေကို ပြန်ရောက်တာနဲ့ မင်းအမေကို ကူညီဖို့ ငါတို့မျိုးနွယ်စုတွေကို စည်းရုံးသိမ်းသွင်းဖို့ အစွမ်းကုန် ကြိုးစားမယ်။

မင်းရဲ့အမေကို ကယ်တင်ဖို့မဖြစ်နိုင်ပေမယ့် မင်းအမေရဲ့ဘဝကို ပိုကောင်းအောင်လုပ်တာက ပြဿနာမဟုတ်ဘူး!"

"ကျေးဇူးတင်ပါတယ်!" ယန်ယဲ့က လေးနက်သောလေသံဖြင့် ပြောလိုက်၏။

လူငယ်က ပြုံးပြီး "အဲဒါကို မပြောနဲ့။ ရှေးဟောင်းဒိုမိန်းမြို့ကိုပြန်ရောက်တဲ့အခါမင်းဘေးနား မှာဆက်ပြီးရှိနေနိုင်မယ်လို့ပဲမျှော်လင့်ပါတယ်။ အဲဒီအချိန်ကျရင် ငါတို့ရဲ့နိမ့်ကျတဲ့အင်အားတွေကြောင့် မင်း ငါတို့ကို မရှောင်ဘူးလို့ ငါမျှော်လင့်တယ်!"

ယန်ယွဲ့ကလည်း ပြုံးပြီးပြောလိုက်ပါသည်။
“ငါယန်ယွဲ့က ငါ့စကားကို
တည်တယ်။ မင်းတို့ပြန်လာတာနဲ့ အားလုံးကို
ပုန်းကွယ်နေသောနဂါးစေတီထဲ သေချာပေါက်
ခေါ်သွားမယ်။"

"ကောင်းပြီ!" လူငယ် ၁၀
ဦးကျော်ကတညီတညွတ်တည်း ပြောလိုရ်ကြပြီးနောက်
တောင်ပိုင်းနယ်မြေဆီသို့ ချက်ခြင်း
ပျံသန်းသွားကြသည်။

လူ ၁၀ ဦးကျော် သူ့အမြင်အာရုံထဲမှ
ပျောက်ကွယ်သွားသည်ကို ကြည့်ပြီးနောက်
ယန်ယွဲ့သည် အသက်ပြင်းပြင်းရှူကာ

တောင်ပိုင်းနယ်မြေမှ ကျန်ရှိသော လူငယ်များကို လှည့်ကြည့်လိုက်သည်။

“မင်းတို့အားလုံး အခု ရှေးဟောင်းဒိုမိန်းမြို့ကိုပဲ ပြန်သွားကြ။

အခုမှအချိန်ကစပြီး မြို့ထဲမှာပဲနေ! မြို့ပြင်သို့ မထွက်မိစေနဲ့။

မျိုးနွယ်ခြားသုံးခုနဲ့ အပေါင်းအပါတွေက ဒီကိစ္စကို ပြီးစလွယ်ထားမှာမဟုတ်ဘူး။”

သူသည်လည်း မျိုးနွယ်ခြားသုံးခုနှင့်ရင်ဆိုင်ရာတွင် အနည်းငယ် အကူအညီမဲ့နေခဲ့၏။

သူ၏လက်ရှိခွန်အားက
မျိုးနွယ်ခြားသုံးခုကိုထိပ်တိုက်ရင်ဆိုင်နိုင်စွမ်းမရှိသေး
ပေ။

သူ့နောက်မှ လူသားကျွမ်းကျင်သူများပါဝင်နေလျှင်ပင်
မျိုးနွယ်ခြားသုံးခုကိုရင်ဆိုင်ရန်မဖြစ်နိုင်ပါ။

တစ်ဖက်တွင် မိုခေး နှင့် ဟွင်းယုတို့၏ အကျင့်စရိုက်အရ
သေဆုံးသွားသောသူတို့၏အပေါင်းအပါများအတွက်လ
က်စားချေမည်မှာမလွဲပေ။

သူတစ်ယောက်တည်းသာဆိုပါက
၎င်းတို့ကိုကြောက်လန့်နေမည်မဟုတ်ချေ။

သို့သော်

လူသားကျွမ်းကျင်သူများသာသူနှင့်အတူရှိနေပါက

လွတ်လွတ်လပ်လပ် တိုက်ခိုက်ရန်မဖြစ်နိုင်ပေ။

ထို့ကြောင့် ၎င်းတို့ကို မြို့တွင်း၌ ပုန်းအောင်းနေခိုင်းပြီး

ပုန်းကွယ်နေသောနဂါးစေတီဖွင့်လှစ်မည့်အချိန်ကို

စောင့်ခိုင်းရုံမှတစပါး ရွေးချယ်စရာမရှိပေ။

အနည်းငယ်စိတ်မကောင်းဖြစ်မိသော်လည်း သူ့တွင်

အခြားရွေးချယ်စရာမရှိပါ။

ယန်ယဲ့၏ စကားကိုကြားလိုက်သောအခါ

လူသားကျွမ်းကျင်သူများ၏ မျက်နှာပေါ် ရှိ

အပြုံးများသည်

တဖြည်းဖြည်းပျောက်ကွယ်သွားခဲ့သည်။

အစောပိုင်းက သူတို့သည် တိုက်ပွဲနှင့် လုယက်မှုများအား စုဆောင်းပြီး တွေ့ကြုံခံစားခဲ့ရသော ပျော်ရွှင်မှုများဖြင့် ပြည့်နေသောကြောင့် မျိုးနွယ်ခြားသုံးခုကို လုံးလုံးလျားလျား စော်ကားခဲ့ကြောင်း မေ့လျော့သွားခဲ့သည်။

မိုခေး နှင့် ဟွင်းယု တို့ ပိုင်ဆိုင်ထားသော ကြောက်မက်ဖွယ်ရာစွမ်းအားများနှင့်ဆိုပါက......။

လူတိုင်းဒီအချက်ကို တွေးကြည့်ရုံနဲ့ သူတို့၏ အမူအရာများက တဖြည်းဖြည်း ပြောင်းလဲလာခဲ့ပါသည်။

ဒီအခြေအနေကို သတိပြုမိတဲ့အခါ ယန်ယဲ့ကမျက်မှောင်ကြုတ်ပြီး "သူတို့ကို ကြောက်နေစရာ မလိုပါဘူး။ မင်းတို့မြို့ကိုပြန်ရောက်တာနဲ့ သူတို့က ဘာမှလုပ်နိုင်မှာမဟုတ်ဘူး။အနာဂတ်ကျ တချို့လုပ်စရာတွေ ပြီးသွားတဲ့အခါ အားလုံးနဲ့ အဆက်အသွယ်ပြန်လုပ်ကြတာပေါ့။ အဲ့ဒီအချိန်ကျရင် ငါတို့က နောက်တစ်ခါထပ်ပူးပေါင်းပြီး မျိုးနွယ်ခြားသုံးခုကို လုယက်ကြဦးမယ်။"

"ကောင်းပြီ! အဲ့ဒီအချိန်ကျရင် ငါတို့ကဒီယုတ်မာတဲ့ကောင်တွေနဲ့နောက်တစ်ကြိမ်တိုက်ခိုက်ကြတာပေါ့။

အခုတော့..... ယန်ယဲ့! ငါတို့ မင်းကို ရှေးဟောင်းဒိုမိန်းမြို့မှာ စောင့်နေမယ်!”

"ရှေးဒိုမိန်းမြို့မှာ ငါတို့စောင့်နေမယ်!"

နှုတ်ဆက်အပြီးတွင် လူတိုင်း နောက်ပြန်လှည့်၍ ရှေးဟောင်းဒိုမိန်းမြို့ဆီသို့ ပြန်သွားကြတော့သည်။

နေရာတစ်ခုလုံး တိတ်ဆိတ်နေပြီး မုယွန်ယောင် နှင့် ယန်ယဲ့သာ ကျန်နေခဲ့၏။

"မင်းတစ်ခုခုလိုအပ်သလား?" ယန်ယဲ့ကသူ့ဘေးနားတွင် ရပ်နေသော နတ်ဆိုးမိန်းမပျိုကိုမေးလိုက်သည်။

မုယွန်ယောင်က ခေါင်းညိတ်လိုက်ပြီး “ယန်ယွဲ့! နင့်ရဲ့ ခွန်အားတွေ အချိန်တိုလေးအတွင်းမှာ ဒီလောက်ထိ ကြောက်စရာကောင်းလာလိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။
မျိုးနွယ်ခြားသုံးခုရဲ့
အဖွဲ့ဝင်တွေကတောင်နင့်ကို ကြောက်လန့်နေကြတယ်!”

ယန်ယွဲ့က အသာပြုံးလိုက်သည်။ "မင်း အဲ့လိုပြောရုံနဲ့တော့ နောက်မှာ ချန်နေခဲ့တာမဟုတ်ဘူးထင်တယ်!"

မုယွန်ယောင်က ခဏတာ လေးလေးနက်နက် စဉ်းစားပြီးနောက် ပြန်ပြောလာ၏။ "ယန့်ယွဲ့! နင် တစ်ချိန်က ဆေဘာဓားဂိုဏ်းရဲ့တပည့်ဖြစ်ခဲ့ဖူးတယ်။

နင် ... နိုင်မလား...။ ငါဆိုလိုတာက နင် ဆေးဘာဓားဂိုဏ်းကို ပြန်လာနိုင်မလား?"

"ဆေးဘာဓားဂိုဏ်းကို ပြန်လာရမလား?" ယန်ယဲ့က ခဏတော့ အံ့အားသင့်သွားပြီး ခေါင်းယမ်းကာ ရယ်မောလိုက်လေသည်။

“ငါ့ဘဝတစ်လျှောက်လုံး ဆေးဘာဓားဂိုဏ်းကိုပြန်လာဖို့ဆိုတာ မဖြစ်နိုင်တော့တဲ့အရာပဲ!”

ဆက်ရန်

##16